သွား–မြင်းသွားများသည်။ သခုအင်္ဂလိပ်စစ်ဘုရင်။ မြန်မာစစ်ဘုရင်တို့နှင့် နည်းတူပင်ဖြစ်ပေ၏။နယ်ရုပ်၏တက်နည်း။စားနည်းမှာလည်း။ ရှေ့တည့်တည့် တကွက်တက်၍။ရှေ့ဘက်သို့ထောင့်ဖြတ်လက်ဝဲ လက်ျာ။တကွက်ရှိအခြား အရုပ်များကိုစားနိုင်သည်။ ဤနည်း၌မြန်မာနှင့်ပင် နှုတ်ထူကြ၏။ ဟင်နှု“မှုး မတ်ကြီး–အမတ်ကြီး”နှင့်မြန်မာ“စစ်ကဲ”တို့သည်လည်း။အသွားခြင်း။ အစားခြင်းတူ၏။အင်္ဂလိပ်စစ်ဘုရင်၌။တကြိမ်တခါမျှ မတတ်မရွေ့ရသေးသော နယ်ရုပ်ကိုဘကွက်ဖြစ်စေ။နှစ်ကွက်ဖြစ်စေ။ သဘောရှိရာတက်ရွေ့နိုင်၏။ဘ ခါရွေ့ပြီးသောနယ်ကိုမူကား။ နောက်ထပ်ရွေ့လျှင် တကွက်သာတက်ရ၏။ စားသောအခါမှာမူကား။ဟင်နှု–မြန်မာစစ်ဘုရင်တို့နှင့်တူပေ၏။ မိဖုရား“မှုး မတ်ကြီး–စစ်ကဲ” ရုပ်ကိုအင်္ဂလိပ်စစ်ဘုရင်၌သခုအခါ။ တန်ခိုးများစွာပေး ထားကြသဖြင့်။ရထားသွား။ထောင့်ဖြတ်စစ်ကဲသွား။ အတားအဆီးမရှိလျှင်။ ရွေ့နိုင်သချွေ့ရ၏။ “အများဆုံးခုနစ်ကွက်သာရွေ့နိုင်၏”။ ဤနည်းအခုအင်္ဂ လိပ်စစ်ဘုရင်၌ပြုလုပ်သည်မှာ။နှစ်ပေါင်း၆၀ခန့်သာရှိသေးသည်။

စတုရင်ကျမ်း၌။ဆင်သွားသည်။ယခုမြန်မာစစ်ဘုရင်၌ ဆင်သွားပုံနှင့် အလျှင်းမတူချေ။ ထောင့်ဖြတ်တကွက်ကျော်သွားရ၏၊ မြန်မာစစ်ဘုရင်၌ရှု ကား။စစ်ကဲကဲ့သို့။ ထောင့်ဖြတ်လေးကွက်၌တကွက်စီဖြင်း။ ရှေ့တည့်တည့် ဦးလှည့်ရာဘို့။တကွက်တက်နိုင်စားနိုင်၏။အင်္ဂလိပ်စစ်ဘုရင်၌။“ဆင်”အစား ‘ဘစ်ရှော့”ဟုခေါ်သောအင်္ဂလိပ်ဂိုဏ်းအုပ်ဘုန်းကြီးရုပ်ကိုအစားသုံးပြုလျက်။ အတားအဆီးမရှိလျှင်။ထောင့်ဖြတ်ဖိုးနှံပေါက်။သွားနိုင်စားနိုင်၏။ အများဆုံး ခုနစ်ကွက်ဖြစ်၏။

အင်္ဂလိပ်စစ်ဘုရင်၌။ရထားနှင့်မင်းကြီးကြားကအရုပ်များကိုရွေ့သွား သဖြင့်။အကွက်များလပ်နေ၍။မင်းကြီးနှင့်ရထားများကိုလည်း တခါမျှမကိုင် မရွေ့ရသေးလျှင်။ “ကားဆလင်း”ဟုခေါ်သော။ အကွက်ပြောင်းနည်းတခု ဖြစ်ပေါ်လာ၏။“အနှစ် ၆၀ ခန့်ပင်ကြာလေပြီ”။မင်းကြီးရုပ်ကို ရထားဘက် သို့တကွက်ကျော်ရွေ့ရ၏။ငှင်းမင်းကြီးရုပ်ကျော်သွားသောအကွက်၌။ ရထား ကိုထားရ၏။မင်းကြီးကိုခွထားသော်ငှင်း။မင်းကြီး ကျော်သွားသောအကွက် နှင့်။မင်းကြီးရပ်ချထားမည့်အကွက်တို့သည်။ “ခွေကွက်” များဖြစ်ကြလျှင်။ အဓိပ္ပါယ်ကား။မိဖုရားလမ်း။ရထားလမ်း။မြင်းချက်။ဘစ်ရှော့လမ်း။ နယ်ဦးကျေ နေလျှင်။“ကားဆလင်း”မပြုမလုပ်မပြောင်းမရွှေ့ရချေ။

စတုရင်ကျမ်း၌။တဘက်ဘနယ်ရုပ်သည်။ အခြားဘက်ရှိအဆုံးကွက် သို့ရောက်သည်အခါမှ“မှုးမတ်ကြီး စစ်ကဲ”တင်ရ၏။ စစ်ကဲတလုံးရှိသော် လည်း။အလုံးများစွာနောက်ထပ်၍တင်နိုင်လျှင်တင်ခွင့်ရ၏။ အင်္ဂလိပ်စစ်ဘုရင်

၌မူကား။ ဤနေရာသို့ရောက်လျှင် မိဖုရား"စစ်ကဲ–ရထား မြင်း ဘစ်ရှေ့ သင်"တရခုတင်ချင်ရာ တင်ရ၏။ ရှိပြီးဖြစ်သော်လည်း တင်နိုင်သမျှနောက် ထပ်၍တင်နိုင်၏။မိဖုရားစသည်တင်ပြီးနေသယ်။ဆက်၍မရွှေ့ရ။ မစားရသော် လည်း။တဘက်သား၏မင်းကြီးကိုရွှေ့နိုင်လျှင်။နောက်ဆုံးကွက်သို့ရောက်သည် နှင့်တပြိုင်နက်ရွှေ့ပြီးဖြစ်စေ၍။ နောက်ဆုံးကွက်သို့ ရောက်သည်နှင့် တပြိုင် နက်"မိဖုရား " စသည်တင်ရ၏။ မြန်မာစစ်ကဲမှာမူကား။နောက်တခါ မိမိ ရွှေ့လက်ကျမှသာတင်ရပေ၏။စစ်ကဲကွက်သို့ရောက်လျှင်ရောက်ချင်း စစ်ကဲမ ဟုတ်သေး။ မြန်မာစစ်ဘုရင်တွင်။ သေသင့်လေးကွက်တို့၌။ "စစ်ကဲမျဉ်း ကြောင်း" များရှိသောကြောင့်။ ၎င်းထောင့်ကွက်များမှအပ။ စစ်ကဲမျဉ်း ကြောင်းများကထွန်လျှင်။အောက်မြန်မာပြည့်၌။"နယ်လွန်"ဟုခေါ်၍။စစ်ကဲမ တင်ရ။မန္တလေးမြို့စသောအထက်မြန်မာပြည်၌ မြို့ကြီးအရပ်ဒေသတို့၌။စစ် ကဲတင်နိုင်သေးသည်ဟုပြောကြ၏။မိမိဘက်အခြားဘက်၃၂ကွက်စီရှိသည့် အနက်မိမိဘက်ကနယ်သည်အခြားဘက်ကသေသင့်ဖြတ်စစ်ကဲမျဉ်းကြောင်း ပေါ်သို့ ရောက်သည်ကာလမှသာ။ စစ်ကဲတင်ရ၏။ ရောက်လျှင်ရောက်ချင်း လည်းစစ်ကဲမတင်ရသေး။စစ်ကဲမတင်သေးဘဲနယ်အဖြစ်ဖြင့်ထားနိုင်၏။နယ် တလုံးသာကျန်၍။စစ်ကဲလည်းမရှိလျှင်။ "နယ်ကုန်စစ်ကဲဟု"ခေါ်၍တင်ချင် သောအခါ၌တင်ရ၏။ကျောက်တန်း မော်ဝန်းစသော အညာအရပ်ဒေသနှင့် အထက်မြန်မာပြည်အညာဒေသတို့၌။"ပု ၂၀၅"အတိုင်းစစ်ခုံကို အသုံးပြု လျက်။ ကြက်ခြေမျဉ်းပေါ်သို့ရောက်သောအခါ။ စစ်ကဲတင်ခွင့်ရသောနေရာ သို့ရောက်သောအခါ။စစ်ကဲတင်ခွင့်ရသောနေရာသို့ရောက်ပြီးမှစစ်ကဲတင်ရ ၏။ကြက်ခြေပြတ်သောထောင့်ဖြတ်မျဉ်းကြောင်းကွက်ပေါ်၌ကား။ စစ်ကဲမ တင်ရဟုပြောကြ၏။

အင်္ဂလိပ်စစ်ဘုရင်၌မူကားနောက်ဆုံးကွက်သို့ရောက်လျှင်။ ရှေးအခါ ကနယ်အဖြစ်ဖြင့်ထားနိုင်သေး၏။ယခုအခါ၌။နယ်အဖြစ်ဖြင့်မထားနိုင်။၎င်းအ ကွက်သို့ ရောက်လျှင်ရောက်ချင်း။ မိဖုရား ရထား မြင်း ဘစ်ရှော့။အရှင်တ ရပ်ရပ်သို့ပြောင်းလိုက်ရ၏။ ။စစ်ဘုရင်သည်။ဇမ္ဗူဒီပ်ပြည်မှပါရှား"ပိရှဲယ" ပြည်။ အာခေဘိရ" အာရေဗျ" ပြည်နှင့်။ မဆလမ်နိုင်ငံများသို့ ပျံ့နှံ့၏။ မဟာမေဒန်ဖြစ်သော အာရတ်လူမျိုးတို့သည်။ စပိန်ပြည်သို့စစ်ချီတိုက်ခိုက် သောအခါ။စစ်ဘုရင်ပညာသည်စပိန်ပြည်သို့ရောက်သွား၏။၎င်းစပိန်။အီတ လီ။ပြင်သစ်ပြည်များသို့အာရဘ်လူမျိုးများသာမှတဆင့်ရောက်ရ၏။အရှေ့နိုင်ငံ ကြီးများသို့လည်းပျံ့နှံ့၏။စစ်ဘုရင်နှင့်တူသည့်ကစားနည်းသည်။ဂျပန်ပြည် နှင့်အာရှတိုက်အလယ်ပိုင်း။မြောက်ပိုင်းတို့၌ယခုတိုင်ရှိ၏။ ၎င်းဒေသများ

၌၊စစ်ရုပ်များ၏အမည်နှင့်စစ်ထိုးနည်းဥပဒေတို့သည်။ရုရှိယစစ်ဘုရင်နှင့်ဆင်တူဖြစ်သောကြောင့်။ ရုရှိယပြည်မှ ဆင်းသက်လာကြောင်း ထင်ရှားပေ၏။ ဥရောပတိုက်၌။စစ်ဘုရင်သည် စပိန်ပြည်မှ။မြောက်ဘက်ဖြစ်သော။ ပြင်သစ်ပြည်။ဂျာမနီပြည်။အင်္ဂလန်နိုင်ငံ။နော်ဝေပြည်နှင့်ဆွီဒင်ပြည်၊ အိုင်ရလံကျွန်းသို့ ပျံ့နှံ့သွားပေ၏၊ရုရှပြည်သို့လည်းပျံ့နှံ့၏။၁၆၀၀ခုနှစ်နှင့်၁၇၀၀ပြည့်နှစ်များအတွင်း၌။စစ်ဘုရင်ပညာကိုအီတာလီယံလူမျိုး"သောမတိုင်းသား"တို့သည်၊ထူးကဲထက်မြောက်ကြ၏။ဥရောပတတိုက်လုံးသို့ အနှံ့အပြားသွား၍။စစ်ထိုးကြရာ။အီတာလီယံလူမျိုးများက။နိုင်လာ သည်သာများပေ၏။

မြန်မာပြည်၌၊ "ဦးဘေဆောင်"သည်။ အရပ်ရပ်အရွာရွာမြို့ကြီးအသီးသီးသို့လှည့်လည်၍စစ်ထိုးရာ။နိုင်လာပုံနှင့်ကားတူသူပေ၏။ ဦးဘေဆောင်အနိစ္စရောက်ပြီဖြစ်၍၊ ယခုအခါသမယ၌။မြန်မာပြည်တွင်။"ဒုတိယ-ဦးဘေဆောင်"မည်သူမည်ဝါဖြစ်ကြောင်းကို ကောင်းစွာမသိရသေးဖြစ်ပေ၏။သိသင့်သိထိုက်သောအချက်ကြီးတခုပင်ဖြစ်၏။

အင်္ဂလိပ်သက္ကရာဇ် ၉၀၀ပြည့်နှစ်နှင့် ၁၀၀၀ပြည့်နှစ်များအတွင်း၌။ အာရပ်လူမျိုးတို့သည်။ စစ်ဘုရင်ပညာတွင်ထင်ပေါ်ကျော်စောပေ၏။ ၎င်းနောက်မှ အီတာလီယံလူမျိုးများကျော်စောကြီးကြ ရှိပေ၏။၎င်းနောက် ပြင်သစ်လူမျိုးများက။သာလွန်ထက်မြောက်သွားပြန်၏။၁၈၀၁ ခုနှစ်နှင့်၁၉၀၀ပြည့်နှစ်များအတွင်း၌။အင်္ဂလန်နိုင်ငံ၌စစ်ဘုရင်ပညာကြီးပွား၏။အင်္ဂလိပ်သက္ကရာဇ် ၁၈၄၃ ခုနှစ်သိ "ဟောင်းဝါ့ထ်-စတွန်တင်"ဆိုသူ။ အင်္ဂလိပ်လူမျိုး။စစ်ဘုရင်ဆရာကြီးသည်အကျော်တစောရှိပေ၏။ ထိုအခါ၌ဂျာမန်လူမျိုး "အာဒေါလဖ်-အင်ဒါဆင်"ဆိုသူစစ်ဘုရင်ဆရာကြီးသည် လန်ဒန်မြို့၌ ကမ္ဘာ့စစ်ဘုရင်ပွဲတွင်။စတွန်တင်ကိုနိုင်၏။

၁၈၅၈ ခုနှစ်၌။ အမေရိကန်လူမျိုး"ပေါလ်--မော်ဖီ" ဆိုသူသည်။ အင်္ဂလိပ်စစ်ဘုရင်၌။ကမ္ဘာ့ချန်ပီယံဖြစ်၏။"စတွန်တင်"သည်။ကမ္ဘာ့ချန်ပီယံမဟုတ်။ အင်္ဂလန်နိုင်ငံ၌သာကျော်စော၏။ မော်ဖီသည်။ အင်ဒါဆင်ဆိုသူကမ္ဘာ့ချန်ပီယံဖြစ်နေသော။ဂျာမန်စစ်ဘုရင်ဆရာကြီးနှင့်။စစ်ဘုရင်"၁၁"ပွဲထိုးကြရာ။၂ ပွဲသရေကျ။ ၂ပွဲရှုံး၍။၇ ပွဲနိုင်သဖြင့်။အင်ဒါဆင်အစားကမ္ဘာ့ချန်ပီယံဖြစ်သွားကြောင်းသိရပေ၏။ ထိုအခါကစ၍။ စစ်ဘုရင်ပညာသည်။ နိုင်ငံကြီး ပြည်ကြီးအသီးသီး၌။ စစ်ဘုရင်ဆရာကြီးအများ ပေါ်ပေါက်လာကြ၏။သို့ဖြစ်သော်လည်း။၁၈၆၆ ခုနှစ်ကစ၍ဂျာမနီပြည်၌နေထိုင်သူ၊ ရေဝတိ ဂျူးလူမျိုး"ဝီလီယံ စတိန်နစ်နှင့်။အင်မင်နျူရယ် လာစကာ"စစ်ဘုရင်ဆရာကြီးနှစ်ဦးတို့သည်ကမ္ဘာ့ချန်ပီယံကြီးများဖြစ်ကြ၏၊ နောက်ကာလ

၌။ စထိန်နှစ်ကိုလာစကာကနိုင်ငြန်၌။ "ဖစ်သ်စဝါရိ" ဆိုသူအမေရိကံလူမျိုး
စစ်ဘုရင်ဆရာကြီးသည်လည်းအသက် ၂၀နှစ်ရှိသောအခါ။ ကမ္ဘာ့ချာမ်ပီယံ
ဖြစ်ဘူး၏။ငင်းသူသည်ယခုအခါအနှောရောက်သေပြီ။ မော်ဖီနှင့်ဖစ်လ်စဝါရိ
အပြင်။ မာရှယ်လ် ဆိုသူအမေရိကံ စစ်ဘုရင်ဆရာကြီးသည်လည်း ယခု
တိုင်ကျော်စောထင်ရှား၏။ဂ နာရီခန့်အတွင်းတွင်ထိုးပြီးသောပွဲပေါင်း ၁၅၆
ပွဲအနက်။အမှတ်အသားရေးမယားဘဲ။ ပွဲပေါင်း ၁၅၄ ပွဲကိုပြန်၍ထိုးပြနိုင်
သည့်ဘုရေးသား သော်ပြကြ၏။ သို့ရာတွင်ကမ္ဘာ့ချာမ်ပီယံ မဖြစ်သေးပေ။
လာစကာသည်။ဆက်လျက်ဆက်လျက်။ ၂၈နှစ်၄ ဝခန့်ကမ္ဘာ့ချာမ်ပီယံဖြစ်လာ
သော်လည်း။၁၉၂၁ခုနှစ်မတ်လအတွင်းတွင် "ရေူအာ၍ ကာပါဘလက်ာ"
ဆိုသူကျူးဗကျွန်း ဟာဗာနာမြို့သား။အသက်၃၃နှစ်ရှိသူ။ စစ်ဘုရင်ဆရာကြီး
နှင့်ထိုးကြရာ ၁၄ ပွဲအနက် ၁၀ပွဲသာသရေခံနိုင်၍၊ ၄ပွဲရှုံးသောကြောင့်။
ပွဲ ၃၀ ပြည့်အောင်မထိုးခံ့ဘဲ ခံမိ၏နာမည်။ကမ္ဘာ့ချာမ်ပီယံကိုကာပါဘ
လက်ာသို့လွှဲပြောင်းပေးလိုက်ရ၏။ထိုအခါ၌လာစကာ၏အသက်မှာ ၅၄ ဝခန့်ရှိ
ကြန်တူသည်။ ယခုထက်ထိငင်းဆရာကြီးပင် ချာမ်ပီယံဖြစ်လျက် ရှိနေသေး
ပေ၏။သော်လည်း။ဘိုရစ်စ်–ကောစဘစ်ချ် ဆိုသူ။ဆာဘီယံလူမျိုး၊ အသက်
အရွယ်မှာ ကာပါဘလက်ာပက်ာ၀လလောက်သာကြီးသော၊ စစ်ဘုရင်
ဆရာကြီးသည်မကြာမီနှစ်ကာလအတွင်းချာမ်ပီယံလုလိမ့်မည်ဟု ထွေးဆင်
ဘွယ်ရှိ၏။ငင်းဆရာကြီးသည်။ကာပါဘလက်ာနှင့်။ကျူကျနနစစ်ပွဲ ၅ပွဲထိုးရာ။
၅ပွဲလုံးပင်သရေကျအောင်ထိုးနိုင်ဘူး၏။

မြန်မာစစ်ဘုရင်၌ဦးသေဆောင်။မြင်းဦးသိဟ်စသော။ မြန်မာစစ်ဘု
ရင်ဆရာကြီးများ၏အတ္ထုပ္ပတ္တိတို့ကိုသေချာစွာသိရှိသော။ မြန်မာစစ်ဘုရင်
ဆရာကြီးတို့က ယုတ်သော်ရေးသားသင့်ကြပေ၏။ ။စစ်ဘုရင်ထိုးခြင်း
ပညာနှင့်ဆိုင်သောစာပေများသည်။ကျားထိုးခြင်းစသောအခြားကစားနည်း
များဆိုင်ရာစာပေများကို။စုပေါင်းတာ သည့်ထက်များ၏။ဟုဆိုကြ၏။စာအုပ်
စာတန်းပေါင်း ၅၀၀၀ "ငါးထောင်" ခန့်ရှိလေပြီဟူ၍သည်းသိရပေ၏။ ဤကဲ့
သို့ဖြစ်ပါသော်လည်း။ မြန်မာပြည်တွင်။ မြန်မာဘာသာဖြင့်ရေးသားထား
သော။ မြန်မာစာအုပ်တအုပ်မျှမရှိသည်မှာ။ များစွာအံ့သြဘွယ်။ ဝမ်းနည်း
ဘွယ်တရပ်ဖြစ်ပေ၏။အခြားနိုင်ငံကြီးများ၏အောက်ကျနောက်ကျမှိနေခဲ့ရကြ
ပေ၏ ဤအချက်ကိုပယ်ဖျက်လိုသောသဘောဆန္ဒဖြင့်။ဦးမှာဘ်မှစ၍။ အခြားမြန်
မာစစ်ဘုရင်ဆရာကြီးများကလည်းတိုက်တွန်းပါသောကြောင့်။ မြန်မာပြည်
တွင်အစပဌမကျွန်တော်ကထည့်တွင်ကြံစည်ပါသည်။ တနှစ်ကျော်ကြာပြီး
မှ။အယမြောက်ပါသည်။မြန်မာစစ်ဘုရင်ဆရာကြီးအချို့ကလည်း။ "စစ်ပြန်

ထိုးနည်း”ကိုသိရှိသွားကြသဖြင့်။ ကျွန်တော်ကမူ စာအုပ်မှာထုတ်ဖြစ်လျှင်။ စာအုပ်သုတ်ချင်ကြောင်း ပြောကြားသွားပေ၏။

မြန်မာပြည်သို့။ အိန္ဒိယနိုင်ငံမှ စစ်တုရင်ပညာရောက်လာခြင်းကို ယုံမှားသံသယရှိစရာမဟုတ်ပေ၊ မြန်မာပြည်တွင်မြန်မာမင်းတို့၏။ ထီးနန်းတော်များ၌ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများရှိစမြဲဖြစ်၏။ စတုရင်ကျမ်းရင်းကိုလည်း မူလကပင်ပုဏ္ဏားလူမျိုးတို့သိရှိကြသောကြောင့်။ မြန်မာပြည်သို့စစ်တုရင်ပညာကို၊ပုဏ္ဏားများပင်ယူလာဟန်တူပေသည်။သို့ရာတွင်မည်သည့်နှစ်။မည်သည့်မင်းလက်ထက်။ မည်သူယူလာကြောင်း။ စတုရင်ကျမ်းရင်းနှင့်ကွဲလွဲလျက်။ နယ်—စစ်ကဲစသောအရုပ်များကိုစစ်တည်ပုံနှင့် စစ်ကဲမှုဥ်းကြောင်း စသည်တို့ကိုမည်သူပြုပြင်ပြောင်းလဲလိုက်ကြောင်းများကို။ ကျွမ်းကျင်၍ သိရှိသောပညာရှိတို့က။သုတ်တော်ရေးသားသင့်ကြပေ၏။စစ်ရုပ်များကိုရွှေ့သွားနည်း၌။စတုရင်ကျမ်းရင်းတွင်။ ရှေးအခါကကြွေချ၍ရွှေ့ခဲ့သည်ဟု။ ပညာရှိတဦးကထင်မြင်သဘောရ၏။ အကြောင်းမူကား သက္ကတဘာသာ“ပူရာဏ”ကျမ်းရင်း၌အဆိုရှိသည်မှာ။ ။ကြွေချကြည့်ရာ။ ငါးရကျလျှင် မင်းကြီးရုပ်။ သို့မဟုတ်။နယ်ရုပ်။တချပ်ရုပ်ကိုရွှေ့ရမည်၊လေးရကျလျှင်ဆင်ရုပ်ကိုရွှေ့၊သုံးရကျလျှင်မြင်းရုပ်ကိုရွှေ့၊နှစ်ရကျလျှင်အဲ့သဘော“ရသား”ကိုရွှေ့။ ဟူ၍စာမူတွေ့ရှိရသည်ဟုထုတ်တော်ရေးသားပေ၏။

ကြွေများချ၍ အရုပ်များကို ရွှေ့နည်းသည်။ လောင်းတမ်းကစားနည်းတမျိုးဖြစ်သဖြင့်။အိန္ဒိယနိုင်ငံရှေးမင်းသားများသည်။မိမိတို့အပိုင်စားရသော မြို့နယ်ပယ်များကိုပင်၊အလောင်းအစားပြုလုပ်သောကြောင့်။စစ်တုရင်ခုံ၌ရှုံးပါးဘူးကြောင်းကို။ အိန္ဒိယနိုင်ငံ၏အကြောင်း။ ရှေးစာပေါင်းများ၌ထုတ်တော်ရေးသားတားဘူး၏။ကြွေချကစားနည်းကိုယခုပစ်ပယ်လိုက်ကြပြီ။ ။ယခုအခါ။ မည်သူမည်ဝါမရွေး။ နေရာမရွေး စစ်တုရင်ထိုးနိုင်ကြသော်လည်း။ရှေးအခါက။နိုင်ငံကြီးများမှာကဲ့သို့။မြန်မာပြည်၌လည်း။ စစ်တုရင်ထိုးခြင်းကို၊နန်းတော်—အိမ်တော်—မှူးကြီးမတ်ရာသေနာပတိတို့ အိမ်များ၌။သာစစ်ထိုးကစားကြ၏။

မဏ္ဍလေးရတနာပုံ။ ပဉ္စမမြို့တည်နန်းတည်။ ပဉ္စမသင်္ဂါယနာတင်။ ဘဝသျှင်မင်းတရားကြီးဘုရား။ ကိုးစားတမျ။နတ်တူဥပရာ။ ညီနန်းလျာ၏။ ဖူးစာဘက်ပြိုင်။ထွိုင်ဆိပ်ခေါင်တင်။ သန်းရွှေရင်သည်။ ကြည်လင်လန်းသွဲ့။ စခန်းသွဲ့၍မို့။နန်းနှဲ့နန်းမူလေယူလေလာ။ သွေမခြားဘဲ။ရေးသားစီခင်လော်မူအပ်သော။ ဗုဒ္ဓါဘိသနန်းတွင်းဇာတ်တော်ကြီး။ ပဉ္စမကွဲ။စာမျက်နှာ၃၀၌ အောက်ပါအတိုင်းရေးသားပါရှိပေ၏။

ပြဒါးဝိဇ္ဇာသိုရမည်မှာ။ ။ဆေးပေါင်း။ ပန်းပေါင်း။ ဂမုန်းပေါင်းနှင့်။ တောင်စောင်းသေလာ။ ရှုမငြီးတဲ့။ မြိုင်ကြီးသာဝယ်။ ပြဒါးပြာသံသော။ ငွေငွေ မရှား။ တိမ်မယံ ဖျား။ နင်းသွားကျော်ခါ။ ငါဝိဇ္ဇာသည်။ မကြာခဏ။ တိုင်းရာမ ဝယ်။ မင်းများသခင်။ ရွှေရင်တော်နှစ်။ ဥပရာဇ်နန်းလျာ။ သံတော်သာဝယ်။ မ ကြာလျင်မြန်။ ကျွန်ရင်းခံရအောင်။ လူ့ထံသို့သွားရအုန်းတော့မည်။ ။ဆို၍ ရာဇဂုရုတိုင်းကိုလာစေ။ ။ရောက်လျှင်။ တော်ရာက ချောင်းမြောင်း၍ ကြည့်ကာနေစေ။

ကုမ္ဘာဝ သမင်းသားလည်း။ ။အထိန်းတော်ငါးဦးတို့ကိုခေါ်၍။ အ တွင်းတော်သို့ဝင်ပြီးလျှင်။ အမိန့်တော်ရှိရမည်မှာ။ ။ဝိဇ္ဇာငဲ့။ ငါအိမ် မက်တော်မူရင်းမှာ။ သည်မဇ္ဈိမလဒီပသို့ ခရီးလမ်းစဉ်ပို့သူ။ ဝိဇ္ဇာခရီ၏ကျွန် တော်မျိုးခံရောက်လိမ့်မည်။ သည်သကာလ။ ရန်အပေါင်းကို အောင်မြင်စေ ခြင်းငှါ။ ဥပုသ်ခုနှစ်ရက်စောင့်သုံးတော်မူ၍။ ဇွဲစကြာဖြင့်ချီလာပါလျှင်။ အ လွယ်တကူ။ ရန်အပေါင်းကို။ အောင်မြင်တော်မူပါလိမ့်မည်လို့။ မဟာရှုဝတီမိဋ် တင်ခဲ့သည်စကားအတိုင်း။ ဝိဇ္ဇာခရီရောက်လျှင်။ အမှန်ပင်ဖြစ်တော့သည်အ ကိုယ်ငဲ့။

အထိန်းတော်တင်ရမည်မှာ။ ။ဗျာဒိတ်တော်များရှိသည်အတိုင်း။ ဝိဇ္ဇာခရီ၏ခြေရင်းတော်သို့ရောက်လျှင်။ ဇွဲစကြာဖြင့်ရာသာရှိပါတော့ သည်။ ဘုန်းကြီးသည့်အရှင်ပါကို။ မူတော်မူရန်မရှိပါဘုရား။ တင်စေ။

ကုမ္ဘာဝ သမင်းသားပြော။ ။ငါ—သည်ကဲ့သို့မြင်မက်တော်မူသည့် အတိုင်း။ ယနေ့တွင်ဝိဇ္ဇာခရီ၏ခြေရင်းတော်သို့ရောက်လိမ့်မည်ထင်သည်။ သူ့ရ လည်းညီးငွေ့တော်မူလှသည်။ ဝိရက်နှင့်။ ကွန်တာဘာရ—နှစ်ဦးတို့ကို။ ရှေ့တော် တွင်။ စစ်ဘုရင်တိုက်စေရမည်။ အညီးပြေကြည့်ရှုတော်မူမည်။

အထိန်းတော်ဝိရက်။ တင်ရမည်မှာ။ ။သခင်အမိန့်တော်မြွက်မှာ။ ပျော်တော်မူအောင်လို့ကစားသင့်လှသေးသည်။ သို့ရာတွင်။ ဘုရားကျွန်တော်။ မှာ။ ငယ်စဉ်ကပင်။ အရှင်သင်တော်မူရင်းဖြစ်၍။ စစ်ဘုရင်မှုကို။ ကမ်းတဘက် ရောက်။ တတ်မြောက်သူများနှင့်။ ဘုန်းတော်ကိုခိုလှုံ၍။ ကစားချင်ကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

ကုမ္ဘာဝ သမင်းသားလည်း။ ပြုံးမလိုလိုနှင့်။ ကြားစ ဝိဇ္ဇာငဲ့။ ဝိရက် ထွက်သံမှာ ငါနှင့်ကစားချင်သည်လို့။ ဘွင့်၍မပြောတာတခုသာ ရှိတော့

သည်။ စစ်ဘုရင်မှမှာ။ငါတယောက်သာကမ်းတဘက်ရောက်သည်။ငါကိုယ်တော်မြတ်ကိုပင်သူပြောဟာဘဲအစ်ကိုယ်ငဲ့။

ဗိဗိတြဲလည်း။ လက်ရုက်ခါပြုံးရယ်၍။ အင်မတန်စိတ်ကြီးရောက်၍။ အလှမ်းကြီးသူပါဘုရား။ ။တင်စေ။

။ဗိဂန္ဓလည်း။ မဝ ့သောင်ဘုရားဆို၍။ ပြုံးရယ်ကာတင်စေ။

ဝါရင်္ဂကဆိုရမည်မှာ။ ။ယခုဗိဂန္ဓပြောသော စကားမဟုတ်ဘူးဆိုသော်လည်း။သည်ဇမ္ဗူဒီပါစောင်လကျာကျွန်းအပြင်ဝယ်။ စစ်ဘုရင်မှကိုပတ်မြောင်ကျွမ်းကျင်သူ။ကိုယ်တော်မြတ်ဖျားတပါးမှ တခြားသူတို့မတတ်သည်ကို။ဘယ်နှယ်ပင်ဉာဏ်ရှာ၍တင်ကတဲ။ ယုံတော်မှုရုံးလားအစ်ကိုယ်ငဲ့။ဆိုစေ။

ရာန္တဝ ့သမင်းသားလည်းဗိဂန္ဓကိုခေါ်စေ။ ။ဘုရားထူးစေ။

မောင်းမင်းသည့်လောက်တိုက်ချင်သည့်စစ်ဘုရင်ကို။ ငါတိုက်တော်မှုမည်။ဘယ်ရတနာလောင်းမတုံး။ဗိရင်ငဲ့။

ဗိရင်္ဂလည်းအလိုရှိတော်မူရာရတနာကို ဆက်သပါမည်တင်၍။ မင်းငယ်ကျော်။ရွှေသားစစ်ဘုရင်ခုံကိုချဲ့ပါ။ ကိုယ်တော်မြတ်ကစားတော်မူလိမ့်မည်။ ။ဆိုစေ။

မင်းငယ်ကျော်လည်းစစ်ဘုရင်ခုံကိုယူ၍။အပေါ်တော်ဝယ်ထားစေ။

မင်းသားလည်းစံတော်မူရာကထ၍။ စစ်ဘုရင်ခုံကို လက်တော်နှင့်ကိုင်ပြီးလျှင်။ ဗိဂန္ဓငဲ့။ နောက်ခါငယ်လို ညင်းမဲ့လူထင်ပါကလား။ အမိန့်တော်ရှိစေ။

ဗိဂန္ဓလည်းမှန်ရာကို သံတော်ဦးတင်ပါမည်ဘုရားဆို၍။ ပြုံးရယ်ကာသံတော်ဦးတင်စေ။

အထိန်းတော်ဗိဗိတြဲနှင့်တကွဝင်၍လက်ဖျားလောင်းမည်အကြောင်းကိုပြောရမည်မှာ။ ။ဗိဂန္ဓငဲ့။တို့မှစ၍။အထိန်းတော်ဗိရင်။ ကျွန်တော် ဘယ။ဘယရန်နောင်။လူပျိုတော်တစု။ကိုယ်တော်မြတ်ဖျားဘက်က။ လက်ဖျားလောင်းမည်။နောက်ခါတို့ကြိုက်ရာကိုပင်ပြုရလိမ့်မည်။ခဲပမလား။မေးစေ။

တခါရဲ။နှစ်ခါရဲ။ဆယ်ခါတောင်ရဲပါငဲ့။ မင်းနောင်ကျော်ဘက်ကမနေဘူးလား။ ။မေးစေ။

မင်းဘက်ကငါမနေချင်ဘူး။ ။ပြောစေ။

ရာန္တဝ ့သမင်းသားလည်း။ ရွှေရုပ်စုကိုယူ၍။ ဆင်ချက် မြင်းချက်။ရသားချက်များကိုပြင်ဆင်၍ထားစေ။

ဝိဂန္ဒလည်းငွေရှင်စုကိုယူ၍ဆင်လမ်းမြင်းလမ်းများကိုရထားလိမ်းခံ၍ထက်စေ။

အထိန်းတော်လူမျိုတော်များလည်းပြေး၍ကြည့်ကြစေ။

မင်းသားလည်း။ ဆင်ချက်မြင်းချက်များကို သတိထား၍ကစားသည်နှင့်နိုင်မည်ရှိတုံးကို။အခမိန့်တော်ရှိရမည်မှာ။ ။ဝိဂန္ဒငဲ့။ မောင်းမင်းငါ့ကိုနိုင်ချင်အားကြီးသည်နှင့်။ဆင်ချက်။မြင်းချက်မရှိ၊ မင်းနှင့်ရထားသာရှိတော့သည်။သည်တခါနိုင်ပါဦးမည်လား။မေးစေ။

ဝိဂန္ဒကတင်ရမည်မှာ။ ။ကစားသမျှအနည်းနည်းမှာ။ နိုင်ယောင်နှင့်လည်း။ရှုံးတတ်ပါသည်။ရှုံးယောင်နှင့်လည်းနိုင်တတ်ပါသည်၊ ခုပုံကိုစိတ်ချရန်မရှိသေးပါဘုရား။ ။တင်စေ။

ဝိဂန္ဒဆက်ကမင်းလည်း။ရထားတခုနှင့်မနိုင်သည်နှင့်မင်းသေစေ။

ဇာန္ဒာဝသမင်းသားလည်း။ လက်ခုပ်လက်ဝါးတီး၍။ ရယ်တော်မူပြီး လျှင်။ဘယ့်နှယ်တုံးဝိဂန္ဒငဲ့။မေးစေ။

ဝိဂန္ဒလည်း။သည်တခါနတ်တင်ပါဦးမည်ဘုရား။တင်စေ။

ဇာန္ဒာဝသမင်းသားကပြောရမည်မှာ။ ။ဝိရဂ်ငဲ့။ကြားစမင့်လူ။ကြည့်ကြသူပင်။တွေးယူမရှက်။သူ့ဆက်ကတတ်နဲ့။နိုင်သည့်ဟန်ကို။ နတ်တင်မည်ဆိုခဲ့ပြီ။ပို့နိုင်ဝါကြွား။နောက်များကိုသာ။မလောင်းချင်ပါဘူး။ သည်တခါလွှန်စေတော့အစ်ကိုယ်ငဲ့။ဆို၍လက်တော်နှင့်တွန်းလိုက်ငေ။

အထိန်းတော်။လူမျိုကော်များလည်း။ ပြေး၍နိုင်တော်မူသည့်ပွဲကို။သခုဆက်ရမည်ဆိုစေ။

ဝိဂန္ဒထည်း။ မင်းမာတို့အလိုတော်ရှိပြောကက်ကြလှသည်။ ကစားသည့်ဆိုသမျှမှာ။တခါတည်းနိုင်လျှင်။ဘယ်တွင်မှနိုင်သည်လို့မရှိစဘူး။ခာည့်လိုနောက်တခါထပ်၍ကစားရလျှင်။ကျွန်ုပ်တော်မြဘ်ဖျား။ ပုံသေရှုံးတော့မည်မှတ်ကြပါ။ဆိုစေ။

ဇာန္ဒာဝသမင်းသားလည်း။ပြုံးရယ်၍ရှိုင်းပါဘိဟလူ။ဆိုစေ။

ဝိဇ္ဇာဒိုရ်လည်း။နတ်မျိုးနဘ်နှယ်ဖြစ်၍။ဇာန္ဒာဝသမင်းသားရှေ့တော်သို့။ရုတ်တရက်ရောက်လာ၍။တင်ရမည်မှာ။ ။တရှော့တပြည်၊ ရှိဦးချိုလို့။ငွေစည်ခွန်းကာ။ဘွဲ့သီဟာ။နောင်လာစိုးမည့်ရှင်ဘုရား။ မြိုင်ဖျားဝယ်သာ၊ နေရပါ။စိတ်မှာမပျော်။ရွှေစက်တော်ဝယ်။ မှတော်ကြိုးပန်း။ သ ာ်ဆက်ခါထမ်းပါ့မည်။ ရွှင်လာမ်းကြည်သာ။ ခုနောက်လာပါသည်။ ဒိပါသောင်းလုံးရှင်ဘုရား။ ။

ဣန္ဒာဝံသမင်းသားကပြောရမည်မှာ၊ ။မြစ်နီးညို့ရောင် ဟောဝန် တောင်က။သူရောင်ပင်မက်၊ ရင်ငွေ့လှယ်လို့။ နတ်နယ်မူရာ။ မောင်ဝိဇ္ဇာ။ မေတ္တာထပ်ဆင့်။ရှေးကြောင်းရင့်၍။သင့်သည့်ချိန်ခါ၊ ထမ်းရွက်လာသည်မှာ။ မကြာကျွန်ရင်းခံစေမည်။ ။

ဝိဇ္ဇာဒိုရ်ကာ။ ထင်၍တင်ရဦးမည်မှာ။ ။အရှင်ဘုန်းမော်။ သာတင်း တော်သည်။မြင့်မော်မြိုင်ဖျား။ကျော်ကြားနှံ့စပ်၍။ ဖူးချင်မြင်ချင်သောစိတ် နှင့်။စားအိပ်မဝင်။ သခင့်မျက်နှာတော်ကိုဘူးမျှော်ရမှု၊ စိတ်နှလုံးဝယ်ချမ်း သာပါတော့သည်ဘုရား။တင်စေ။ ။

မင်းသားလည်း။ရှေးရှေးသောဘဝက။ ရေစက်ပြုဘူးသောကုသိုလ်ပါ ကြ၍။ ငါ့ကိုမြင်လျှင်။ အလွန်တရာချစ်ခင်စုံမက်သည်မှာ။ငါလည်း။ မေတ္တာ လှယ်တော်မူမည်။ အိမ်မက်တော်အရေနှင့်ညီသည်ဖြစ်၍။ ဝိဇ္ဇာဒိုရ်ကို။ သစ္စာ တော်ရေပေးရမည်။ဝိဇ္ဇာကြွငဲ့။အခန့်တော်ရှိစေ။

အထိန်းတော်များလည်း။ဝမ်းမြောက်ဝမ်းသာနှင့်ဘုန်းတော်ကို အံ့ဩ ၍။သစ္စာတော်ရေကိုပေးစေ။

ဣန္ဒာဝံသမင်းသားလည်း။ နန်းတော်ကိုဝင်ဖော်မူမည်။ခင်းမြဲဝင်း တော်ကိုခင်း။အထိန်းတော်များလည်းဝင်းတော်ကိုခင်း၍။ မြင်းတော်ကိုယှဉ် စေ။မင်းသားလည်း ဝတ်လဲတော်တန်းဆာ—လဲလှယ်၍။ မြင်းတော်ကိုခြေ တော်တင်စေ။နန်းတော်သို့ဝင်စေ။ ။ရှေ့တော်ဘို့ရောက်လျှင်။ လက်ရှက်ခါ စံနေစေ။

ခမည်းတော်ကမေးရမည်မှာ။ ။ဒီယာရန်အိမ်တော်ဝယ်။ စံပယ် ဇော်မူရသည်မှာ။ပျော်တော်မူပါစ မောင်မောင်ငဲ့။ ။မေးစေ။

ဣန္ဒာဝံသမင်းသားလည်း။ ဘုန်းတော်ကြောင့်။ အလွန်တရာ ပျော် တော်မူပါကြောင်းကို။မှိုးသံတော်ဦးတင်ပါသည်ဘုရား။ ။တင်စေ။

သမိန်နေ့ကပင်။ တောပျော် ဝိဇ္ဇာရောက်လာ၍။ အမှုတော်ကိုထမ်းလို ကြောင်းနှင့်တင်သည်တွင်။သစ္စာရေကိုက်၍။အပါးတော်ဝယ်၊ မြဲစွဲထမ်းရွက် ပါသည်ဘုရား။တင်စေ။

ဘဲ နှယ်မောင်မောင်ငဲ့။ငါ့သားတော်ထံတွင်။ ဝိဇ္ဇာဒိုရ်များထမ်းရွက် လာသလား။မေးစေ။

မင်းသားလည်း။တင်ပါသည်ဘုရား။လိုက်စေ။

မင်းကြီးကဆိုရမည်မှာ။ ။ငါ၏သားတော်ဘုန်းကံပါရမီမှာ၊ တက်

သစ်သောနေ့ဝန်းသည်။ ဖမ္ဗူဒိပါလေးကျွန်းဝယ်တွန်းလင်းသကဲ့သို့။ အံ့ဩ ဘွယ်ရှိလှသည်။ အမတ်တို့။

မှူးမတ်များလည်းဗျာဒိတ်တော်များအတိုင်းပါဘုရား။ ဘုန်းတော်ဖြင့်ဘုန်းတော်—ကံတော်မှာ အံ့ဩချီးမွမ်း၍မကုန်နိုင် ဖြစ်ပါသည်ဘုရား။ တင်စေ။ ။

မင်းကြီးကလည်း ညောင်ညာသော်မူတော့မည့် မင်္ဂလာအိမ်တော်သို့ထွက်၍။စံတော်မူအံ့တော့မောင်မောင်ငဲ့။

ဆူန္ဒာဝ သမင်းသားလည်း။လက်ချက်ဦးညွတ်ကာထွက်ခဲ့စေ။ {စာမျက်နှာ ၃၅}

{စာမျက်နှာ ၃ဝဝ} ဆူန္ဒာဝ သမင်းသားလည်း။ စန္ဒရသိန်မင်းသားကိုပြောရမည့်မှာ။ ။ဝိဂန္ဓကိုခေါ် ခဲ့မောင်မောင်ငဲ့ ဆိုစေ၊

စန္ဒရသိန်မင်းသားလည်း။ ရှေ့တော်ဘဦးချကာ ထွက်လာပြီးလျှင်။ မြောက်တဲတော်သို့ကျ၍၊ဝိဂန္ဓရှိရာသို့လာပြီးလျှင်။ အစ်ကိုယ်ငဲ့ မြန်မြန်လာပါ ခေါ်စေ။

ဝိဂန္ဓလည်း။မင်းသွီးရှေ့တော်ကစန္ဒရသိန်မင်းသားကို မေးရမည့်မှာ။ သာတုံးထိပ်တင်ငဲ့ ။ အရေးတကြီးနှင့်ကိစ္စအထူးရှိသလား။မေးစေ။

စန္ဒရသိန်မင်းသားကလေးလည်း။ အစ်ကိုယ်မှာမေးလို့နေတော့။ ရွှေကိုယ်တော်မြတ်ခေါ်တော်မူပါတယ်။ပြောစေ။

ဝိဂန္ဓလည်း။မင်းသွီးကိုလှမ်း၍တင်ရမည့်မှာ။ ။ယခုအိပ်ခေါင်တင် ဘုရားစိတ်ဆိုးတော်မူသည့်မှာတယ်။ရွှေကိုယ်တော်မြတ် မထွက်လာတော် မူသေးလို့။ခေါ်၍အကြောင်းကြောင်းမျိုးမေးမည့်လက္ခဏာနှင့်တူပါသည်။ ဘုရားကျွန်တော်ရှေ့တော်သို့သွားကြည့်ပါချေအုံးမည်ဘုရား။တင်စေ။

စိန်ကရာသီမင်းသွီးကလေးလည်း။ပြီးလျှင်မြန်မြန်ပြန်ခဲ့ပ အထိန်းတော်ငဲ့။မှာစေ။

ဝိဂန္ဓလည်း။မြန်မြန်ခြေရင်းတော်သို့ပြန်လာပါမည်ဘုရား။တင်စေ။

စန္ဒရသိန်မင်းသားနှင့်အဘူလိုက်၍။ရှေ့တော်သို့ရောက်လျှင်။ ဆူန္ဒာဝ သမင်းသားကပြောရမည့်မှာ။ ။ဝိဂန္ဓငဲ့ ။ဟိုပြည်မှာ ငါနိုင်သည့်စစ်ဘုရင်ပွဲကို။ဘောက်မဲ့ လို့ မဆက်သည်လဲ။

ဝိဂန္ဓတင်ရမည့်မှာ။ ။ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။ ဘုန်းတော်ကိုခိုလှု၍နိုင်တော်မူသည့်ပွဲကို။ နောက်ဆက်၍ ချေပါမည့်အကြောင်း။ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။ ။

ဏ္ဍာဝ သမင်းသားလည်းပြုံးရယ်၍။ ။ဝိဂန္ဒ ငဲ့။ မင်းမာစိတ်ကြီ ကစားချင်ပြန်သလား။ပင်စံနတ်သွင်။ဖြေချင်လျှင်လာ၊ နောက်တခါမှအရေးပုံ။ သာဘဲ့အောင်။မရှုံးပါနှင့်အုံးအစ်တိုယ်ငဲ့။

ဝိဂန္ဒကတင်ရမည့်မှာ။ ။ဥပရာဘုန်းမော်။ ရွှေကိုယ်တော်နှင့်။ ဖျော့ ကျွန်တော်တခါ။ကစားပါရလျှင်။နိုင်စရာရှိပါတော့သည်ဘုရား။တင်စေ၊

ဏ္ဍာဝ သမင်းသားသည်း။ရယ်တော်မူ၍။ သည်လိုအပြောကြီးသည့် လူပင်ရှုံးဘတ်လှသည်။စစ်ဘုရင်ခုံကိုသာယူပါချေ။ ။

ဝိဂန္ဒလည်း။ရှေ့တော်ကသွား၍၊ စစ်ဘုရင်ခုံကိုယူပြီးလျှင်။ မင်းသား အပါးတော်ဝယ်ခင်းထားစေ။

မင်းသားလည်း။မင်းသမီးကိုပြောရမည့်မှာ။ ။မိမိငဲ့ မောင်ကြီးနှင့် ဝိဂန္ဒစစ်ဘုရင်တိုက်သည့်ကို။ အညီးပြေကြည့်စမ်းပမိမိငဲ့။

မင်းသမီးလည်း။တင်ပါ့ဘုရားလိုက်စေ၊

မင်းသားလည်းရွှေချပ်စုံကိုခုံပေါ်သို့တင်၍ခင်းစေ။

ဝိဂန္ဒလည်း။ငွေချပ်စုခင်း၍။ မင်းသားကိုအရင်ဘက်ပေးတော်မူပါဘုရား။ တင်စေ။

မင်းသားလည်းဆင်ချက်—မြင်းချက်ကိုနယ်စေ့ငှ။ နယ်တက်ကစား သည့်နှင့်။ဝိဂန္ဒဘက်က။မင်းလည်း။လေးကွက်တွင်သေစေ။

ဏ္ဍာဝ သမင်းသားလည်းပြုံးရယ်၍ပြောရမည့်မှာ။ ။ဝိဂန္ဒ ငဲ့။မင်း မဘုရင်။လေးကွက်တွင်ခံ့။ဆင်လျှင်ဆင်ချင်း။မြင်းလျှင်မတွေ့။ စခန်းဝေး။ နယ်ပြေးနှင့်တွင်။အားလုံးကုန်စင်ခဲ့ပြီ။သည့်ပြင်တခါ။ကစားဝ ပါအုံးမသား။ ရှာဖွေလို့ပင်။ရှုံးတဲ့အင်။နှုတ်တင်မည့်မဆိုနှင့်။အသိန်းတော်ကြီးငဲ့။

ဝိဂန္ဒလည်း။ ။နန်းရှုံဘုန်းမော်။မြတ်ကိုယ်တော်နှင့်။ ပျော်ပျော်ခုံသာ မြင်းပါ—ဆင်ရေး။နယ်ချင်းထွေးလို့။လေးကွက်တွင်သာ။မင်းသေရှာ။ သည်တ ခါ။နတ်ထင်ပါအုံးတော့ဘုရား။

မင်းသားလည်း။ရယ်တော်မူ၍။ ရှိုင်းပါဘိ လူဆိုပြီးလျှင်။ တိုက်ပြန် စေ။

ဝိဂန္ဒလည်းရှစ်ကွက်တွင်သေပြန်စေ။

မင်းသားကဆိုရမည့်မှာ။ ဆင်ချက်။မြင်းချက်—ရထားချက်ဝယ်။နယ် တက်။နယ်စောင်းအားသစ်လို့သောင်းသော်လည်း။ ကြံကောင်းကြံရာ။ လေး

ကွက်မှာဝယ်။ခိုသာကယ်သာ။နယ်မှာမလှ။စစ်ကဲကျူ၍။သည့်ခါမှလေ။မင်းပါ
သေရှာသွေလို့ နိုင်နိုင်အံ့မည်လားဆို၍။ပြင်သို့မျက်စိပြလိုက်စေ။

ဝိဂန္တတင်ရမည့်မှာ။သိပ်သားဘုရားရှေ့ တော်ပါးဝယ်။ ကြောက်အား
ကြီး၍သာ။ သူ့ဖြစ်ပါ၍၊ဆင်ပါ—မြင်းချက်။အကွက်မလှ။ရှာမရ၍။ သောကသယ်
နှောင်။ဟိုပြင်ဆောင်မှာဖြင့်။နိုင်အောင်တိုက်ပါမည်ဘုရား။

မင်းသားလည်းရယ်တော်မူ၍။ ကြည့်ပ ဝိဂန္တကြောက်ပြန်လို့ မနိုင်
သတဲ့။ သည့်ကဲ့သို့စကားကြောင့်ပင်။ မခံချင်လှသည်။ စစ်ဘုရင်ခုံကိုယူ၍။
ပြင်ဆောင်သို့ထွက်နှင့်။ဝိဂန္တငဲ့။

ဝိဂန္တလည်း။သည့်တခါနိုင်ပါရေ့မည်ဘုရားဆိုပြီးလျှင်။ စစ်ဘုရင်ခုံ
ကိုယူ၍။ကျောင်းတော်ဦးသို့ထွက်သွားစေ။

ရာဇ္ဇဝတ်သမင်းသားလည်း။ ။ဒိဗ္ဗငဲ့ ။လိုက်၍မသိုးဘဲနေလျှင်။ အင်မ
တန်အပြောကြီးသည့်ကို ရှုလှသည်။ မောင်ကြီးလိုက်လို့တိုက်စမ်းချေအုံး
မည်။ဒိဗ္ဗငဲ့ ။

မင်းသမီးလည်း။ကစားတော်မူချေတော့ဘုရား။သင်စေ။
မင်းသားလည်းကျောင်းတော်ဦးသို့ထွက်လာ၍။ဝိဂန္တငဲ့ ခေါ်စေ၊ သည့်
တခါနိုင်အောင်တိုက်ရမည်။မနိုင်လျှင်။ရှုံးသချွဲကို။သနေ့ဆက်ရမည်။

ဝိဂန္တလည်း။မင်းသမီးကြားအောင်။အသံကိုကျယ်ကျယ်ကြော်၍ တင်ရ
မည့်မှာ။ ။ကစားတကာ။ထွေရာစစ။ဆိုသမျှမှာ။လက်စလက်ဆက်။ သယ်
ချက်။ကိုးချက်။အချက်တရာ။ကျမှသာလျှင်။သာမည်နာမည်။ သိရသည့်တွင်။
သည့်စစ်ဘုရင်မှာဖြင့်။ခုကပင်သာ။နိုင်ပုံပေါက်လို့ နိုင်သောက်ပါပြီ၊ သည့်တ
ခါနိုင်ပါတော့မည်ဘုရား။

မင်းသားလည်းရယ်စေ။သူ့ချိုတော်သားများလည်း။။ပြား၍ရယ်ကြစေ။
မင်းသားလည်း။တချက်နှစ်ချက်ဝင်၍ကစားစေ။
ဝဏ္ဏပဒုမ မင်းသမီးလည်း။သူတို့စစ်ဘုရင်ပွဲ—ဘယ်တော့မှ သိမ်းမည်
မသိ။စက်တော်ခေါ်ပါ။တော့မည်ဆို၍။စက်တော်ခေါ်စေ။
ရာဇ္ဇဝတ်သမင်းသားလည်း။ ။မြတ်ညွှန့်ငဲ့ ။သည့်အနားကိုလာခဲ့ခေါ်

၍။ဆင်တော်မှုသည့်ဝတ်လဲတော်ပုဆိုးကို သွား၍ယူချေခိုင်းစေ။ ။
မြတ်ညွှန့်လည်းဦးချကာအယူသွား၍။ယူပြီးလျှင်။ ဝတ်လဲတော်ပုဆိုးကိုဆက်စေ။
မင်းသားလည်း။လဲတော်မူ၍။သည့်ပုဆိုးကိုမောင်မင်းလဲချေခိုင်းစေ။
မြတ်ညွှန့်လည်း။ရှေ့တော်ကထွက်၍။ဝတ်လဲတော်ပုဆိုးကိုလဲ၍လာစေ။

ရှုန္ဒာဝ သမင်းသားလည်း။ ။မြတ်ညွှန့်ငဲ့။ ဒါထွက်တော်မမူလာခင်ကို။စစ်သူရင်မသိမ်းနှင့်။ဝိဂန္ဒကိုအမြတ်ထား၍တိုက်စေရမည်။ ရဲထင်သစ်ရော။သူပုံရဒါတို့လည်း။မအိပ်ကြနှင့်။စစ်သူရင်ပွဲမှာ။ လူမပြတ်ရအောင်။အထိန်းတော်မင်းနေခင်ကာ။ကြည့်၍ဆိုမည်။အထိန်းတော်နှင့်တကွ။ လူပျိုတော်များလည်း။ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရားလိုက်စေ။

မင်းသားနှင့်ဝိဂန္ဒ။ မြတ်မိုလ်တို့လည်း။မြောက်တဲတော်သို့ ကူးလာကြစေ။ မြောက်တဲတော်—နေရသည့်လူပျိုတော်ပြဲ့ပြဲ့ဘွား။ စောဂွန်းတို့လည်း။ တဲတော်အောက်ကဒူးတုပ်၍နေကြစေ။"စာမျက်နှာ ၃၀၄"

"စာမျက်နှာ ၃၀၀" မင်းသား—မင်းသမီးတို့လည်း နိုးတော်မူ၍။မင်းသမီးလည်း။ ။အလို—ဘဲ့နှယ်ရယ်သံတွေဖြစ်ပါလိမ့်မတုံးမေးစေ။
ရှုန္ဒာဝ သမင်းသားလည်း။ မြတ်မိုအတတ်နှင့် တူသည်။ မိမိငဲ့။ မောင်ကြီးပွက်၍ မေးပါချေအုံးမည့်ဆို၍။ ပြင်သို့ထွက်တော် မူလာစေ။ ဝိဂန္ဒကိုဘာဖြစ်ကြသတုံးမေးစေ။

ဝိဂန္ဒလည်း။ဖြောင့်အောင်မပြောတတ်နိုင်။အလွန်ရယ်မောပြန်စေ။
ရှုန္ဒာဝ သမင်းသားလည်း။ ။ပြောစမ်းပါဦးဝိဂန္ဒငဲ့ ဆိုစေ။
ဝိဂန္ဒလည်း။ မြတ်မို—အနောက်ဝန်—မိုက်ကိုနင်းမိ၍။ မင်းသိဂ်လန့်၍ အော်သည်တွင်။ ဖျာ့ကျွန်တော်အနားကိုသူပြေးလာရာ။ ဆီး၍မေးသည်တို့များ၍။အနောက်ဝန်ကို။နအောက်ဝန်ခေါ်သည်တွင်။နိုးတော်မူသည့်။ရာဇဝတ်တော်ကိုကြောက်ရက်နှင့်။ မအောင့်မအည်းနိုင်။ ရယ်မိကြပါသည်ဘုရားတင်စေ။
မင်းသားလည်း။ကြမ်းကိုခြေတော်နှင့်ဆောင့်၍။လက်ခုပ်လက်ဝါးတီး၍ရယ်တော်မူစေ။ ။ဝိဂန္ဒငဲ့။ သည့်ဝိဇ္ဇာသည်။ ထသင်းကို သည့်သဏ္ဍာဝ် ပျောက်နိုင်ပါဦးမည့်လားမေးစေ။

ဝိဂန္ဓလည်း။ ဗျာဒိတ်တော်မြွက်အတိုင်း။သည်ဝိဇ္ဇာသည်။ ဘာသက်ကိုအပေါက်တဲ့အောင်ပြောမည့်မထင်ပါဘုရား။ ။ဘင်စေ။

မင်းသားလည်းပြုံးရယ်၍။ ။ငါ့ကိုသုံးချက်တီးနှိုးရမည့် မှာလျက်နှင့်။ယခုလင်းလုပြီ။မိမိနှိုးတော်မူလျှင်။နင့်ကိုထောင်းရမည့်။ဝိဇ္ဇာဝင် ။

မြတ်စိုလည်း။ရယ်၍လက်ရှက်ခါနေစေ။

မင်းသားလည်း။ အတွင်းတော်သို့ဝင်၍။မိမိဝင် ။လင်းလုပြီ။ နံနက်စောစော။တပ်တော်ချီထွက်ရန်ရှိသေးသည်။ နံနက်ခါမောင်ကြီးစံတော်မူတဲ့ ။တဲတော်သို့ကြွတော်မူခဲ့ပါ။မိမိဝင် ။

မင်းသမီးလည်း။တင်ပါ့ဘုရားလိုက်စေ။

မင်းသားလည်း။ ယုယချော့မော့ကာမှာထား၍။ တောင်တဲတော်သို့ထွက်တော်မူလာစေ။ ။တောင်တဲတော်သို့ရောက်လျှင်။ အထိန်းတော်များလည်း။စစ်ဘုရင်ပွဲမသိမ်းနှင့်၍။မင်းသားမျက်နှာတော်ကိုမော်၍ကြည့်စေ။

ဣန္ဒာဝံသမင်းသားလည်း။ပြုံးရယ်၍ စစ်ဘုရင်ပွဲသိမ်းကြတော့ဆို၍။အတွင်းတော်သို့ဝင်တော်မူစေ။ မင်းသွီးလည်းမနိုးတော်မူသေးသည်နှင့်။ မင်းသားလည်းစက်တော်ခေါ်ပြန်စေ။အတန်ကြာလျှင်နိုးတော်မူ၍၊ လင်းလှပါပြီကောဆိုစေ။မင်းသားလည်းနိုးတော်မူ၍။အလိုဟုတ်ကဲ့လားဆို၍ ပြင်သို့ထွက်တော်မူကြစေ။မင်းသားလည်း။ ချူးတော်ရေများသုံးပြီးလျှင်။ လျှောင်းတော်ဦးသို့ထွက်တော်မူလာ၍။ အထိန်းတော်များနှင့်။ စကားပြောဆိုကာစံနေစေ။ ။"စာမျက်နှာ -၃၁၁'

ကြည့်မြင်တိုင်၌ယခုရှိနေသေးသောပဋ္ဌမတန်းမြန်မာစစ်ဘုရင်ဆရာများမှာ။ ။ဆရာကာလိတ်—ဦးခါလက်-ဦးဟာမက်—ဦးမှတ်—ဦးထွန်းငြိမ်း ဦးဘသော—ဦးဘိုးဆိုင်—ပွဲစားကြီး ဦးစိန်—ဦးရှိန်း။ မောင်ဘရီ။ မောင်ဘအောင်။မောင်ဘိုးဝန်တို့ဖြစ်ကြလေသည်။ ။ရန်ကုန်မြို့။ ပုဇွန်တောင်နှင့်တကွအခြားမြို့ရွာတို့၌။ ရှိကြသော စစ်ဘုရင်ဆရာကြီးတို့၏။ အမည်များကိုလည်း။နောက်မှဘော်ပြပါမည်။အချို့သူကား။မိမိတို့ကိုစစ်ဘုရင်ဆရာ။ စစ်ဘုရင်သမားအခေါ်ခံရလျှင် ရှက်ကြောက်တတ်ကြ၏။ ဤကဲ့သို့မအောက်မေ့သင့်ကြချေ။လူကြီးလူကောင်း။ဥာဏ်ကောင်း။ဝိရိယကောင်း။ သတိရှိသူများတတ်ကျွမ်းသင့်သော ပညာကြီးဇာရပ်ဖြစ်ပေ၏။ ။ကျွန်ုပ်တို့ကို အုပ်စိုးလျက်ရှိနေသောဂျော့ဘုရင်မင်းမြတ်၏၊ အိမ်ရှေ့ဥပရာဇာ။ ဝေလာမင်းသားသည်စစ်ဘုရင်ကိုတတ်၏။ လေ့လာ၏။ရန်ကုန်မြို့ထုတ် "ဆန်းဒေးတိုင်းသတင်းစာ"၌ပါရှိတွေ့မြင်ရ၏"ပဋ္ဌမပိဋကယံ"ဘုရင်မင်းမြတ်သည်လည်းစစ်ဘု

ရင်ဘက်မြောက်၏၊ ဘုန်းဒြယနိုင်ငံတွင်ရှေးအခါက "တိုင်မူ" ဘုရင်မင်းမြတ်သည်လည်း။စစ်ဘုရင်ပညာကိုများစွာလိုက်စားနားလည်၏။ယခုအခါလည်း ပါလီမန်လွှတ်တော်၌မင်းကြီးများသည်လည်းနားလည်သူများပေ၏၊ မြန်မာပြည်၏ကင်းဝန်မင်းကြီးသည်လည်းစစ်ဘုရင်ကိုနားလည်၏။ ။၎င်းတို့ထက်အလွန်"မ"တလုံးကျသော ဆရာတော် ခင်ကြီးဖျော်သည်လည်း စစ်ဘုရင်ထတ်ကြောင်းသိရှိရ၏။

ရန်ကုန်မြို့။မြို့နိစီပယ်အတွင်း - မြန်မာစစ်ဘုရင် ဆရာကြီးများ၏ အမည်မှာ။ ။ဦးကြီးကလေး လမ်းမတော်။မောင်သသင်၁၅သမ်း။ ဖြူးမြို့နေရှင်နယ်ကျောင်းအုပ်ကြီး။ဦးအောင်မြတ်{လမ်းမတော်}ပွဲစားကြီးဦးထွန်းမြတ်{၎င်း}ဦးသိုက်{၎င်း}မောင်ခ{၎င်း}မောင်ထွန်းညွှ{၎င်း}မောင်ဘယွန်း။{၎င်း}ဦးဘကြီး။'၎င်း'ဦးကာဆင်'ရေကျော်'ကိုဘဇေ'ဂိုလ်ဒင်ဗယ်လီ'။ကိုဘသော်။'ရေကျော်'ဆရာမောင်။'သဲဖြူချောင်း'ဦးဘိုးရွှေ။'ကြည့်မြင်တိုင်' ဦးဘလွင်။'၎င်း'မတုပ်'၎င်း'ဦးစိန်ဟင်း'စန်းချောင်း' မောင်ရွှယ်'၁၁လမ်း'ဦးမြို့ 'ဘုန်းကြီးလမ်း'ဆရာသက်'သဲဖြူချောင်း'ရန်အောင်ဗလဆေးတိုက်ရှင်ဆရာညွှန့်။'လှည်းတန်း'ရွှေတိဂုံဘုရား စက္ကရီတေရီ။ ဦးဘိုးမြ။ ရန်ကုန်ပညာအုပ်မင်းဦးဘိုးစိန်။ 'အရှေ့ရန်ကုန်'ပုဏ္ဏားဦးဘသက်။'ရန်ကုန်'ပုဏ္ဏားဆရာညွှန့်။ဘီလူးမရေး။ပုဏ္ဏားစု။အခွန်ဝန်မင်း။ဦးဘိုးစီ။'ရန်ကုန်'။ ။

အခြားမြို့များ၌ စစ်ဘုရင်ဆရာကြီးတို့၏အမည်များမှာ။ ။ဦးဘဆောင်'မန္တလေးမျက်ပါးရပ်'ဘုရားတကာဦးလူ။'၎င်း'ခုန်[illegible]မင်း၏သား။မောင်မောင်သင်။'၎င်း'ဦးဘိုးရွှေ။'၎င်းမျက်ပါးရပ်'ကြည့်မြင်တိုင်တွင်တပည့်အများအပြား စစ်ဘုရင်ပညာကို သင်ကြားနေဘူး၏။ မောင်စံဒွန်း'မန္တလေး'။ဦးသွာ။'၎င်း'မောင်စိုးမင်း။'၎င်း။အစိုးရနေ့ဉ်မုံကျောင်း'။ဦးဘိုးလူ။'မန္တလေး'။ဦးဝကြီး'၎င်းဝါးတန်းရပ်'ပုဏ္ဏားဦးစံဝင်း'စစ်ကိုင်း'ဆရာတင်'၎င်း'ဦးထွေး။'မကွေး'ဦးဆင်'ဆင်ဖောင်စု'ဦးရွှေဖောင်'မြေသဲ'ဦးမှန်ကြီး'သရက်မြို့' ဦးရဲသူ။'၎င်း'။ဦးစံခိုင်။'၎င်း'။ဘုရားလူကြီး။ ဦးအောင်သာ။ 'ပြည်မြို့'ဦးစံညွှန့်။'၎င်း'။ဦးဘိုးကြီး။'မှော်ဘီ။ပြည်မြို့'။ဦးသီလ။ 'ညောင်တုန်း'။ ဦးဟာမက်'ယခုကြည့်မြင်တိုင်မှာ'။ ဦးမှတ်။ 'ပုသိမ်။ယခုကြည့်မြင်တိုင်မှာ' ကိုစိန်ဟင်း၎င်း။စန်းချောင်းကြည့်မြင်တိုင်။မောင်ဘသင်'၎င်း။ ယခုရန်ကုန်မှာ'ဦးလူထင်။'ပုသိမ်'။ဦးမောင်ကလေး၊'ပန်းတနော်'။ ဤဆရာကြီးသည်။ဦးဘဆောင်နှင့်လုံးတူစစ်ဘုရင်ထိုးရာ။ဦးဘဆောင်ဘုန်းနိုင်၏၊ဆင်ဖွေနယ်တင်ထိုးရာ။ဦးဘဆောင်ကရှုံး၏'အမိန့်တော်ရ။ဦးဘိုးလူ။'ကြံခင်း'။ဦးတာကျူး။ငါးသိုင်းချောင်း

ရွှေကျွန်းကွက်ကိုတည်လေ့ရှိ၏။ဦးမောင်'ဟသ်ာတ'ဦးအဌ။၎င်း၊ သမာတိမြို့ဝန်။ဦးရွှေဇင်။ပဲခူး။၎င်း၏သားမောင်ဘ။ကြေးတိုင်အင်ပက်တော် ဆရာသက်။ ပဲခူး။အမိန့်တော်ရ။ဦးရွှေရှံ'ကျိုက်ထို'။ပညာအုပ်မင်း။ဦးမောင်ကလေး။'ဖုအုန်သထုံ ဘီနယ်'။သမာဒိမြို့ဝန်။ဦးဘိုးလန်း'ပချုကူ'အမိန့်တော်ရ။ဦးလတ်ကြီး။ '၎င်း'ဦးရွှေဘော်။'၎င်း'မောင်ဖိုးမင်း'၎င်းမန္တလေးနော်မံကျောင်း'ဦးစိန်ဘန်း ဦးဘိုးမိန်၏ဇာတ်ပွဲ၌။သက်စွဲတော်။ မောင်သူငါယ်။'၄၀ မျက်ပါးရပ်။ မန္တလေး'ကိုထွန်းပေါ်။'ကန်ပိုင်။ မတ္တရာ။မန္တလေး'။အမိန့်တော်ရ။ ဦးဘိုးကျယ်။ 'လက်ပတန်း'ပွဲဇား။ဦးဘ။'၁၃၁လီယံလမ်း။ရန်ကုန်'။ မောင်ဘသင်။'ဝါးခယ်မ' ကိုစံဘော။'၁၉ ကုန်သည်လမ်း။ပုသိမ်'ဆရာမှန်။'ကျိုက်ကော်'မောင်ဘိုးဟန်။ 'မော်လမြိုင်ကျွန်းမြောင်းမြ'မောင်ဘမှန်း'ဒလ'မြန်မာအသင်းချုပ်စာရေးကြီး။ ကိုဘိုးသိန်း။'ရန်ကုန်။၃၂ ရွှေတောင်တန်း'။ကိုဖေါင်။'ပြင်ခရိုင်။ပုသိမ်'ကိုဘော 'ကညင်ကောက်ကြီး။ညောင်တုံး'။ပင်စဉ်ရအရေးပိုင်မင်း။ဦးကျော်ငြိမ်း'ပုလဲ တန်း။စပ်ကိုင်း'အမိန့်တော်ရ။ဦးဘိုးထွ။'၎င်း၊၎င်း'။ မောင်ဘဒင်။'ညောင်လှ ဘီ အိုစီ'အမိန့်တော်ရ။ကိုစာ'စဥ့်ကူး။ မန္တလေး'၊မောင်ဘကျော်။ အစိုးရ အင်္ဂလိပ်ကျောင်းဆရာ။ဝါးခယ်မ။မောင်ထွန်းရင်။ 'ချောက်။ ဘီ အိုစီ'ဦးဘိုး တေ။'လောကပါလဆန်စက်ရှင်၊ကညွှတ်ကွင်း'ဦးဖန် 'ရွှေကျင်။မကျည်းတန်း' ကိုအောင်ဘ'၎င်း။ အနောက်ဘက်' ဦးသာဒေါင်း။ '၎င်း။သရဲညောင်လေး ပင်မှာ'။အမိန့်တော်ရ။ဦးရွှေဘု။'မြန်ဘန်ဆာ'။မောင်သိန်းမောင်။'၎င်း'။ဦးဘိုး လောက်'၎င်း'ကိုရွှေဖေါက်။'၎င်း'။ကိုအောင်ဇံ။'၎င်း'ဦးဖြိုးသာ'၎င်း'။ကျွန်ုပ် တို့သိရှိရသမျှအမည်များကိုသာလျှင်။ရေးသားဘော်ပြလိုက်ရပါသည်။

ယောက်ျားများသာလျှင်။စစ်ဘုရင်ပညာကို တတ်ကျွမ်းနားလည်ကြသည်မဟုတ်ပါ။မိန်းမများလည်းတတ်ကျွမ်းသူရှိကြ၏။ ဇာတ္တ၁၀ သနန်းစွင်းဇာတ်တော်ကြီးကိုရေးသားသူ။ လှိုင်ထိပ်ခေါင်တင်သည့်လည်း။ စစ်ဘုရင် ပညာ၌ရှိနားလည်ဟန်တူ၏။ ကြည့်မြင်တိုင်တွင်မတုပ်ဆိုသူနှင့်။ ၎င်းနှင့်အတတ်ချင်းရည်ဘူ။အမည်မသိ။ဆရာကတော်တယောက်လည်း။ ၎င်းပညာကို တတ်မြောက်ကျွမ်းကျင်ကြပေ၏။မိုးကလေးမြို့တွင် မိန်းမတယောက်သည် လည်း။ယောက်ျားများနှင့်အလေ်ာင်းအစားစစ်ထိုးသောအခါ။၎င်းမိန်းမကပင် အနိုင်များကြောင်းသိရပေ၏။ အင်္ဂလိပ်စစ်ဘုရင်၌၊မိန်းမအများ တတ်မြောက် သူရှိကြသည်အနက်။ မိန်းမစစ်ဘုရင် ဆရာမ များထဲတွင်။ဖြိုဘ်သူနိုင်ငံ၌ "ချ်ဒိယ" ဖြစ်သောသူတို့၏ အမည်များမှာ။ '၁'မစ္စ—ပင်နိုး။ '၂'မစ္စ ကာလင်။'၃'မစ္စစ် ဟိုလဒင်'၄'မစ္စစ် ဟော်လငေ့။'၅'မစ္စစ် စတီဝင်ဆင်။

'ဖ'မဏ္ဍစ် အင်ဒါဆင်။'ဂု'မဏ္ဍစ် ဆိုလာ့စ်။'ဂ'မဏ္ဍစ် ဟဲရင်း။ တို့ဖြစ်ကြလေသည်။ ဧကရီဘုရင်မ။ အဲလစ်ဇဘက်သည်လည်း။ စစ်ဘုရင် ထိုးတတ်ကြောင်းပုတ်ဘော်ရေးသားထားသည်ကိုတွေ့မြင်ရ၏။ ကမ္ဘာပေါ်ရှိ။အင်္ဂလိပ်စစ်ဘုရင်ပညာကိုတတ်ကျွမ်းသူအလုံးကိုစုပေါင်း၍လေးပုံပုံလျှင်။ သုံးပုံကိုနိုင်အောင် စစ်ဘုရင်ထိုးနိုင်သော မိန်းမအစွမ်းကောင်းများ ရှိကြောင်း။ ဘတ်ရှုသိရှိရပေ၏။

ကျွန်ုပ်တို့သိသမျှ။မြန်မာပြည်တွင်။မြန်မာစစ်ဘုရင်နှင့်တကွ အင်္ဂလိပ်စစ်ဘုရင်ပညာကိုပါတတ်မြောက်သူများမှာ။ ။ပညာအုပ်မင်း။ ဦးဘိုးစိန်ဆရာကြီးဦးခါလက်'ဦးကာလိတ်'ကျောင်းအုပ်ကြီးမောင်ဘသင်။စက္ကူရိုတေရိုဦးဘိုးမြ၊ဦးမှတ်။ဦးဟာမက်၊ဦးဘတေ။ ဦးထွန်းညိန်း၊မောင်ဘရီ။ မောင်စံကျင်'ပုသိမ်'။

စစ်ဘုရင်ပညာကိုယောကျ်ားမိန်းမမရွေး။တတ်အပ်။သင်အပ်ကြောင်း။ စစ်ဘုရင်သမားအခေါ်ခံရ၍။လူသိ၍။ ရှက်စရာအကြောင်းမရှိသည်များကို။ အမှတ်သညာမြဲစွာထားသင့်ကြပေ၏။

သူရိယသတင်းစာ။ တိုက်အုပ်မင်း။ဦးတင်ကြီးနှင့်။ ပညာဘက်ဆိုင်ရာ "၂၀၀၀"စား။အမတ်ကြီး။ရွှေကျင်ဇာတ်။ ဦးမောင်ကြီးတို့သည်လည်း။ စစ်ဘုရင်ပညာကိုဝါသနာပါကြောင်းကြားသိရပေ၏။

William I. is said to have been a Chess Player.
Frederick the Great, Napoleon and Moltke, the great scientists of War had a decided liking for the Game of Chess.



အခန်း—၂။

စစ်ဘုရင်ခုံ၌နံပါတ်တပ်နည်း။

၁	၂	၃	၄	၅	၆	၇	၈
၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆
၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၂၅	၂၆	၂၇	၂၈	၂၉	၃၀	၃၁	၃၂
၃၃	၃၄	၃၅	၃၆	၃၇	၃၈	၃၉	၄၀
၄၁	၄၂	၄၃	၄၄	၄၅	၄၆	၄၇	၄၈
၄၉	၅၀	၅၁	၅၂	၅၃	၅၄	၅၅	၅၆
၅၇	၅၈	၅၉	၆၀	၆၁	၆၂	၆၃	၆၄

ပုံ ၂၀၇။

စစ်ဘုရင်ထိုးကစားခြင်းစစ်ပွဲသည်။ စတုရန်းလေးထောင့်ရှိခုံမျက်နှာပြင်၌စတုရန်းအကွက်ငယ်ပေါင်း၆၄ ကွက်။ အကွက်ချိုက်ပြီး။ဘဘက်လျှင်။ အရုပ် ၁၆ ရုပ်စီနှင့်။လူနှစ်ယောက်ဖြစ်စေ။လူစုနှစ်စုဖြစ်စေ။ တယောက်တဘက်။လူတစုလျှင်တဘက်စီနေ၍။အရှုံးအနိုင်ပေါ်ရန်ရည်ရွယ်လျက်။ စစ်ထိုးကစားပွဲတမျိုးပင်ဖြစ်ပေသည်။

ပုံ ၂၀၃။ ၂၀၄။ ၂၀၅။ ၂၀၆ တို့၌။စစ်ဘုရင်ခုံ၏ မျက်နှာပြင်ပုံသဏ္ဍာန်ကိုပြထား၏။စာမျက်နှာ၄၃ ကိုကြည့်ပါ။

၎င်းစစ်ဘုရင်ခုံ၌အကွက်ငယ်ပေါင်း ၆၄ကွက်ရှိရာ။ စစ်ရုပ်များရွေ့သွားသည်ကိုမှတ်သားနားလည်စေရန်။၎င်းအကွက်များကို။ အသီးအသီးအမည်ပေးထားရခြင်းသည်အလွန်အရေးကြီးပေသည်

အင်္ဂလိပ်စစ်ဘုရင်၌။ အမည်ပေးနည်းနှစ်နည်း။ ဂျာမနီလူမျိုးကသည်းအမည်ပေးနည်း တနည်းရှိပေ၏။ ၎င်းတို့အနက်အင်္ဂလိပ်နည်း တနည်းကိုအများပင်သုံးစွဲအသုံးပြုနေကြ၏။သို့ဖြစ်ပါသော်လည်း။ အင်္ဂလိပ်စစ်ဘုရင်၌စစ်ဟည့်နည်းတနည်းသာရှိသည်ဖြစ်သောကြောင့်၊အင်္ဂလိပ်နည်းနှင့် အင်္ဂလိပ်

စစ်ဘုရင်အတွက်သာလျှင်အသုံးပြုနိုင်၏။ မြန်မာစစ်ဘုရင်၌မူကားအသုံးမပြုနိုင်ချေ။ဂျာမနီအမည်ပေးနည်းမှာလည်း။ အကွက်တကွက်အတွက်ဂဏန်းနှင့်တမျိုး။စာနှင့်တမျိုး။နှစ်မျိုးပူးတွဲ၍အမည်ပေးရသောကြောင့် အမှတ်အသားခဲသည်း၏။

"ပုံ ၂၀၇"တွင်ပါသည့်အတိုင်း။သခုအမည်ပေးနည်းမှာ။ ဂျာမနီနည်းအင်္ဂလိပ်နည်းတို့နှင့်မဘူပေ။မြန်မာစစ်ဘုရင်၌စစ်တည်နည်းအမျိုးမျိုးရှိသဖြင့်ဤနည်းအတိုင်း။ အမည်ပေးထားမှသာလျှင်။အရုပ်များကိုမည်သူသော်ပင်မွှေ့ရပြားသော်လည်း။မှတ်သားထားခြင်းငှါမခဲသည်းဘဲ။ လွန်စွာလွယ်ကူသည်ဖြစ်၍။ ထိုးပြီးသည့်စစ်ပွဲကို တဖန်ပြန်၍ထိုးနိုင်သည့်အပြင်။ စစ်ဘုရင်ပညာကိုအနည်းငယ်မျှနားမလည်သေးသောသူများကိုလည်း။ ဤနံပါတ်တပ်နည်းကို အသုံးပြုခြင်းအားဖြင့်။ သရာဆံ၌အကွက်ကို လက်ထောက်ပြသမှ ရှင်းလင်းဘိသကဲ့သို့။လက်ထောက်၍မပြဘဲ။အလွန်လျှင်ရှင်းလင်း၍ လွယ်ကူသော။အမည်ပေးနည်းဖြစ်ပေသည်။

အမိမြန်မာပြည်ကြီး။ ကြီးပွားမည့်ရှိရာ။ မြန်မာများမျက်စိကြီး။ နားကြီး။ ဉာဏ်ကြီးလာသည်ဖြစ်၍။ အမိမြန်မာပြည်ဘွား။ မြန်မာအမျိုးသားထည်းက ကြိုးစားရှာကြံ၍ စီမံပြုလုပ်သည်ဖြစ်သောကြောင့်။ "မြန်မာနံပါတ်တပ်နည်း"ဟူ၍၎င်း။"မြန်မာရေးမှတ်နည်း"ဟူ၍၎င်း။ အများပင်ခေါ်ဆိုသင့်ကြပေ၏။ ဤနံပါတ်တပ်နည်းကို။ စာမျက်နှာ ၂၂ ၌။ပုံ ၁၃၂ တွင်ပြထားပြီးဖြစ်သော်လည်း။သခုတဖန်။ပုံ ၂၀၇ ၌။အကြည့်ရလွယ်ကူစေရန်ပြထားပြန်ပါသည်။ပုံ ၁၃၃။နှင့်။ပုံ ၁၃၄ မှာပြထားသကဲ့သို့သည်း စာလုံးနှင့်။ဂဏန်းရောနှောလျက် နံပါတ်တပ်နည်းများကိုခွဲခြား၍ အသုံးပြုနိုင်ပါ၏။၎င်းမှအပ။၆၄ ကွက်ကိုတကွက်လျှင်အမှတ်အသားတခုကျသား၍ အမည်ပေးထားမည်ဆိုပါလျှင်လည်း ရနိုင်ရန်အကြောင်းရှိပါ၏။သို့ရာတွင်။ သခုံအသုံးပြုမည့်။ပုံ ၁၃၂ နှင့်။ပုံ ၂၀၇ တွင်ဘော်ပြထားသည့် နံပါတ်တပ်နည်းသည်၊လွယ်ကူ၍အမှတ်အသားခဲမခဲသည်းပါ။ ။အဘယ်ကြောင့်ဆိုသော် '၁'က'၆၄'အထိဂဏန်းများကိုလက်ဝဲဘက်အသက်သုံးထောင့်ကစ၍။ စာရေးရိုး ရေးစဉ် ကဲ့သို့ လက်ျာဘက်သို့ ရှစ်ကွက်စေ့အောင် ရေးသွားပြီးနောက်။'၁'အောက်က'၉'ဂဏန်းကိုစ၍ရေးသားခြင်းအားဖြင့်။ '၆၄'ကွက်စေ့သောအခါ'၆၄'ဂဏန်းသို့ရောက်ပါသည်။ ။'မူဆိုးကိုဗိုင်သင်သည်' ဆိုဘိသကဲ့သို့၎င်း။ 'ကျွမ်းကျင်ရာလိမ္မာသည်' ဆိုဘိသကဲ့သို့၎င်း။ နှောင်သောအခါ၌။ဤနံပါတ်များကိုမှတ်ရ။ ကြည့်ရဖန်များလာသောအခါ။နံပါတ်

ကို။မကြည့်ဘဲ။ စစ်ဘုရင်ခုံတွင်နံပါတ်ကိုရေးမထားဘဲ။ မည်သည့်အကွက်ကမည်သည့်အကွက်ကိုရွေ့သွားကြောင်းသိနိုင်လိမ့်မည်။

အထက်ဘက်ကို'အနက်ဘက်' အောက်ဘက်ကို။'အနီဘက်' ဟုအမှတ်အသားထားပါသည်။တဘက်လျှင် ၃၂ ကွက်စီပိုင်းခြားထားပါသည်။ အနက်ဘက်မှာ။'၁'ဂဏန်းက'၃၂'ဂဏန်းအထိ။ အနီဘက်မှာ'၃၃'ဂဏန်းက'၆၄'ဂဏန်းအထိ။ အကွက်များကို ပိုင်းခြားထားကြောင်း သတိပြုရန်လိုလေသည်။

အခန်း -၃။

စစ်ဘုရင်ခုံအကြောင်း။

စစ်ဘုရင်ခုံ၏ပုံသဏ္ဌာန်မှာ။ ခြေထောက်လေးချောင်းတပ်လျက်ဖြစ်စေ။ပျဉ်ထူနှစ်ပြားကိုခြေထောက်သဘွယ်ပြုလုပ်လျက်ဖြစ်စေ။တည့်ထားပြီးလျှင်။တိုင်လေးလုံးမြဲစေရန်။တိုင်ထိပ်နှင့်အနီးဘေးဘက်များကပျဉ်ထူနှင့်ကပ်ရိုက်ပြီးနောက်။၎င်းတို့အပေါ်၌ လေးမျက်နှာစတုရန်းကျကျ။ ပျဉ်တပြားဖြစ်စေ။ပျဉ်နှစ်ပြားဆက်၍ဖြစ်စေ။ခုံငယ်တခုပြုလုပ်ထားခြင်းပင်ဖြစ်သည်။

စစ်ဘုရင်ခုံ၏မျက်နှာပြင်မှာ။ အနိမ့်အမြင့်ညီညာစေရမည်။ အလျားနှင့်အနံညီမျှသဖြင့်။စတုရန်းသောင့်ကျစေရမည်။ကျွန်းသား။ ထင်းရှူးသားတို့နှင့်ဖြစ်စေ။စက္ကူထူထူနှင့်ဖြစ်စေ။ပြုလုပ်နိုင်၏။၎င်းစတုရန်းလေးထောင့်ပုံတခုကို။အလျားရှစ်ကွက်။ အနံရှစ်ကွက်။ အကြီးအငယ်ညီမျှသော စတုရန်းအကွက်ငယ်ပေါင်း'၆၄'ပြုလုပ်ရမည်။ ၎င်းနောက်ထောင့်ဖြတ်မျဉ်းတကြောင်းစီ။ကြက်ခြေခတ်မျဉ်းနှစ်ကြောင်းလည်းပါရှိစေရမည်။ပုံ ၂၀၃။ အတိုင်းပင်ဖြစ်သည်။ပုံ ၂၀၄။ပုံ ၂၀၆။ပုံ ၂၀၆ တို့ကိုလည်းအသုံးပြုကြသေး၏။

အသုံးပြုရန်သစ်သားမှာ။ထင်းရှူးသားပင်ကောင်းပေ၏။ ပေါပေါရ၍။"အင်္ဂလိပ်နိုမစ်ကဲ"အကုအကျယ်ခဲ့သောကြောင့်။ ငံသာနှုတရားထဲလဲကျ။အသားလည်းပွသဖြင့်။ဒေါ်သအလျောက်။အရုပ်ကိုမြှောက်လျက်။ ရောက်ရက်ခတ်ချသော်လည်း။ အခြားကကြားရသူ။ နားများပင် ဆူလောက်အောင်။"ဒေါက်ခနဲ–ဒေါက်ခနဲ" အသံမမြည်ပါ။ အခြားမာသောသစ်သားများကဲ့သို့။အသံကျယ်ကျယ်မမြည်သည်ကိုသာဆိုလိုပါသည်။အသံအလျင်းမမြည်ဟုမဆိုလိုပါ။ အရုပ်များလည်းတာရှည်ခံပါလိမ့်မည်။ သို့သော်လည်းကျွန်းသားလောက်အလေ့ပ်ရမလွယ်ချေ။အလုပ်ရလွယ်၍ခံတာရှည်နိုင်သဖြင့်ကျွန်း

သားကိုလည်းအသုံးပြုကြပါ၏။အသံမမြည်စေရန် အင်္ဂလိပ်စစ်ဘုရင်ရုပ်များ မှာကဲ့သို့။ အရုပ်များအောက်ကသဋ္ဋလပ်စိမ်းကိုကော်နှင့် ခိုင်စွာကပ်ထား လျှင်လည်းကောင်းပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင် အသုံးပြုနေသော စစ်ဘုရင်ခုံမှာအလျား ၂၄ လက်မ။အနံ ၂၄လက်မရှိသဖြင့်။အကွက်ငယ်တခုလျှင်'၃'လက်မပတ်လည် ဖြစ်ပါသည်။သစ်သားဘောင်ပေါ်တွင်"ကထဘ္ဘိ"ခေါ် စက္ကူထူထူကို ကပ် လျက်၊၎င်းအပေါ်ကတဖန်ပုံဆွဲစက္ကူကိုကပ်ပြန်ပါသည်။ 'ပုံ ၂၀၃'အတိုင်း မျဉ်းတားလျက်။ နံပါတ်များ'၁'က'၆၄'အထိရေးရိုးရေးစဉ်အတိုင်း ရေးပြီး လျှင်။စက္ကူနှင့်ပျဉ်မြဲစေရန်သင့်လျော်သောနေရာတို့၌။ကြေးမှိုများစွဲသားပါ သည်။၎င်းနောက်အရောင်တင်ဆေးနုံးချုံးကိုသုတ်လိမ်းထားပါသဖြင့်။ သား ရေနှင့်တူနေသဖြင့်ကြည့်ရှု၍လည်း တင့်တယ်ပါသည်။ အရုပ်ချသောအခါ အသံကျယ်ကျယ် မမြည်ပါ။ အရောင်ဆီ ပွန်းသွားလျှင် ထပ်သုတ်ထားပါ သည်။ခြေထောက်နှင့်အံဆွဲများမပါချေ။ ကျွန်းသားနှင့်ထင်းရူးသားခုံများကို အသုံးပြုပါက။အံဆွဲတခုထည့်လျှင်အရုပ်များကိုသိမ်းထားနိုင်ပါသည်။မျက် နှာချင်းဆိုင်။ခုံ၏တဘက်တချက်။ လက်ျာဘက်တို့၌။အံဆွဲတခုစီ။ အံဆွဲနှစ်ခု ထည့်ပါလျှင်။ အရုပ်နီ—အရုပ်နက်တို့ကိုခွဲ၍ သိမ်းထားနိုင်မည် ဖြစ်သော သောကြောင့်သာ၍ပင်သင့်လျော်လိမ့်မည်ဟု ထင်မြင်သဘောရပါသည်။ ငွေတတ်နိုင်ပါကရွှန်းထိုး။ သမိုးကိုင်။မှန်စီရွှေချဖြစ်စေ။ ရှုဖွယ်သနန်းတွင်း ဇာတ်တော်ကြီးမှာပါသကဲ့သို့။ရွှေသားအတိစစ်ခုံများကိုလည်း အသုံးပြုနိုင် ပါ၏။၎င်းထက်အလွန်။မင်းညီမင်းသား။သူဌေးသူကြွယ်များဖြစ်ပါက၊ ပုလဲ။ သန္တာ။နီလာ။ဂေါ်မုတ်။ဥဿဘရား။စိန်။ကြောင်။မြ။ ပဒ္မြားတည်းဟူသော နဝရတ်ကိုးပါးကိုစစ်ခုံ၌စီချယ်လျက်။ တင့်တယ်လျောက်ပတ်စွာ ပြုလုပ်နိုင် ပါသေး၏။

စစ်ဘုရင်ခုံ၏မျက်နှာပြင်အကျယ်အဝန်းမှာ။စတုရန်းလေးထောင့်ပျဉ် ၏တဘက်တချက်သို့တိုင်းလျှင်။၁၆—လက်မ။၁၈-လက်မ။ လက်မ ၂၀—၂၂ လက်မ။၂၄လက်မအထိအသုံးပြုသင့်ပေ၏။၂၄ လက်မထက်ကျယ်ဝန်းလျှင်။ မိမိ၏အရုပ်သည်တဘက်ကစစ်တိုးသူနှင့်ကပ်လျက်ရှိသော အကွက်များသို့ ရောက်သွားသောအခါ။(ကျေးဇူးပြု၍အရုပ်ကိုလှမ်းပါ)ဟု ဆိုရခမန်းရှိသွား ပေလိမ့်မည်။အရုပ်များ၏အကြီးအငယ်အရွယ်အစားကိုလိုက်လျက်။စတုရန်း အကွက်ငယ်၌အရုပ်တည်လျှင်လွယ်လွယ်နှင့်ယူရွှေ့နိုင်စေရန်။ အခြားအရုပ် များကိုလည်းမထိမခိုက်စေရန်။သင့်လျော်အောင်ကြည့်ရှု၍ပြုလုပ်သင့်ပေ၏။

စစ်ဘုရင်ခုံ၏အနိမ့်အမြင့်မှာ။ ၁၀ လက်မခန့် ရှိလျှင်။ သင့်လျော်လေပြီ။

ထင်းရှူးသားကိုခုံလုပ်လျှင်၊ ချေးနုံမျှားမျှားသုတ်ပြီးနောက်။ နေသွေ့စွာလှမ်းထားလျှင်။သာ၍ပင်ကောင်းမည်။

ကလေး–မြေးငယ်ရှိသောအိမ်များ၌။ စစ်ရုပ်များ မပျောက်စေရန်။ အံဆွဲ၌ သော့ခတ်ထားလျှင်ကောင်းလိမ့်မည်။

စစ်ဘုရင်ခုံ၌ ခြေထောက် လေးချောင်းတပ်လျက်။ သစ်သား ပျဉ်ပြား၏မျက်နှာပြင်ပေါ်တွင်။ စက္ကူအထူကို ကပ်လျက်၊ ပုံဆွဲသောစက္ကူကို ထပ်မံကပ်ပြန်သဖြင့်။အကွက်များ။ စစ်ကဲ မျဉ်းကြောင်းများရေးဆွဲထားပြီးနောက်။အရောင်တင်ဆီချေးချေးကို သုပ်ထားလျှင်။ သာ၍ကောင်းပါမည်။ ခုံမျက်နှာပြင်ပေါ် ရှိအကွက်ငယ်တို့၌၊ နံပါတ်တပ်ရန် လိုမှသာ ရေးထည့်သင့်ပေ၏။

စစ်ကဲ မျဉ်းကြောင်းမပါဘဲ။ စစ်ကဲ မျဉ်းကြောင်းပါသကဲ့သို့။ စစ်ဘုရင်ခုံ၏ မျက်နှာကို။ တမျိုးတမည် ပြုလုပ်လိုပါလျှင်။ နံပါတ် တပ်နည်း 'ပုံ–၂၀၇' အရ။ သေဘင့်ဖြတ် မျဉ်းများ ပေါ်သို့ ကျရှိသော '၁' '၁၀' '၁၉' '၂၀' '၃၇' '၄၆' '၅၅' '၆၄' '၈' '၁၅' '၂၂' '၂၉' '၃၆' '၄၃' '၅၀' '၅၇' နံပါတ်များကို။ မင်နီနှင့် နံပါတ် တပ်၍။ ကျန်ရှိသော ဂဏန်းများကို။ မင်နက်နှင့်ရေးသားပါက။ ရှင်းထင်းကောင်းမွန် အလှနံတင့်တယ်ပါလိမ့်မည်။

{ အခန်း ...... ၄ }

" စစ်ဘုရင်ရုပ်များအကြောင်း။ "

စစ်ဘုရင်–ထိုးကစားသောသူ နှစ်ဦးနှစ်ဘက် ရှိသည့်အနက်။ ထိုးသူတယောက်အတွက်။ အရုပ်ပေါင်း ၁၆ ရုပ်စီ အသုံးပြုရသဖြင့်။ စစ်ဘုရင်တခုံအတွက်။အရုပ်ပေါင်း ၃၂ ရုပ်ရှိ၏။ တဘက်၏အရုပ်နှင့်–တဘက်၏အရုပ်–ရှုပ်ရှုပ်–ထွေးထွေး–မရှိကြစေရန်။ အရောင်ကွဲများကို အသုံးပြုရ၏။အများအားဖြင့် 'အနက်' နှင့် 'အနီ' ရောင်များကိုအသုံးပြုသော ရှိပေ၏။ အဖြူ–အစိမ်း–အဝါ–အညို–စသည်များကိုလည်း။ အသုံးပြုကြပေ၏။ ။သို့ရာတွင်။တရောင်နှင့်တရောင်–ရောနှောခြင်းမရှိဘဲ။ ရုတ်တရက် မြင်ရုံမျှနှင့် သိရန်လို၏။

တဘက်လျှင်စစ်ရုပ်ပေါင်း ၁၆ ရုပ်ရှိသည့်အနက်။မင်းကြီးရုပ် '၁'

စစ်ကဲရုပ် '၁' ။ ရထား '၂' ။ မြင်း '၂' ။ ဆင် '၂' နှင့်။ နယ်ရုပ် '၈' ရုပ်၊ ပေါင်း ၁၆ ရုပ်ဖြစ်၏။

အင်္ဂလိပ်စစ်ဘုရင်၌။ ရုပ်လုံးပေါ်ကိုအသုံးမပြုချေ။ မြန်မာစစ်ဘုရင်၌မူကား။ အရုပ်လုံးပေါ်အောင် ထုလုပ်၍အသုံးပြုလေ့ရှိ၏။

စစ်ဘုရင်အရုပ်များ ထုလုပ်ရန်။ 'မာလကာ'သား။ 'ရမနေ'သား။ 'လက်ထုတ်'သား။ 'သင်းသိုက်'သား။ 'ကျွန်း'သား 'ပင်လယ်အုန်း' သား။ 'ထောက်ကြံ့'သား များကို အသုံးပြုလေ့ရှိကြ၏။ မာလကာ သားသည်။ အသားညက်မွတ်၍ ပျဉ်းသောကြောင့်။ ချောမွေ့အောင် ထုလုပ်နိုင်သည့် အပြင်။ တာရှည် ခိုင်ခံ့၏။ ရမနေသားသည်။ မာလကာ သားလောက်အသား မညက်သော်လည်း။ ပေါ၍ ပျဉ်းသဖြင့်။ အလုပ်လည်း လွယ်ကူ၏။ ကျွန်းသားကိုလည်း။ ထုလုပ်ကြ၏။ လက်ထုတ်သားသည်လည်း။ အသားမွတ်ညက်၏။ အခြားသင့်လျော်သည့်သစ်သားမျိုးရှိသေးလျှင်လည်း အသုံးပြုနိုင်၏။ သို့ရာတွင်။ ၎င်းသစ်သားများမှာ။ အသားပျဉ်း၍။ လက်လေး—လက်ဆပေါ့ စေရမည်။

သစ်သားအပြင်—ဆင်စွယ်။ ကျွဲချိုဖြူ၊ ကျွဲချိုနက်။ ဆတ်ချိုများကိုလည်း။ အသုံးပြုကြ၏။ အခြားအစွယ်နှင့် ချိုများကိုလည်း။ သင့်လျော်လျှင် အသုံးပြုနိုင်၏။

ဆင်စွယ်' ဆတ်ချို' ကျွဲချို' များကို။ အလိုရှိသလောက် ဖြတ်တောက်ပြီးလျှင်။ မကြိုးချက်ကြမ်း၊ ဓါးသီး။ ဆန်စေ့များထည့်၍ မြေအိုးနှင့် သုံးပုံ—နှစ်ပုံခမ်းအောင်ပြုတ်ပြီးနောက်။ ပြော့ပျောင်းလာသည့်အခါ။ လိုရာအရုပ်များကိုအလွယ်တကူ ထုယုပြုလုပ်နိုင်၏။ အရုပ်များ အရောင် ကွဲစေရန်။ သစ်သားများကို စစ်စေး' သျှုံးကိုင်—တိုက်သွင်းပါက။ အရောင် နက်ဖြစ်သာ၏။ဟင်္သပြဒါးထည့်၍သျှုံးကိုင်-တိုက်သွင်းပါက။အရောင်နီ ဖြစ်လာ၏။ကျွဲချိုနက်နှင့် ကျွဲချိုဖြူမှာ။အရောင်ကွဲပြီးဖြစ်ပေ၏။

ဆင်စွယ်နှင့်အရိုးများကိုမူကား။အရောင်ကွဲစေရန် ကြံဖန်ပြုလုပ်အပ်ပေ၏။ အဖြူသဘာက်။အနီဖြစ်စေ။အနက်ဖြစ်စေ။တဘက်ထားသင့်၏။စစ်ဘုရင်ရုပ်တို့၏အနိမ့်'အမြင့်' အရွယ်အစားများမှာ။ ၎င်းအရုပ်မျိုးကို ထုလုပ်ရောင်းချနေကြသူများထံတွင်။ အသင့် ဝယ်ယူအသုံးပြုပါက။ အလွယ်ဆုံးဖြစ်ပေသည်။သို့ရာတွင်။စုံလင်စွာသိရှိစေရန်အမြွက်မျှဘော်ပြပါအံ့။ ။ဆင်စွယ်နှင့်အရိုးရုပ်များမှာ။အောက်ခံနှင့်တကွ။မင်းကြီးရုပ်၏အမြင့် '၂—လက်မ' ။အောက်ခံနှင့်တကွ။စစ်ကဲရုပ်မှာ။ '၂—လက်မ—မတ်တင်း—၂—လက်မလျော့လျော့'။ အောက်ခံနှင့်တကွ။ နယ်ရုပ်မှာ။ 'ငါးမတ်—တလက်မနှင့်—

ပလက်မ၏ ၄ ပုံ—တပုံ'။အောက်ခံနှင့်တကွ။ ရထားမှာ။ '၂—လက်မ တမတ်။ ၂—လက်မနှင့်တလက်မ'၏ ၄ ပုံ—ဘပုံ'။ **အောက်ခံနှင့်တကွ**။ ကျောကုန်းအထိ။မြင်း၏အရုပ်မှာ-ငါးမတ်။အောက်ခံနှင့်တကွ။ ကျောကုန်းအထိ။ ဆင်ရုပ်မှာ။အမြင့်တလက်မသုံးမူး။ဆင်နှင့်မြင်းတို့မှာ။ဆင်စီးသူရုပ်။ မြင်းစီးသူရုပ်တို့ကို။ အတိုင်းအထွာတွင်မယှဉ်။မပါချေကာ။ ကြိုးတန်ဆာ မှုကား။ ပါနိုင်၏၊

သစ်သားရုပ်များမှာ၊အောက်ခံနှင့်ဘကွ၊ မင်းကြီးရုပ်၏ **အမြင့်—၃** လက်မ။စစ်ကဲ ၃ လက်မ မတ်ဘင်း။နယ် ၂ လက်မ။ ရထား ၃ လက်မ တမတ်။ မြင်း ၂ လက်မခွဲ။ ဆင် ၂ လက်မ—တမတ်။ ဆင်ရုပ်—မြင်းရုပ်များ၌၊ က-ကြိုးတန်ဆာပါလျှင်သာ၍ကောင်း၏။လူစီးရုပ်သည့်လိုကလည်း ထည့်နိုင်၏။မြင်းနှင့်ဆင်တို့မှာ၊ ကျောကုန်းအထိသာအမြင့်ကို ဖော်ပြထား၏။ လူစီးရုပ်အတွက်မပါချေ။

စစ်ဘုရင်ရုပ်တို့၏ ပုံသဏ္ဍာန်များမှာ သင့်လျော်သလို ထုလုပ်တတ်ကြ၏။သို့ရာတွင်၊စစ်ဘုရင်၏ရာဇဝင်အထွေထွေတွင်ဖော်ပြ ပါရှိသည့် အတိုင်း။သိဿ ဉ့ကျွန်းကအစပေါ်လာသောကြောင့်။ တဘက်စစ်ရုပ်များမှာအနက်၊မင်းကြီးရုပ်မှာ ယာမ မင်း၏ပုံသဏ္ဍာန်။ မင်းခြောက်တန်ဆာ ငါးပါးပါစေရမည်။မျက်နှာတွင်သာဖြစ်စေ။ တကိုယ်လုံးဖြစ်စေ။ ဆေး—အရောင်မိန်းနှင့်သုဘ်ထားသင့်၏။ဘဘက်မင်းကြီးရုပ်မှာ၊ဒသဂီရိ ဘီလူးရုပ်သဏ္ဍာန်ထုလုပ်၍။အရောင်မှာအနီရောင်ဆေးကို။ မျက်နှာတွင်သာဖြစ်စေ။ တကိုယ်လုံးမှာဖြစ်စေ။သုဘ်ထားသင့်၏။တဘက်အရုပ်နှင့်ဆီလျော်စေရမည်။

ယာမ မင်းဘက်ကနယ်ရုပ်များမှာ။မျောက်ရုပ်။ ဒသဂီရိ ဘက်ကနယ်ရုပ်များမှာ။ ဘီလူးရုပ်များဖြစ်စေရမည်၊အရောင်မှာအထက်ပါအတိုင်းပင် ဆီလျော်အောင်စီမံသင့်၏ စစ်ကဲရုပ်များမှာလည်း၊မျောက်မျက်နှာ။ဘီလူးမျက်နှာတို့ဖြင့်၄င်း၊ ဆင်ရုပ်နှင့်မြင်းရုပ်များ အပေါ်ကစီးသူ-မြင်းစီးလူရဲ။ ဆင်စီး သူရဲများပါရှိစေလိုကလည်း။ မျောက်တဘက်—ဘီလူး တဘက်စီး စေရမည်။ရထားများမှာမူကား၊အရောင်ကိုသာ ခွဲခြန်ရှိစေရတော့သည်။

ပနည်းအားဖြင့်ဆိုသော်၊ ။အရုပ်တမျိုးမှာ၊မြန်မာ { ရှင်ဘုရင် } မင်းကြီးရုပ်ပုံသဏ္ဍာန်။မင်းခြောက်တန်ဆာငါးပါး။စလွယ်။နားပေါင်း' ပါရှိစေရမည်။သံလျက်ကိုလည်း။ လက်ျာဘက်—လက်ကခွဲကိုင်လျက်။ ပခုံး ပေါ်သို့တင်ထားဟန်—ထုလုပ်သင့်၏။အချို့အရုပ်များမှာ။တရုပ်အတွက်။ သံလျက် ၂ ချောင်း—လက်နှစ်ဘက်ကိုင်ဟန်ထုလုပ်ကြသေး၏။ တချောင်းတည်းကိုပင်။လက်ျာဘက်ကကိုင်စေလျှင်။သင့်လျော် လိုလောက်လေပြီ။

မင်းကြီးနှစ်ရုပ်အနက်။တရုပ်က—ဖူးထောက်လျက်ထိုင်ဟန်။ တရုပ်က။ဖူးထုပ်လျက်ထိုင်ဟန်ထုလုပ်ရမည်။ ။စစ်ကဲရုပ်များမှာ။ သိုရင်းအင်္ကျီဝတ်။ပေါင်း—နားဒေါင်း—စလွယ်နှင့်တကွ။တဘက်အရုပ်က ဖူးဘောင်။ တဘက်အရုပ်က ပုဆစ်ဖူးတုပ်ဟန် ထုလုပ်ရမည်။ ။နယ်[illegible]ရုပ်များမှာ။တဘက် အရုပ်က သံခမောက်ဆောင်း—သံလျက်ကိုင်။ တဘက် အရုပ်က။ သျှောင် (ရောင်)သုံးနှင့်ထား။{ဒါး}ထမ်းနေဟန် ထုလုပ်ရမည်။ ။ဆင်' မြင်း'ရထားများကိုခွဲခြားရန်များစွာမလိုချေ။ တဘက်အရုပ်နှင့် တဘက်အရုပ်ဆင်တူ—ထုလုပ်သည်သာများပေ၏။တဘက်မြင်းကိုမြန်မါမြင်းသဏ္ဌာန် တဘက်မြင်းကို မဒရပ်။အာရေဗ်—စသည်မြင်းသဏ္ဌာန် ထုလုပ်နိုင်ပေ၏။

{အခ ၁ ကျမ်း ၅ }

စစ်ဘုရင်ရုပ်များ၏အမည်ကို။အတိုကောက်
ရေးမှတ် ထား နည်း။

မင်းကြီး။ စစ်ကဲ။ ရထား။ မြင်း။ ဆင်။ နယ်—စသောအားဖြင့်။ တဘက်လျှင်အမျိုးအမည်ကွဲ ။အရုပ် ခြောက်မျိုးရှိလေသည်။ ၎င်းတို့ကိုအမှတ်ရလွယ်စေရန်အောက်ပါအတိုရေးနည်းကိုအသုံးပြုရပေမည်။

စစ်ရုပ်၏အမည်များ။	အတိုရေးမှတ်နည်း။
၁။ ။မင်းကြီး 'မင်း'	မ
၂။ ။ရထား။	ရ
၃။ ။မြင်း	မြ
၄။ ။ဆင်	ဆ
၅။ ။စစ်ကဲ	စ
၆။ ။နယ်	န

၎င်းအရုပ်ခြောက်မျိုးတို့၏ပုံသဏ္ဌာန်ကိုစစ်တည်နည်း၌{ဘလောက်} ထုလုပ်၍ပြထားလျက်ရှိ၏။

(အခ ၁ ကျမ်း ...... ၆)

စစ် တည် နည်း။

စစ်ဘုရင်ပညာတွင်။ရှေးအကျဆုံးဖြစ်သော။"စတုရင်" ကျမ်းရင်း၌၊ စစ်တည်နည်းတမျိုးတည်းသာရှိ၏။ ပဥ္စမ—မုလကား၊လေးယောက်တိုးရသော

စစ်တည်နည်းတမျိုး။၎င်းနောက်မှပြင်ပြန်၍။ နှစ်ယောက်သာ စစ်ထိုးရသော စစ်တည်နည်းတမျိုးသာလျှင်ရှိပေ၏။ အင်္ဂလိပ်စစ်ဘုရင်ကို သာခုအခါ၊ တကမ္ဘာလုံးမှာပင်။အနှံ့အပြားထိုးနေကြရာ။ စစ်တည်နည်း တမျိုးတည်းပင် ရှိပေ၏၊

မြန်မာစစ်ဘုရင်ထိုးရန်စစ်တည်နည်းပေါင်းများစွာရှိ၏။ ။နည်းနာနသကောင်းစွာမရကြသေးသူများမှာ။ မိမိတို့ထင်မြင်ရာ သဘောအတိုင်း စစ်တည်နည်းကိုအသုံးပြုကြ၏။ရန်ကုန်ကြည့်မြင်တိုင်။ ပုဇွန်တောင်မြို့တို့၌။ စစ်ဘုရင်ဆရာကြီးများသည်စစ်တည်နည်းအများကိုပင် နားလည်ကြသော်လည်း။(မြင်းထပ်)(မြင်းခွ)ကို အများအားဖြင့်ကစားလေ့ပြုကြ၏၊ အခြားနည်းများကိုလည်း။ ရံဖန်ရံခါစစ်တည်၍ကစားသေး၏။ ၎င်းတို့မှာစစ်ကဲသွဲ။ဆင်ယှဉ်မြင်းခွ။မင်းပုန်း။အိတ်ထောင့်ကွက်။ စလင်းကွက်စသည်များဖြစ်ကြ၏။မင်းပုန်းစစ်တည်နည်းမှာ တမျိုးတည်းလေ့ရှိ၏။ဦးဘသောင်၏ (မင်းကြီးပုန်း)ခေါ်မင်းပုန်းစစ်တည်နည်းနှင့်မတူချေ။ ။

စစ်တည်နည်းမှုမှန်ကို ဖွကန်ရကြသူများမှာ။ အောက်ပါစစ်တည်နည်းများကိုအသုံးပြုကြ၏။ ၎င်းစစ်တည်နည်းများကို၊ ဦးဘသောင်ကပင် တည်ထွင်ပြုလုပ်ခဲ့သည်။ အခြားစစ်ဘုရင်ဆရာကြီး တဦးတယောက်ကပင် တည်ထွင်ထားခဲ့သည့်ဟုကျွန်ုပ်တို့မချမသိရသေးဖြစ်၏၊ စစ်တည်နည်းများကို(လိုက်စစ်){ခံစစ်}ဟူ၍နှစ်မျိုးခွဲထား၏၊ပဋ္ဌမစ၍စစ်တက်မည့်သူက ပဋ္ဌမစစ်တည်ရ၏။တည်ပြီးလျှင် နောက်ထပ်မပြင်ရ၊ထိုအခါမှ၊ ဒုတိယစစ်တက်မည့်သူက။ပဋ္ဌမစစ်တည်နည်းကို သေချာစွာကြည့်ရှုလျက်။ မိမိကနိုင်သော်လည်းနိုင်ခမည်။မနိုင်သော်လည်းမရှုံးစေရန်။ စစ်တည်နည်းကောင်းကောင်းကိုတည်ရ၏။ ပဋ္ဌမစစ်တည်၍ပဋ္ဌမပင်စစ်တက်ရသည့် စစ်တည်နည်းကို။ {လိုက်စစ်}ဒုတိယစစ်တည်၍ ဒုတိယစစ်တက်ရသည့်စစ်တည်နည်းကို။ (ခံစစ်) ဟုခေါ်လေ့ရှိ၏။

စစ်တည်နည်းမှုမှန်အရ စစ်တည်နည်းနှိုးရိုးရှစ်မျိုးသာရှိ၏။ စစ်ကြမ်းထိုးစစ်တည်နည်းနှင့်။သဘောရှိတည်ကြသောစစ်တည်နည်းများကား များပြားစွာရှိ၏။ ။စစ်တည်နည်းကြီးရှစ်မျိုးတို့၏အမည်များကို။လိုက်စစ်။ခံစစ်။ အရအောက်၌ဖော်ပြထား၏၊

လိုက်စစ်။	ခံစစ်။
၁။ မင်းကြီးပုန်း။(မင်းပုန်း)	မြင်းဆက်။
၂။ မြင်းဆက်။	မြင်းယှဉ်။
၃။ မြင်းယှဉ်။	မြင်းချိတ်။

လိုက်စစ်။	ခံစစ်။
၄။ မြင်းချိတ်။	မြင်းထပ်။
၅။ မြင်းထပ်။	မြင်းခွ။
၆။ မြင်းခွ။	အတွင်းစစ်ကဲပေါက်။
၇။ အတွင်းစစ်ကဲပေါက်။	ဆင်ယှဉ်မြင်းခွ။
၈။ ဆင်ယှဉ်မြင်းခွ။	မြင်းထပ်။

ဤစစ်တည်နည်းမှုမှန်များကို။ ယခုအခါကြည့်မြင်တိုင်တွင် နေထိုင်လျက်ရှိသော။မြန်မာစစ်ဘုရင်ဆရာကြီး။ သိမ်ကြီးဒါယကာ"ပုသိမ်"ဦးမှတ်ကအကြံပေးချက်အရ။ ဦးသာဆောင်၏ တပည့်ရင်းဖြစ်သူ။ ပန်းတနော်မြို့ ပွဲစားတန်း။ဆန်ကုန်သည်ကြီး။မြန်မာစစ်ဘုရင်ကို များစွာတတ်မြောက်သော။ ဦးမောင်ကလေးထံမှ။မှုမှန်အတိုင်းရရှိပေ၏။စစ်တည်နည်းမျှမက။စစ်ဘက်ပုံ။ စစ်ထိုးပုံများမှစ၍။စစ်တပွဲတပွဲလျှင် နှစ်ကြိမ်ကြိမ်ထိုးပြပါသဖြင့်။ အစကအဆုံးတိုင်ဘော်ပြထားသောစစ်ပွဲပေါင်း"၁၆"ပွဲတို့လည်း။နောက်အခဏ်းများ၌ဘော်ပြပါအံ့။ ၎င်းပွဲများကိုဦးမောင်ကလေးကိုယ်တိုင် ကြည့်ကြပ်လျက်။ ဦးမှတ်နှင့်နှစ်ယောက်ထိုးပြထားပါသည်။

အထက်ကဘော်ပြထားသော စစ်တည်နည်းရှစ်မျိုးအနက်။ "လိုက်စစ်"။"ခံစစ်"ပြုလုပ်၍ပွဲပေါင်းရှစ်မျိုးပင်ထိုးနိုင်အောင်။ စီစဉ်ထားသည်ကို။ ကြည့်ရှုပါလျှင်။မြင်းထပ်စစ်တည်နည်းကိုသုံးကြိမ်အသုံးပြုကြောင်း သိရပေ၏။ ပဌမအကြိမ်၌"မြင်းချိတ်"ကို။ "လိုက်စစ်"။ "မြင်းထပ်"ကို "ခံစစ်" ဒုတိယအကြိမ်၌ "မြင်းထပ်"ကို။ လိုက်စစ်။"မြင်းခွ"ကိုခံစစ်။ တတိယအကြိမ်၌။"ဆင်ယှဉ်မြင်းခွ"ကိုလိုက်စစ်၊ မြင်းထပ်ကိုခံစစ်ပြုလုပ်၍ စစ်တည်ထား၏။စစ်တည်နည်းနံပါတ်၄-၅-၈ တို့ကိုကြည့်ပါ။ ဦးမောင်ကလေး အခါနှံ့ရှိဘူးသည်မှာ။ မြင်းထပ်စစ်တည်နည်းသည်အလွန်ကောင်းကြောင်း။မြင်းခွစစ်တည်နည်းတမျိုးကိုသာသျှင်ကြောက်ခကြောင်း။၎င်းစစ်တည်နည်းများမှလွဲ၍အခြားနည်းကိုစစ်တည်ထိုးသူရှိပါက။မြင်းထပ်နှင့်ပင်ခံ၍ထိုးနိုင်သည် ဟုပြောဘူး၏။ ဦးသာဆောင်ကလည်း၎င်းကဲ့သို့ပင်အခါနှံ့ရှိသွားလေသည်ဟု သိရှိရပေ၏။

ရန်ကုန်မြို့တွင်ဈေးအခါ။ယခု ပင်းခါး ဦးမောင်ဟုခေါ်သောမြန်မာစစ်ဘုရင်ဆရာကြီးတဦးသည်။ အလောင်းအစားနှင့် စစ်ဘုရင်ပွဲပေါင်းများစွာထိုးဘူးရာ။မြင်းထပ်စစ်တည်နည်းတခုကိုသာသျှင်။လိုက်စစ် ခံစစ်။ နှစ်မျိုးလုံးအတွက်။တည်ထိုးလေ့ရှိသည်ဟု။ဘဆင့်စကားကြားရဘူးပေ၏။ စစ်တည်နည်းမှုမှန်ကြ၍။နှစ်ဘက်လုံးပင် အတတ်ချင်းတူကြလျှင် ပွဲတိုင်းပင်အရှုံးအ

နိုင်မရှိဘဲ။သရေကျတတ်သည်ဟုအယူရှိကြ၏။သို့ရာတွင်။ ဦးမောင်ကလေး နှင့်တကွ။မြန်မာစစ်ဘုရင်ဆရာကြီးဦးခါလက်၊ (ဆရာဦးကာလီတ်ဟုခေါ်သူ များ၏)တို့ကခံစစ်ဘက်သည်အနိုင်များကြောင်းအဓိပ္ပါယ်ရှိကြ၏။


ဦးမောင်ကလေးနှင့် ဦးမှတ်တို့ ထိုးကြသော စစ်ပွဲ ၁၆-ပွဲမှာ။ အရှုံး အနိုင်မရှိ။ သရေပွဲ များပင်ဖြစ်၏။ သို့ရာတွင်။ ''မများသောဒေ့၊ နေ။မသေသောသေးသမားမရှိ'' ဟူသောစကားအရ။ စစ်ဘုရင်ထိုးကြရာ။ များသူသာများကြသေးသဖြင့်။ အရှုံးအနိုင်ရှိသောစစ်ပွဲများသာလျှင်။ များ ပေ၏။မြင်းထပ်။ မြင်းခွကိုကောင်းစွာလေ့လာသားသူ၊ ကြည့်မြင်တိုင်စစ်ဘု ရင်ဆရာကြီးများ အချို့မှာမူကား။ သရေကျသောပွဲသာများ၍အရှုံးအနိုင် ပေါ်အောင်။ တော်တော်ပင်ထိုးရကြ၏ဟု သိရှိရပေ၏။ အခြားမြို့ရွာများ၌ လည်းဤကဲ့သို့သောစစ်ဘုရင်ဆရာကြီးများရှိကြကြောင်းကို ယုံမှားသက်သာ ရှိစရာအကြောင်းမဟုတ်ပေ။စစ်တည်နည်းမှုမှန်ကိုမသိကြသူများမှာ။မိမိတို့ သဘောရှိ။စစ်တည်၍ထိုးကြသဖြင့်။အရှုံးအနိုင်ပေါ်သောပွဲများသာ များပေ ၏။ ။{အစကောင်းမှ။အနှောင်းသေချာသည်။} ဆိုသောစကားအရ။ စစ် တည်နည်းမှုမှန်များကိုသိရှိရခြင်းသည် အလွန်ပင်ကျေးဇူးကြီးလှ၏။ ။မြန် မာစစ်ဘုရင်သည်။ အင်္ဂလိပ်စစ်ဘုရင်ထက်တတ်ကျွမ်းနားလည်ရန်။ နည်း ပေးနည်းယူခက်ခဲ၏။ အဘယ်ကြောင့်ဆိုသော်။ အင်္ဂလိပ်စစ်ဘုရင်၌ယခုတ ကမ္ဘာလုံးအနှံ့အပြားထိုးနေကြသော စစ်တည်နည်းတမျိုးတည်းကိုပင်နှစ် ပေါင်းများစွာထိုးလာကြရာ။အဆုံးတိုင်တတ်မြောက်သူမရှိသေးဖြစ်၏။ {သူ့ ထက်သူလူစွမ်းကောင်း}ဆိုဘိသကဲ့သို့။မကြာမကြာ။ ကမ္ဘာချန်ပီယံကြီးပေါ် ပေါက်လာသဖြင့်။ပဋ္ဌမဆရာကြီးကိုနောက်ပေါ်ဆရာကြီးက။ တယောက်ပြီး တယောက်နိုင်စမြဲဖြစ်နေကြ၏။ မြန်မာစစ်ဘုရင်၌စစ်တည်နည်းပေါင်းများ စွာရှိလေရာ။ စစ်တည်နည်းတမျိုးလျှင်နယ်ဘက်နည်းတမျိုး။ စစ်လိုက်။စစ်ခံ နည်းတမျိုးစီပြောင်းလဲရကြသဖြင့်။သင်ပြ။နည်းယူနိုင်စရာပင်မရှိသလောက် ရှုတ်ထွေးများပြားပေ၏၊သို့ပါသော်လည်း။ (ကျွမ်းကျင်ရာ လိမ်မာ)သည်။'မှု ဆိုးကိုမိုင်သင်'သည် ဆိုသောစကားများကဲ့သို့ပွဲပေါင်းများစွာထိုးဘူးသူ။စစ် တည်နည်းအမျိုးမျိုးနားလည်သူဆရာကြီးများသာလျှင်တတ်ကျွမ်းကြပေ၏။ ပင်ကိုယ်ဉာဏ်ရင့်သန်ခြင်းနည်းပါးပါမူကား။ စစ်ဘုရင်ပွဲပေါင်းများစွာမင် ထိုးဘူးပါသော်လည်း။{အကွက်}မတိုးနိုင့်ကြောင်းကိုသိရှိရပေ၏။

စစ်တည်နည်း၏အမည်များကို သိရှိကြရပြီးဖြစ်သဖြင့်။ စစ်ခုံ၌မည် ကဲ့သို့အရုပ်များကိုထား၍ စစ်တည်ရကြောင်းသိကြစေရန်။ ပုံများဖြင့်ကျန စွာပြပေအံ့။ ။အထူးသတိပြုရန်အချက်ကြီးတခုမှာ။စစ်ဘုရင်ထိုးကြသော


အခါ။အရပ်များ၏အရောင်များသည်။အများအားဖြင့်။ အနီနှင့်အနက်များဖြစ်သောကြောင့်။စစ်ခုံမှာကဲ့သို့။ စာအုပ်တွင်ပြထားသောပုံများ၌လည်း။ {အနက်} ဘက် {အနီ} ဘက်ဟူ၍ ခွဲခြားသားရ၏။ အနက်ရုပ်စုကိုကိုင်၍ထိုးသောဘက်ကို{အနက်}ဘက်။ အနီရုပ်စုကိုကိုင်၍ထိုးသောဘက်ကို {အနီ} ဘက်ဟုခေါ်ရပေမည်။ လူနှစ်ဦးနှစ်ယောက်စစ်ချင်ထိုးကြသောအခါ။ စစ်ခုံ၌မျက်နှာချင်းဆိုင်။ ထိုင်၍ထိုးကြစမြဲဖြစ်၏။ ဤစာအုပ်၌မူကား အထက်ဘက်ကို{အနက်}ဘက်။ အောက်ဘက်ကို{အနီ}ဘက်ဟုအမြဲမှတ်သားသီးခြားထားရ၏။အင်္ဂလိပ်စစ်ချင်၌လည်းအထက်ဘက်ကို{အနက်} အောက်ဘက်ကို(**အဖြူ**)ဟုအမြဲအမှတ်အသားထားကြရ၏။ ။စစ်ခုံ၌စစ်ခင်း၍ထိုးကြသောအခါအနက်ဘက်က။မင်း။မြင်း။ဆင်။စစ်ကဲ။ **နယ်**ရုပ်များ**ကို** အနီဘက်သို့မျက်နှာတည့်တည့်လှည့်ထားရ၏။အနီဘက်ကအရုပ်များကိုလည်း အနက်ဘက်သို့လှည့်ထားရ၏။ ရထားရုပ်ကိုရကား။ ထုချိုးထုစဉ်အတိုင်း။အရှေ့ဘက်။အနောက်ဘက်။မျက်နှာသင်း။ကျောဘက်ဟူ၍ခြားနားသားလေ့မရှိသောကြောင့်။ တည်ချင်သလို တည်ကြ၏။ သို့သော်လည်း။ ရထား၏ပုံသဏ္ဌာန်မှာလေးထောင့်ပုံဖြစ်သဖြင့်။ရထားကိုစစ်ခုံ၌တည်ထားသောအခါ။ စတုရန်းစစ်ကွက်ရှိမျဉ်းကြောင်းများနှင့်လေးဘက်အလိုက်သင့် တည်သားသင့်ကြ၏။အရုပ်များကိုလည်း။စတုရန်း။တကွက်တကွက်ကန့်သတ်ခြားနားထားသောမျဉ်းများပေါ်သို့မကျမရောက်။မသိမခိုက်စေဘဲ။ အလယ်ဗဟိုရ်တွင်တည်ထားသင့်ကြ၏။ ။အချို့သူများမှာမြင်းရုပ်စသည်ကို နောက်ပြန်တည်လိုတည်ထား။စောင်းတိုက်တည်လိုတည်၍ စစ်တည်စစ်ထိုးကြသည်ကိုတွေ့ရဘူးပေ၏။**နယ်**နှင့်ဆင်သည်အလွန်လျှင်အရေးကြီးသော အရုပ်များဖြစ်ကြ၏။၎င်းတို့ကိုစစ်ခုံ၌ရွေ့သွားတည်ထားကြသောအခါ။ မိမိဘက်မှအခြားဘက်သို့အစဉ်မပြတ်မျက်နှာလှည့်ထားသင့်၏။ နယ်ရုပ်ကိုအခြားဘက်သို့မလှည့်ဘဲမိမိဘက်နောက်ပြန်လှည့်ထားသဖြင့်။မိမိနယ်ရုပ်ကိုပင်။အခြားသူ၏နယ်ရုပ်မှတ်ထင်ဘူးသောအရာကြီးတယောက်နှစ်ယောက်ကိုတွေ့ဘူးပေ၏။




ပုံ ၂၀၁။


မြင်းဆက်။ခံစစ်အနက်။
မင်းကြီးပုန်း။လိုက်စစ်အနီ။
ပုံဘိုင်း၌အထက်ဘက်ကိုအနက်။အောက်ဘက်ကိုအနီဟုမှတ်ပါ။


ပုံ ၂၀၆။


မြင်းယှဉ်။ခံစစ်။
မြင်းဆက်။လိုက်စစ်။


ပုံ ၂၁၀။



ပုံ ၂၁၁။




ပုံ ၂၁၂။



မြင်းထပ်။လိုက်စစ်။

မြင်းခွါ။ခံစစ်။


ပုံ ၂၁၃၊




မြင်းခွါ။လိုက်စစ်။

အထွင်းစစ်ကဲပေါက်၊ခံစစ်။

ပုံ ၂၁၄။



ပုံ ၂၁၅။



အထက်ကပြထားသောပုံများမှာ။ (လက်ျာ) ဘက်နှင့် (လက်ဝဲ) ဘက်ကစစ်ထိုးသူများနေ၍ စစ်ထိုးနေကြဘိသကဲ့သို့ပြထားရပေ၏။ ။စစ်ခုံ၌မျက်နှာချင်းဆိုင်ထိုင်ထိုးသကဲ့သို့စာဘတ်သူနှင့်အလိုက်သင့်ကျအောင်စစ်တည်၍ပြရပါမူကား။အထက်(အနက်)ကဆင်သည်။ အောက်(အနီ)ဘက်သို့စေါက်ထိုးဆင်းလာသကဲ့သို့ရှင်း။အောက်(အနီ)ဘက်ကဆင်သည်လည်း အထက်ဘက်သို့မျက်နှာလှည့်ပြရန် မသင့်လျော်သဖြင့်။ အထက်ကပြထားသောပုံများအတိုင်းပြထားရ၏။ ။သို့ရာတွင်။ စစ်ဘုရင်ကိုသင်ကြားမည့်သူကိုအစဉ်မပြတ်လိုက် စစ်ဘက်ကနေ၍ထိုးသူဟု မှတ်ယူလျက်။ အထက်ဘက်ကခံစစ်ထိုးသူနှင့်ဘည့်တည့်ကြည့်ရှု၍ သင့်လျော်စေရန်။ အရုပ်များ၏အမည်ကိုအတိုကောက်ရေးနည်းအရ။ အောက်ပါပုံများအတိုင်း။ လိုက်စစ်၊ ခံစစ်နှင့်ဘော်ပြပါဦးအံ့။

ပုံ ၂၁၆။

မြင်းဆက်။ခံစစ်။

					ရ	ရ	
		မ	မြ	ဆ			
	မြ	ဆ	စ	နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	မြ		
	ဆ	မ	ဆ	မြ			
					ရ	ရ	

မင်းကြီးပုန်း။လိုက်စစ်။

{ပုံတိုင်း၌အထက်ဘက်ကိုအနက်။ အောက်ဘက်ကိုအနီဟုမှတ်ပါ။}

ပုံ ၂၁၇။

မြင်းယှဉ်။ခံစစ်။

				ရ		ရ	
		မ	မြ	မြ	ဆ		
	ဆ	စ	နဲ	နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	ဆ	မြ	
			ဆ	မြ	မ		
	ရ	ရ					

မြင်းဆက်။လိုက်စစ်။

ပုံ ၂၁၈။

မြင်းချိုး။ခံစစ်၊

		ရ			ရ		
	မ		မြ	သ			
	သ	မြ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	သ		
		သ	မြ	မြ	မ		
	ရ		ရ				

မြင်းသျှဉ်။လိုက်စစ်၊

ပုံ ၂၂၀။

မြင်းခွ။ခံစစ်။

				ရ		ရ	
		မ	မြ	သ	မြ		
		သ	စ	န	န	န	န
န	နိ	န	န				
				န	န	န	န
န	န	န	န	စ	မြ	သ	
			သ		မြ	မ	
		ရ		ရ			

မြင်းသင်။လိုက်စစ်။

ပုံ ၂၁၉။

မြင်းဘပ်။ခံစစ်။

			ရ		ရ		
	မ	မြ		သ			
	သ	မြ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	မြ	သ	
			သ	မြ		မ	
		ရ			ရ		

မြင်းချိုး။လိုက်စစ်။

ပုံ ၂၂၀။

အတွင်းငစ်ကဲ့ပေါက်။ခံစစ်။

		ယ		ရ	ရ		
		သ	မြ			သ	
		စ	မြ	န	န	န	န
န	န	န	န				
				န နို	န	န	မှာ
န	န	န	န	စ	သ		
		မြ	သ	မြ	မ		
	ရ		ရ				

မြင်းခွ။လိုက်စစ်။

ပုံ ၂၂၂။
ဆင်ယှဉ်မြင်းခွ။ခံစစ်။

		ရ		ရ			
	မ	မြ		မြ			
	ဆ	ဆ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	မြ	စ		
	ဆ			မြ	ဆ		
		ရ	ရ		မ		

အကွင်းစစ်ကဲပေါက်။လိုက်စစ်။

ပုံ ၂၂၃။
မြင်းထပ်။ခံစစ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	ဆ	ဆ	
			မြ		မြ	မ	
		ရ		ရ			

ဆဉ်ယှဉ်မြင်းခွ။လိုက်စစ်။

အထက်ကစလုံးများကိုမင်နက်။ အောက်ကစလုံးများ ကိုမင်နီဖြင့် ခွဲခြားလျက်ပုံနှိပ်ထားလျှင် သာ၍ပင် သင့်လျော်မည် ဖြစ်ပါသော်လည်း။ခဲ ယဉ်းခြင်းရှိနေသဖြင့်အနက်တမျိုးတည်းနှင့်ပင်ပုံနှိပ်ရပေ၏။ အလျားအနံ့ရှစ် ကွက်စီရှိသည့်အနက်။(ပုံ—၂၁၆)က{ပုံ—၂၂၃}ထိ။စစ်တည်နည်းများ၌အ ထက်ဘက်ထက်ဝက်၌တည်ထားသောစစ်ချပ်အစားစလုံးများကို {အချပ် နက်'ဟုမှတ်သားလျက်၊အောက်ဘက်ဝက်၌ တည်ထားသောစစ်ချပ်အစား စလုံးများကို(အနီချပ်ဟုမှတ်သားကြပါ။) {ပုံ—၁၃၂}နှင့်{ ပုံ—၂၀၇}မှာ ပြထားသောနံပါတ်တပ်နည်းအရ။အထက်ဘက်ကအချပ်များ (စလုံးများ) မှာနံပါတ်{၁}က{၃၂}အထိအကွက်များ၌စစ်တည်ထား၏။ ၎င်းတို့ကို(အ နက်စစ်ချပ်)များဟုမှတ်ယူပါ။အောက်ဘက်ကအချပ်များ{စလုံး} မှာနံပါတ် (၃၃)က(၆၄)အထိအကွက်များ၌စစ်တည်ထား၍။၎င်းစစ်ချပ်တို့ကို"အနီ စစ်ချပ်"များဟုမှတ်ယူပါ။

ပုံ ၂၂၄။

အနက်။ခံစစ်။ဆင်ပေါက် စစ်ကဲပေါက်။

ရ							ရ
		မ	မြ	မြ		နဲ	
		ဆ	နဲ	နဲ	စ	နဲ	နဲ
ဆ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	စ	နဲ	ဆ	ဆ	မြ	
	နဲ			မြ	မ		
		ရ	ရ				

အနီ။လိုက်စစ်၊စစ်ကဲပေါက်။

ဦးမောင်ကလေးထံမှရရှိသော ဦးဘေဆောင်၏ မူရင်း။ စစ်ကြမ်းထိုးနည်း။

ပုံ ၂၂၆

အနက်။ခံစစ်။ပုဏ္ဏားစီချပ်။ပုဏ္ဏားဖျက်။

ရ							ရ
		မြ	မ		မြ		
ဆ	စ	နဲ	နဲ	နဲ	နဲ	နဲ	ဆ
		နဲ	နဲ	နဲ			
				နဲ	နဲ		
ဆ	နဲ	နဲ	နဲ	နဲ	စ	နဲ	ဆ
		မြ	နဲ	မ	မြ		
ရ							ရ

အနီ။လိုက်စစ်။သိုးဒသား။ပုဏ္ဏားစီ။
ဦးဘေဆောင်မူ။ စစ်ကြမ်းထိုး။

ပုံ ၂၂၅။

အနက်၊ခံစစ်။သိုးဒသား။ပုဏ္ဏားစီ။

ရ							ရ
		မြ	မ	နဲ	မြ		
ဆ	နဲ	စ	နဲ	နဲ	နဲ	နဲ	ဆ
		နဲ	နဲ				
				နဲ	နဲ	နဲ	ဆ
နဲ	နဲ	စ	နဲ	နဲ	ဆ		
	နဲ		မြ	မြ	မ		
ရ							ရ

အနီ။လိုက်စစ်ဆင်ပေါက် စစ်ကဲပေါက်။

ဦးဘေဆောင်မူ။စစ်ကြမ်းထိုး။

ပုံ ၂၂၇။

ဦးမောင်ကလေးမူ။အခုပ်ကွက်။

				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	ဆ	မြ	
	ဆ	မြ			မ		
			ရ	ရ			

ဆင်ကျွံ။မြင်းကျွံ။

အထက်ပါတည်နည်းများအပြင်၊ အောက်ပါ စစ်တည်နည်းများကို လည်းဆရာသမားများကြံစေနိုင်ရန်ညွှန်ပြထားပါသည်။

ပုံ ၂၂၀။
ဦးမောင်ကလေးမှု၊ အနေပ်ကွက်။

				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	ဆ	စ	ဆ	
		မြ		မြ	မ		
ရ			ရ				

ဆင်ခွ၊ မြင်းခွ၊ စစ်ကဲသွဲ့။

ပုံ ၂၃၀။
အနက်၊ မောင်ဘရီ။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ	မြ	
			မြ	ဆ	မ		
	ရ	ရ					

အနီ၊ ဦးဒါလက်။

ပုံ ၂၂၈။
ဦးမောင်ကလေးမှု၊ အနေပ်ကွက်။

				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	မြ	ဆ	
			မြ		ဆ	မ	
		ရ		ရ			

ဆင်ဆက်၊ မြင်းဆက်။

ပုံ ၂၃၁။
အနက်၊ ဦးဘိုးမြ။

ရ	ရ						
		ဆ	မ	ဆ	မြ		
		မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	မြ	ဆ	
			ဆ		မြ	မ	
	ရ			ရ			

အနီ၊ ဦးဟာမက်။

ပုံ ၂၃၂။

အနက်။ဦးသာဘေ။

ရ							ရ
			မ	ဆ	မြ		
	မြ	ဆ	စ	နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	မြ	ဆ	
			မြ		ဆ	မ	
		ရ		ရ			

အနီ။ဦးဟာဘမက်။

ပုံ ၂၃၄။

အနက်။ဦးသာဘေ။

					ရ		ရ
		မ		ဆ	မြ		
	မြ	ဆ	စ	နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	ဆ	စ	မြ	မ
			ဆ	မြ			
					ရ	ရ	

အနီ။ဦးဟာဘမက်။

ပုံ ၂၃၃။

ဦးစိန်ပင်း။စစ်တည်နည်း။

				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	ဆ		
		ဆ	မြ	မြ	မ		
	ရ	ရ					

ဦးမှတ်နှင့်ထိုးကြဲရာမှမူကူးထား
သည်။

၁၉၂၃ ခုနှစ်အတွင်းထိုးသည်။

ပုံ ၂၃၅။

အနက်။ဦးသာဘေ။

ရ							ရ
			မ	ဆ	မြ		
	မြ	ဆ	စ	နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ				
				နဲ	နဲ	နဲ	နဲ
နဲ	နဲ	နဲ	နဲ	စ	မြ	ဆ	
			ဆ		မြ	မ	
		ရ		ရ			

အနီ။ဦးဟာဘမက်။

ပုံ ၂၃၆။

အနက်။ဦးသသေ။

ရ							ရ
			မ	ဆ	မြ		
	မြ	ဆ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	မြ		
	ဆ	ဆ		မ	မြ		
						ရ	ရ

အနီ။ဦးဟာသမက်။

ပုံ ၂၃၈။

အနက်။ဦးမှတ်။

				န	န	န	န
န	န	န	န	စ	မြ		
	မ	ဆ	ဆ	မြ	ရ		
						ရ	

အနီ။မောင်ဘရီ။

၁-၇-၂၂ တွင်။ ဦးမှတ်နှင့်
မောင်ဘရီထိုးသော။ မောင်ဘရီ၏။
{ဆင်ယှဉ်။အိတ်ထောင့်ကွက်။}
{ဦးမှတ်တည်နည်းမပါ}

ပုံ ၂၃၇။

အနက်။ ဦးသသေ။

					ရ	ရ	
			မ	ဆ	မြ		
	မြ	ဆ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	မြ	ဆ	
			ဆ		မြ	မ	
		ရ		ရ			

အနီ။ဦးဟာသမက်။

ပုံ ၂၃၉။

အနက်။ဦးမှတ်။'မင်းပုန်းတမျိုး'

	ရ				ရ		
			မြ	ဆ			
မ	မြ	စ	ဆ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	ဆ		
		မြ	ဆ	မြ	မ		
	ရ		ရ				

အနီ။ဦးထွန်းညိန်း၊ဆင်ကဲ့မြင်းခွ။

ပုံ ၂၄၀။

အနောက်။ ဦးမှတ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	ဆ	စ	မြ	
		ဆ		မြ	မ		
		ရ	ရ				

အရှေ့။ ဦးထွန်းညိန်း။

ပုံ ၂၄၂။

အနောက်။ ဦးထွန်းညိန်း။

				ရ		ရ	
	မ		မြ		ဆ		
	မြ	စ	ဆ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	မြ	ဆ	
			ဆ		မြ	မ	
		ရ		ရ			

အရှေ့။ ဦးမှတ်။

ပုံ ၂၄၁။

အနောက်။ ဦးထွန်းညိန်း။

				ရ		ရ	
		မ	မြ		မြ		
	ဆ	စ	ဆ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	မြ	ဆ	
			ဆ		မြ	မ	
		ရ		ရ			

အရှေ့။ ဦးမှတ်။

ပုံ ၂၄၃။

				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	မြ	မြ	
	ဆ	မ	ဆ				
					ရ	ရ	

ရန်ကုန်မြို့ ဘီလူးမ ဈေးအနီး ပုဏ္ဏားစု။ ဗေဒင်ဆရာကြီး။ ပုဏ္ဏား ဆရာညွှန့်စစ်တည်ပုံ။

{မြင်းသုံးညှဉ်ဆင်ခွ။ ခင်းပုန်းတချိုး။}

ပုံ ၂၄၄။

ဦးဘသော်၏စစ်တည်နည်း။ဓလင်း ကွက်။

				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ	မြ	
		မြ	ဆ	မ			
ရ							ရ

၂၀–၇–၂၂ တွင် ဦးမှတ်နှင့် ထိုးကြရာ၌မှုယူထားသည်။ လိုက်စစ်။ခံစစ်။ ၂သက်ဘွို။

ပုံ ၂၄၆။

အနက်။ခံစစ်။မြင်းထပ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				မြ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ		
		နှ	ဆ	မြ			
		မ			ရ	ရ	

အနီ။လိုက်စစ်။မင်းပုန်း။ မြင်းဘွနယ်တင်။

ပုံ ၂၄၅။

အနက်။ခံစစ်။မြင်းထပ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				ဆ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ	မြ	
			နှ	မြ	မ		
	ရ	ရ					

အနီ။လိုက်စစ်။မြင်းဆက်။ ဆင်ဘွနယ်တင်။

ပုံ ၂၄၇။

အနက်။ ခံစစ်။မြင်းထပ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				ရ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ	မြ	
				နှ	မြ		
				မ		ရ	

အနီ။လိုက်စစ်။မြင်းချိတ်။ ရထားဘွနယ်တင်။

ပုံ ၂၄၀။

မြင်းထပ်။ခံစစ်။

			ရ		ရ		
	မ	မြ		ဆ			
	ဆ	မြ	စ	န	န	န	န
န	န	န	န				
				န	န	န	န
န	န	န	န	စ	ဆ		
		မြ	ဆ	မြ	မ		
	ရ						

မြင်းခွ။ရထားချ။ လိုက်စစ်။
{ရထားချရသောကြောင့်။မြင်းခွက
လိုက်စစ်}

"ငါးသိုင်းများလျှင်းကောင်းဟုန်သည့်" ဆိုဘိသကဲ့သို့။စစ်တည်နည်းများစွာသောဖြပါလျှင်။ကျမ်းလေးမည်စိုးပါ၍။ ဤမျှနှင့်ပင်ရပ်လိုက်ပါသည်။သင်ဘေ့ခွနယ်တင်။မြင်းဘေ့ခွနယ်တင်။ရထားဘေ့ခွနယ်တင်သောစစ်တည်နည်းကိုမူကား။ဦးထွန်းညိန်းနှင့်မောင်ဘရီတို့ကပြခဲ့ပေ၏။

အခန်း—၇။
စစ်ဘုရင်ရုပ်များကိုရွှေ့နည်း။

စစ်ဘုရင်သိုးသူ။နှစ်ယောက်ဖြစ်စေ။နှစ်သက်နှစ်ဦး။ရှိစမြဲဖြစ်၏။တသက်တသက်လျှင်"အထက်သက်ကိုအနက်။အောက်သက်ကိုအနီ"နယ်၊စစ်။သင်။မြင်း။ရထား။ မင်းကြီးရုပ်ဟူ၍ အမျိုးကွဲခြောက်မျိုး ရှိကြောင်းကိုကျွန်ုပ်တို့သိကြပြီးဖြစ်၏။၎င်းတို့ကိုအတိုနည်းအားဖြင့်။န။စ။သ။မြ။ရ။မ။အသီးအသီးအမှတ်အသား ထားရကြောင်းများကိုလည်းသိရကြပြီးဖြစ်၏။ စစ်ဘုရင်ခုံ၌'၁'က'၆၄'အထိ အကွက်များကိုလည်း။ (ပုံ ၁၃၂)နှင့်{ပုံ-၂၀၇}တို့၌ပြထားပြီးဖြစ်သဖြင့်သိရကြ၏။ ဤအကြောင်းအရာများကို စုံလင်စွာမှတ်သားမိပါက။စစ်ရုပ်များကိုရွှေ့နည်း။စားနည်းမှစ၍ ထိုးပြီးသည့်စစ်တပွဲကို။နောက်တဖန်ပြန်၍ထိုးနိုင်ရန်။ပြသဘို့ရာ။သိဘို့ရာ လွယ်ကူလေပြီ။

(၁) န–ကိုရွှေ့နည်း။ ။အနီဘက်'အောက်ဘက်က" နယ်တရုပ်ကို၊အနက်ဘက်"အထက်ဘက်သို့"ရွှေ့လိုသောအခါ၊ကကွက်ရှေ့တည့်တည့်ဘက်ရ၊ရွှေ့ရ၏။စာမျက်နှာ ၂၃။ ပုံ ၁၃၅ ၌။နယ်တည်ရှုး။ တည်စဉ်ကိုပြထား၏ ။အဘက်က နယ်နှစ်ဘန်းသည်၊ အနက်ဘက်က၊အနက်နယ်များဖြစ်၏။

၈ကာန်းနှင့်အကွက်ကိုအမှတ်အသားထားသည့်အရဆိုရလျှင်။အနက်ဘက်ကနယ်များကို။ ၂၁။ ၂၂။ ၂၃။ ၂၄။ ၂၅။၂၆။၂၇။၂၈။ နံပါတ်ရှိအကွက်တို့၌တည်ထား၏။ အနီဘက်ကနယ်များကို။ ၃၇။၃၈။၃၉။၄၀။ ၄၁။ ၄၁။၄၂။၄၃။၄၄။ နံပါတ်ရှိအကွက်တို့၌တည်ထား၏။

မှတ်သားရန်တချက်မှာ။ အနီဘက်မှနယ်ရုပ်တရုပ်ကိုအနက်ဘက်သို့ရွှေ့ရာ၊အောက်မှအထက်သို့ရွှေ့ရသောကြောင့်။ နယ်"တက်" သည်ဆိုရသည်မဟုတ်ပေ။အနီဘက်ကနယ်ကိုဖြစ်စေ။ အနက်ဘက်ကနယ်ကိုဖြစ်စေ။ ရှေ့တည့်တည့်မျက်နှာမူရာဘက်သို့ရွှေ့သောအခါ။ နယ်"တက်"သည်ဟုပြောဆိုသုံးစွဲလေ့ရှိကြ၏။ ။သို့ဖြစ်၍၊နံပါတ် ၂၄ က နယ်နက်ကိုတက်လိုလျှင်။ နံပါတ် ၃၂ သို့တကွက်သာတက်ရ၏။ အကွက်ကျော်၍ မတက်ရ။ ထောင့်ဖြတ်ကွက်သို့လည်းမတက်ရမရွှေ့ရချေ။ အနီဘက်။ နံပါတ် ၄၀ က နယ်ကိုအနက်ဘက်သို့ရွှေ့လိုလျှင်လည်း။နံပါတ် ၃၂ သို့ပင်။ တက်ရရွှေ့ရ၏။ သို့ရာတွင်။နံပါတ် ၃၂ မှာနယ်နက်ရှိနှင့်ပြီးဖြစ်လျှင်ရင်းအကွက်သို့နယ်နီကိုမရွှေ့နိုင်။မတက်နိုင်ချေ။

(၂) စ–ကိုရွှေ့နည်း။နယ်ကိုမျက်နှာမူရာအခြားဘက်သို့တကွက်ရွှေ့လျှင်။နယ်တက်သည်ဟုခေါ်ကြသော်လည်း။ စစ်ကဲကိုရွှေ့လျှင်။ စစ်ကဲတက်သည်ဟုမခေါ်ကြချေ။စစ်ကဲ"လိမ်"သည်ဟုခေါ်လေ့ ပြောလေ့ရှိ၏။ စစ်ကဲကိုနယ်ကဲ့သို့ အရှေ့တည့်တည့်သို့မရွှေ့ရချေ။ ။မိမိတည်နေရင်းနေရာမှကပ်လျက်ရှိသောထောင့်ဖြတ်တကွက်ကွက်သို့ရွှေ့ရ၏။လိမ်ရ၏။ပုံ ၂၀၇ ၌ပြထားသောနံပါတ်အရဖော်ပြရလျှင်။နံပါတ်"၁"၌ရှိသောစစ်ကဲသည်။ နံပါတ်"၁၀"သို့တကွက်သာရွှေ့နိုင်၏။ နံပါတ် "၈"မှနံပါတ်"၁၅"သို့။ ၆၄ မှ ၅၅ သို့။ ၅၇ မှ ၅၀ သို့တကွက်စီသာရွှေ့နိုင်၏။ နံပါတ်"၂"၌ရှိနေနေလျှင်"၉" နှင့် "၁၁" သို့နှစ်ကွက်ရွှေ့ချင်ရာရွှေ့ရ၏။ ။၆၄ ကွက်တွင်ထောင့်လေးကွက်၌ရှိနေသောစစ်ကဲကိုတကွက်စီသာရွှေ့နိုင်၏။ ၎င်းထောင့် ၄ ကွက်ကိုချန်လှပ်လျက် ကျန်သောအနားဘက်ကျသည့်အကွက်များ၌။ ၂ ကွက်စီရွှေ့နိုင်၏။၎င်းအကွက်နှစ်မျိုးကိုချန်လှပ်လျက် ကျန်သောအကွက်များ၌ စစ်ကဲရှိနေလျှင် ထောင့်ဖြတ် ၄ ကွက်ရွှေ့နိုင်၏။ ဥပမာ။ နံပါတ် ၁၀ ၌ရှိ

နေလျှင်၊ ၁။ ၃။ ၁၉။ ၁၇။ အကွက်များသို့ရွှေ့ချင်ရာရွှေ့နိုင်၏။ တကြိမ်လျှင်တကွက်ကျသာရွှေ့၏။ စာမျက်နှာ ၂၄။ ပုံ ၁၃၉ ၌စစ်ကဲရွှေ့နိုင်သောအကွက်များကိုပြထား၏။ ၁ ရှိသောအကွက်များ၌။ ၁ ကွက်စီ။ ၂ ရှိသောအကွက်များ၌။ ၂ ကွက်စီ၊ ၄ ရှိသောအကွက်များ၌။ ၄ ကွက်စီ။ နံပါတ်တပ်မထားသောအကွင်းကွက်တိုင်း၌လည်း ၄ ကွက်စီပင် ရွှေ့နိုင်၏။ ။ရွှေ့ရမည့်အကွက်၌မိမိဘက်ကအရုပ်ရှိလျှင်မရွှေ့ရချေ။

(၃) သ—ကိုရွှေ့နည်း။ ။ဤစာအုပ်၏ရည်ရွယ်ချက်မှာ။စစ်ဘုရင်ပညာကိုအလျှင်းနားမလည်သူတို့အား။ ဆရာမရှိဘဲ။စာအုပ်ဘတ်ကြည့်ရုံမျှနှင့်နားလည်နိုင်စေရန်ဖြစ်သဖြင့်။စာအုပ်ဘတ်သူသည်၊ စစ်ဘုရင်ထိုးကြရာတွင်အစဉ်မပြတ်အနီဘက်။ အောက်ဘက်ကနေ၍ အနီရုပ်များနှင့် စစ်ထိုးသည်ဟု။အမှတ်သညာတခုထားရန်လို၏၊ သားခမည်းအနီဘက်ကဆင်ကိုအနက်ဘက်သို့မျက်နှာလှည့်၍စစ်တည်ရမည်ဖြစ်သောကြောင့်။ မိမိမျက်နှာမူရာအရပ်၊ရှေ့တည့်တည့်သို့တကွက်။ ကင်လျက်ရှိသော ထောင့်ဖြတ် ၂ ကွက်သို့တကွက်စီ။ ကပ်လျက်ရှိသော။နောက်ဆုတ်။ ထောင့်ဖြတ်ကွက် ၂ ကွက်သို့။တကွက်စီ။ ပေါင်း ၅ ကွက်ရွှေ့နိုင်၏၊ ရှေ့ဆုံးကွက်သို့ရွှေ့လျှင်။ဆင်"ထိုး"သည်ဟူ၍၎င်း။ နောက် ၂ ကွက်သို့ရွှေ့လျှင်။ ဆင်"ဆုတ်"သည်ဟုခေါ်လေ့။ပြောလေ့ရှိကြ၏။

ပုံ ၂၀၇ ကနံပါတ်တပ်နည်းအရဆော်ပြရလျှင်။ နံပါက် ၁ ၌တည်ရှိသောအနီဆင်သည်။နံပါတ် ၁၀ သို့။တကွက်သာဆုတ်နိုင်၏။နံပါတ်"၈" ၌ရှိလျှင်"၁၅"သို့။တကွက်သာဆုတ်နိုင်၏။နံပါတ် ၂ ၌ရှိလျှင်။နံပါတ် ၉။ ၁၁ သို့နှစ်ကွက်ဆုတ်နိုင်၏။နံပါတ် ၄ ၌ရှိလျှင် ၅၆။ ၅၅။သို့နှစ်ကွက်တက်နိုင်၏။ နံပါတ် ၁၀ ၌ရှိလျှင်။ ၁။ ၂။ ၃။သို့တက်နိုင်၍။ ၁၇။ ၁၉။ သို့ဆုတ်နိုင်၏။အများဆုံးပေါင်း ၅ ကွက်သာရွှေ့နိုင်၏။

စာမျက်နှာ ၂၄။ပုံ ၁၄၀ ၌ ဆင်နီရွှေ့နိုင်သော အကွက်များကိုပြထားသည်။ ၁ ၌ရှိလျှင် ၁ ကွက်။ ၂ ၌ရှိလျှင် ၂ ကွက်။ ၃ ၌ရှိလျှင် ၃ ကွက်။ ၅ ၌ရှိလျှင် ၅ ကွက်။ နံပါတ်တပ်မထားသော အခြားအကွက်များ၌လည်း ၅ ကွက်ပင်ရွှေ့နိုင်၏။မိမိရွှေ့ရမည့်အကွက်၌။ မိမိဘက်ကအရုပ်ရှိနေလျှင်မရွှေ့ရချေ။ ။ပုံ ၁၄၁ ၌ဆင်နက်ရွှေ့နိုင်သောအကွက်ကိုပြ၏။

(၄) "မြ"—ကိုရွှေ့နည်း။မြင်းရုပ်ကိုရွှေ့နည်း။ သွားနည်းသည်မလွယ်ကူချေ။ စာသက်သက်ဖြင့်ရေးပြရလျှင်၊အလွန်ရှုပ်ထွေး၏။ ၎င်းကိုနားလည်ရန်ကားမခဲယဉ်းအောင်ကြိုဆောင်၍ပြပေအံ့။ ။မြင်းရုပ်ကို မိမိဟည်ရင်းနေရာမှ အလက်။အောက်။လက်ျာ။လက်ဝဲ။ကပ်လျက်ရှိသော အကွက်တ

ကွက်မှယောင့်ဖြတ်ကျသောအကွက်သို့ရွှေ့ရ၏။မြင်းကိုရွှေ့လျှင်။မြင်းခုန်သည့်မြင်းချသည်။အစရှိသဖြင့်ခေါ်လေ့။ပြောလေ့ရှိ၏။နံပါတ်တပ်နည်း။ ပုံ ၂ မှာ အရသော်ပြရလျှင်။နံပါတ် ၁ ၌ရှိသောမြင်းကို။နံပါတ် ၁၁။၁၈။သို့ ၂ ကွက်ရွှေ့နိုင်။ ခုနိုင်၏ နံပါတ် ၈။၆ ၄။၅၂ တို့၌ရှိလျှင်လည်း။၂ကွက်စီပင်ရွှေ့နိုင်၏။ စာမျက်နှာ ၂၄။ပုံ ၁၄၂ ၌မြင်းရွှေ့နိုင်သော အကွက်များကိုပြသော၏။ ၂ ရှိသောအကွက်ကရွှေ့လျှင် ၂ ကွက်။၃ က ၃ ကွက်။ ၄ က ၄ ကွက်။၆ က ၆ ကွက်။၈ နံပါတ်ရှိရာကရွှေ့လျှင်၄င်း။နံပါတ်တပ်မထားသောအကွက်ကရွှေ့လျှင်၄င်း။၈ ကွက်စီရွှေ့နိုင်၏။ထို့ကြောင့် ၂ ကွက်စီမြင်းရွှေ့နိုင်သောအကွက်ပေါင်း ၄။ ၃ကွက်စီရွှေ့နိုင်သောအကွက် ၂၄။ ၄ ကွက်စီ ၄။ ၆ ကွက်စီ ၁၆။၈ ကွက်စီ ၁၆။အကွက်ပေါင်းရွှေ့နိုင်ကြောင်းကိုသိရ၏။ နံပါတ်တပ်နည်း။ပုံ ၂၀၇ အရသော်ပြရလျှင်။နံပါတ် ၂၈ ၌မြင်းနီကိုဖြစ်စေ။မြင်းနက်ကိုဖြစ်စေချထားလျှင်။၁၈။၁၁။၁၃။၂၂။၃၁။၄၅။၄၃။၃၄။ အကွက်များသို့ခုန်နိုင်၏။မြင်းရွှေ့ကွက်များကိုလေ့လာကျင်းကျင် တပ်မြောက်လိုပါလျှင်ပုံ ၁ ကစ၍ပုံ ၁၃၀ အထိကြည့်ရှုပြီးလျှင်။၁။၂။၃။၄။အစရှိသည်ဖြင့်။နံပါတ်စဉ်တပ်ထားသည့်အကွက်များသို့တကွက်ပြီးတကွက်ရွှေ့သွားပါက။မြင်းကွက်များနားလည်နိုင်ပါ၏။စစ်ခုံ၌။ မိမိဘက်ကစစ်ရုပ်ရှိနေသောအကွက်သို့မြင်းမှစ၍မည်သည့်အရုပ်ကိုမျှမရွှေ့နိုင်ချေ။

(၅) ရ—ကိုရွှေ့နည်း။အဆီးအတားမရှိလျှင်။ စစ်ခုံ၌ရထားကိုအလက်နှင့်အောက်။လက်ျာနှင့်လက်ဲဝဘက်ကွက်ဖြစ်စေ။ ရွှေ့နိုင်သမျှအကွက်သို့ဖြစ်စေရွှေ့ရ၏။ရထားကိုရွှေ့လျှင်ရထား“ဆွဲ”သည်ဟုခေါ်လေ့။ပြောလေ့ရှိ၏။နံပါတ်တပ်နည်း။ပုံ ၂၀၇ အရသော်ပြရလျှင်။ နံပါတ် ၁ ၌ရှိနေသောရထားသည်။နံပါတ် ၂။၃။၄။၅။၆။၇။၈ တို့သို့ နှစ်သက်ရာ တကွက်ကွက်သို့၄င်း။နံပါတ် ၁၇။၂၅။၃၃။၄၁။၄၉။၅၇ တို့သို့။သဘောရှိရာ တကွက်ကွက်သို့၄င်းရွှေ့နိုင်။ဆွဲနိုင်။ကည့်ထားနိုင်၏။ရထား‘တည့်’သည်။ တယ်သည်ဟူ၍လည်းပြောဆိုလေ့ရှိ၏။စာမျက်နှာ ၂၄။ပုံ ၁၄၃ ၌နံပါတ် ၁၄ ဖြင့်ထောင့် ၄ ကွက်ကိုသာပြထားသည်။စင်စစ်အားဖြင့် မည်သည့်အကွက်၌ရထားရှိနေသည်ဖြစ်စေ။၁၄ ကွက်စီရွှေ့နိုင်၏။မိမိဘက်ကအရုပ်ရှိနေသောအကွက်သို့မရွှေ့ရချေ။မိမိဘက်က။အရုပ်အခြားဘက်ကအရုပ်များသည်ရထား“လမ်း”သို့ကျနေလျှင်။ ၄င်းအရုပ်ကိုကျော်လျက်မရွှေ့ရချေ။ ။ရထားကိုဒေါင့်ဖြတ်မသွားရချေ။

(၆) မ—ကိုရွှေ့နည်း။ မင်းကြီးရုပ်ကိုမိမိတည့်ရှိရင်းနေရာမှကပ်လျက်ရှိသောအကွက်သို့တကွက်စီမည်သည့်အကွက်ကိုမဆိုရွှေ့ရ၏။ နံပါတ်

တပ်နည်း။ပုံ ၂၀၇ အရဘောင်ပြရလျှင်။နံပါတ် ၁ ၌ရှိသောမင်းကြီးရုပ်ကို ၂၉။၁၀။ သို့ရွှေ့နိုင်၏။ စာမျက်နှာ ၂၄။ပုံ ၁၄၄ ၌မင်းကြီးရုပ်ရွှေ့နိုင်သောအကွက်များကိုပြထား၏။ နံပါတ်တပ်မထားသော အကွက်များ၌လည်း "ဂ" ကွက်စီပင်ရွှေ့နိုင်၏။ မိမိဘက်ကအရုပ်ရှိနေသော အကွက်သို့မရွှေ့ရချေ။အခြားဘက်က မင်းကြီးရုပ်နှင့်ကပ်လျက်ရှိသော မည်သည့်အကွက်သို့မဆိုမရွှေ့ရချေ။ရွှေ့မိလျှင်။မင်းချင်း"အပ်"သည်ဟုပြောဆိုလေ့ရှိ၏၊

ယခုအခါ၌အရုပ်ခြောက်မျိုးရွှေ့သွားနည်းကို နားလည်ကြပြီးဖြစ်၏။ မှတ်ရန်အရေးကြီးသောအချက်တခုမှာ။အရုပ်ခြောက်မျိုး၌သည့်အနက်။ စစ်ကဲ၊မြင်း။ရထား။မင်း။အရုပ် ၄ မျိုးမှာ။ အနီဘက်။ အနက်ဘက်ဟုအရေးမယူဘဲ အထက်ပါနည်းများအရ။ ရွှေ့ခွင့်ရလျှင်ရွှေ့ရ၏။ နယ်ရုပ်နှင့်ဆင်ရုပ်မှုကား။အနက်ဘက်။အနီဘက်ဟုမှတ်သားရန်အရေးကြီး၏။ အနီဘက်က နယ်ရုပ်ကို အနက်ဘက်သို့ မျက်နှာလှည့်ထားခြင်း။ အနက်ဘက်ကနယ်ရုပ်ကိုလည်း။အနီဘက်သို့မျက်နှာလှည့်ထားရန်အရေးကြီး၏။ ဆင်ရုပ်ကိုလည်း၄င်းနည်းတည်ထားရန်အရေးကြီး၏။သို့ရာတွင်အထက်ဘက်ကို"အနက်"ဘက်။အောက်ဘက်ကို "အနီ" ဘက်ဟုမြန်မာပြည်တပြည်လုံး၌စစ်ဘုရင်တတ်ကျွမ်းသူအများကအတည်အကျအမှတ်သညာထားပါလျှင်ကား။ ရွှေ့သွားရန်မခဲယဉ်းလှချေ။နံပါတ်တပ်နည်း။ပုံ ၂၀၇ အရဘောင်ပြရလျှင်။နံပါတ် ၂၈ ၌တည်ရှိသောဆင်သည်"အနီ" ဖြစ်လျှင်။ နံပါတ် ၁၉။၂၀။၂၁ သို့ထိုးနိုင်၍။နံပါတ် ၃၅။၃၇ သို့ဆုတ်နိုင်၏။"အနက်"ဖြစ်လျှင်။နံပါတ် ၃၅။၃၆။၃၇ သို့ထိုးနိုင်၍။နံပါတ် ၁၉။၂၁ သို့ဆုတ်နိုင်၏။ ။စစ်ခုံ၌စစ်တည်ထိုးသောအခါ နံပါတ်တပ်နည်း။ပုံ ၂၀၇ အရ။နံပါတ်တပ်လျက် အနီဘက်၌အနီရုပ်။ အနက်ဘက်၌အနက်ရုပ်ကိုစစ်တည်လျက်။ ထိုးကြပါမူကား။ အမှတ်ရ။ အရေးရလွယ်ကူလိမ့်မည်။အင်္ဂလိပ်စစ်ဘုရင်ကိုတကမ္ဘာလုံးထိုးကြရာတွင်။အထက်ဘက်ကို{အနက်}အောက်ဘက်ကို{အဖြူ}ဟုအစဉ်မှတ်သားထားကြ၏။ အဖြူနှင့်၊အနက်ဟုနားမလည်ခင်သာရေးပြ၏။ နားလည်သည့်အခါ၌ရေးမပြရချေ။ ခုံ၌လည်း။နံပါတ် ၁ က ၆၄ အထိ တပ်မထားဘဲ။ မည်သည့်အကွက်သည် မည်သည့်နံပါတ်ဖြစ်ကြောင်းကို။ မြင်ရုံနှင့်သိအောင်လေ့ကျင့်ထားကြ၏။ဤမျှမက။၆၄ ကွက်တွင်မည်သည့်အကွက်၌မဆို။မြင်းစသောအရုပ်။တရုပ်ရုပ်ကိုချထားလျှင် ၄င်းအရုပ်သည် မည်သည့် အကွက်များသို့ ရွှေ့သွားနိုင်ကြောင်းသိကြ၏။ ဤကဲ့သို့သိခြင်းအားဖြင့်။စစ်ရည်ချင်းမတူသောသူများနှင့် စစ်ထိုးကစားရသည့်အခါ၊ စစ်ခုံကိုမကြည့်ဘဲ။ ၁ ပွဲမှ ၁၂ ပွဲအထိတထိုင်

တည်းနှင့်ဆက်လက်ထိုးနိုင်သောစစ်ဘုရင်ဆရာကြီးအများပင်ရှိကြ၏။မြန်မာစစ်ဘုရင်ကိုလည်း။ဤနည်းထိုးနိုင်ကြစေရန်။ကြိုးစည်ပြုလုပ်ပါက။စိတ်မှတ်မြဲမြံ အမြင့်သန်၍။လျင်မြန်စွာမြန်မာစစ်ဘုရင်ပညာ ကြီးပွားလာပေလိမ့်မည်ဟု မြော်လင့်ဘွယ်ရှိ၏။

ဤရုပ် ၆ မျိုးရှိသည့်အနက်။အထူးအားဖြင့်။ မြင်းရုပ်သည်မိမိဘက်ကအရုပ်ကိုဖြစ်စေ။ အခြားဘက်ကအရုပ်ကို ဖြစ်စေကျော်၍သွားနိုင်။ ရွှေ့နိုင်၏။

အခန်း ၈။

စစ်ဘုရင်ရုပ်များကိုစားနည်း။

စစ်ကဲ၊ဆင်။မြင်း။ရထား။မင်းကြီးရုပ်များသည်။မိမိတို့ရွှေ့ရသကဲ့သို့ ရွှေ့နိုင်သကဲ့သို့။ ရွှေ့နိုင်သည့်အကွက်၌။ အခြားဘက်က။နယ်။စစ်ကဲ။ဆင် မြင်း။ရထားတို့ကိုစားနိုင်၏။

အခြားဘက်ကမင်းကြီးရုပ်ကိုမူကားမစားနိုင်။ ။အနီမင်းကြီးရုပ်ကို ဖြစ်စေ။အနက်မင်းကြီးရုပ်ကိုဖြစ်စေ။မည်သည့်အခါမှမစားရချေ။ ။နယ်ရုပ်မှာမူကား။စားနည်းတနည်း။ရွှေ့နည်းတနည်းဖြစ်၏။မိမိရွှေ့နိုင်သကဲ့သို့မစားရ။ ရွှေ့သောအခါ။ရှေ့တည့်တည့်သို့တကွက်သာရွှေ့ရကြောင်း။အခန်း ၇ ၌ဖော်ပြပြီးဖြစ်၏။စားသောအခါ၌မူကား။ အရှေ့ဘက်ထောင့်ဖြတ်။ မျက်စောင်းထိုးကပ်လျက်ရှိသောအကွက်၌။ အခြားဘက်ကအရုပ်တို့ကိုစားရ၏။ မင်းကြီးရုပ်ကို မစားရချေ။ပုံ ၁၃၂။၂၀၇ တို့၌။ နံပါတ် တပ်နည်းကိုပြန်ကြည့်၍မှတ်ထားဦး။စာမျက်နှာ ၂၃။ပုံ ၁၃၆ ကိုကြည့်လျှင်။ နံပါတ် ၄၀ ၌အနီနယ်တလုံး။ နံပါတ် ၄၁ ၌အနီနယ်တလုံးရှိကြောင်းကို တွေ့မြင်ရ၏။ ၄င်းနယ်တို့သည်အနက်ဘက်သို့ရွှေ့ရ။တက်ရ။စားရ၏။ နံပါတ် ၄၀ ကနယ်။-နီကိုနံပါတ် ၃၂။ {၁} ဂဏန်းရေးသားသောနေရာသို့ရွှေ့ရ။ တက်ရ၏။စားသောအခါ။(၂)ဂဏန်းရေးသားသော။နံပါတ် ၃၁ ၌ရှိသည့်။ အနက်ဘက်က။န။စ။ဆ။မြ။ရ တို့ကိုစားနိုင်၏။မနက်ကိုမစားရ။ ။ထို့နည်းအတူ။နံပါတ် ၄၁ ကနယ်နီကို။နံပါတ် ၃၃ သို့တက်နိုင်၍။ {၂} ဂဏန်းရှိသော။၃၄ အကွက်ရှိ။အနက်ဘက်က။န။စ။ဆ။မြ။ရ တို့ကိုစားနိုင်၏။ မနက်ကိုမူကားမစားရ။ ။၄င်းနယ်နီနှစ်လုံးသည်။ဘေးဘက်အစွန်းဆုံးအကွက်များ၌ ရှိနေသောကြောင့်။တက်ကွက်တကွက်။စားကွက်တကွက်သာရှိ၏။ ။ပုံ ၁၃၇ ကိုကြည့်ဦး။၃၉ အကွက်၌ရှိသောနယ်သည်၊၃၁ အကွက်သို့တက်နိုင်၍၊ ၃၀။၃၂။ အကွက်။(၂)ဂဏန်းရေးထားသောနေရာတို့၌တည်ရှိသော အနက်ဘက်က။

နှ၊ စ၊ သ၊ မြ၊ ရ တို့ကို စားနိုင်၏။ မနက်ကို မစားနိုင်ချေ။ မနက်ကို လည်း ဤအကွက်များသို့မည်သည့်အခါမျှ မရွှေ့ရချေ။ ၄၂ အကွက်ကနယ် နီသည်လည်း၊ ၎င်းနည်းတူ ဝက်ကွက် ဝ ကွက် နှင့်၊ စားကွက် ၂ ကွက်ရှိ ကြောင်းကို၊ "၁" ဂဏန်း "၂" ဂဏန်းများဖြင့်ပြသား၏။ ။အနီနယ်၏စား နည်းကိုသိသဖြင့်၊အနက်နယ်၏စားနည်းကိုလည်းသိရ၏။အနက်နယ်မှာ၊ အနီ ဘက်{အောက်}မျက်နှာဖှည့်ရာသို့၊ဘက်ရ၊စားရကြောင်းသာ ခြားပြုရမည်။

စ၊သ၊မြ၊ရ၊မ အချပ် ၅ မျိုးတို့၏ရွှေ့နည်းကို၊ အခန်း ၇ ၌သော်ပြ ပြီးဖြစ်သည်၊၎င်းတို့ရွှေ့နိုင်သောအကွက်၌အနက်ဘက်က၊ နှ၊စ၊သ၊မြ၊ရ တို့ ကိုအနီဘက်ကစားနိုင်၏၊အနက်မင်းကြီးကိုမူကား မစားရချေ။

ဤရွှေ့နည်း၊စားနည်းတို့ကို အစမ်းထိုးပြသောစစ်ပွဲအခန်းသို့ရောက် သောအခါ၊ထင်ရှားစွာသိကြသတံ ။ ။အနက်ဘက်က၊နှ၊စ၊သ၊မြ၊ရ အချပ် တို့ကို၊အနီဘက်နယ်ချပ်ကစားနိုင်သောအကွက်များရှိ၏၊ ၎င်းအကွက်များရှိ ရာနေရာကိုအနီ၏{နယ်ဦး} (နယ်စောင်း)ဟုခေါ်သည်။ ၎င်းနေရာသို့အနက် မင်းကြီးကိုမရွှေ့ရ၊{ခွေကွက်} ဟူ၍လည်းခေါ်သည်။ ။ထိုနည်းအတူ၊အနီ ဘက်က၊စ၊သ၊မြ၊ရတို့ကစားနိုင်သောအကွက်သို့လည်း၊အနက်မင်းကြီးကိုမ ရွှေ့ရချေ၊၎င်းအလုံးလုံးကို'စစ်ကဲစောင်း' 'ဆင်ဦး၊ဆင်စောင်း၊ဆင်ချက်' 'မြင်း ချက်' (ရထားလမ်း)ဟုခေါ်သည့်အပြင်၊{ခွေကွက်} ဟူ၍လည်းခေါ်၏။ ။ အနီဘက်ခွေကွက်သို့အနက်ဘက်က၊ နှ၊စ၊သ၊မြ၊ရ တို့ကိုရွှေ့လျှင်အနီဘက် ကစားနိုင်၏။ ။{စားသည်}ဆိုသောစကားမှာ၊အနီချပ်ရှိသောအကွက်မှအ နီချပ်ကိုကိုင်၍၊အနက်ချပ်ရှိသောအကွက်တွင်အနီချပ်ကို တည်ထားပြီးလျှင်၊ ထပြိုင်နက်ပင်၊အနက်ချပ်ကိုစစ်ခုံပေါ်မှ၊မိမိဘက်ခုံအောက်သို့ ချထားလိုက်ရ သည်ကိုခေါ်၏။ ။အနက်ချပ်ကအနီချပ်ကိုစားလျှင်လည်း၊ အနီချပ်ရှိရာတွင် အနက်ချပ်ကိုထား၍၊အနီချပ်ကိုခုံပေါ်ကချလိုက်၏။ အချို့စစ်ဘုရင်ထိုးကြသူ များသည် မိမိကစားလိုသောအချပ်ကို၊ တည်ရှိရာအကွက်မှ ယူပြီးနောက် မှ၊မိမိဘက်ကစားမည့်အချပ်ကို၊ ပဌမအချပ်၏နေရာတွင် ချထားလေ့ပြုကြ သေး၏၊ပဌမနည်းသည်သာ၍ပင်ကောင်း၏။ ။အနက်မင်းကြီးနှင့် အနီမင်း ကြီးကိုမူကား၊မည်သည့်အခါမှ၊ စားသည်ဟူ၍၊ခုံပေါ်ကယူ၍မချရချေ။ ။ မိမိအချပ်ကိုတဘက်ကစားမည်သိ၍၊အစားမခံလိုလျှင်၊ရှောင်တိမ်းပေးနိုင်၏၊ ရှောင်တိမ်းမပေးနိုင်လျှင်အစားခံရ၏၊မင်းကြီးချပ်ကိုခွေထားလျှင်၊မင်းကြီးချပ် သည်ခွေကွက်၌ရှိနေလျှင်၊နယ်ဦး၊စစ်ကဲစောင်း၊ဆင်ချက်၊မြင်းချက်၊ ရထား လမ်း၌ရှိနေလျှင်၊မင်းကြီးကိုရှောင်တိမ်းပေးနိုင်လျှင်ရှောင်တိမ်းပေးရ၏၊ရှောင် တိမ်း၍မပေးနိုင်လျှင်၊မိမိမင်းကြီးကိုခွေထားသည့်အချပ်ကိုမိမိဘက် ရှိအခြား

အရုပ်နှင့်စားပစ်ရ၏။ ကယ်ထားသည့်အရုပ်မဟုတ်လျှင်၊ မိမိ၏မင်းကြီးရုပ်နှင့်လည်းစားနိုင်၏။ရထားနှင့်ခွေ ားရှိ၍။ကာကွက်ရှိလျှင်ကာနိုင်၏။အကယ်၍စားလည်းမပစ်နိုင်။ကာလည်းမကာနိုင်၊ မိမိမင်းကြီးကိုလည်းရှောင်တိမ်းပေးရန်အကွက်မရှိလျှင်။ မရှော င်နိုင်သည့်ဘက်က (မင်းသေသည်)ဟုခေါ်၍။ ၎င်းဘက်ကစစ်ပွဲ၌ရှုံးသေ၏။

မှတ်ရန်တချက်မှာလည်း။စစ်ခုံပေါ်၌ ၆၄ ကွက်အနက်မည်သည့်အကွက်တွင်မဆို၊အရုပ်နှစ်ရုပ်ကိုအတူမထားရချေ။တကွက်လျှင် တရုပ်သာအစဉ်မပြတ်ထားရ၏။ ။အမျိုးတူတူ။မတူတူ။ဘက်ချင်းတူတူ။ မတူတူ။ တကွက်တည်းဘွင်နှစ်ရုပ်ပူး၍မထားရချေ။ ။အစားခံရသောအရုပ်ကိုခုံအောက်သို့ချ၍။စားသောအရုပ်ကို။၎င်းအရုပ်နေရာတွင်ထားရ၏။ ။စ။ဆ။မြ။ရ။မ တို့ကို။အကွက်တကွက်သို့ရွှေ့နိုင်ခွင့်ရလျှင်၊၎င်းအကွက်၌ရှိသော အခြားဘက်ကအရုပ်ကိုစားနိုင်၏။နယ်ရုပ်မှာမူကား။မိမိ၏နယ်စောင်းမှာရှိသောအရုပ်။ကိုမှသာစားရ၏။ရွှေ့နိုင်။ တက်နိုင်သောအကွက်ကအရုပ်ကိုမစားရချေ။မည်သည့်အခါမှမင်းကြီးရုပ်တို့ကိုလည်းမစားရချေ။

ပုံ ၂၄၉။

အနက်။

	ရ	မြ	မြ				
	စ	မ နီ	န				
	န	ဆ	ရ				

အနီ။

အခန်း ၇ မှာဖော်ပြပြီးဖြစ်သော ရွှေ့နည်းတို့သည်၊ မခဲယဉ်းသော်လည်း။ စားနည်း၌ခဲယဉ်းသော အချက်များရှိချေ၏၊ ဤပုံ၌။ နံပါတ်တပ်နည်း။ပုံ ၂၀၇ အရ။ “မနီ” သည်။ အကွက်နံပါတ် ၂၇ ၌တည်ရှိ၏။ “ရနက်”သည် ၁၇။၃၆။ တို့၌၎င်း။ “မြနက်” သည် ၁၈။၂၀ တို့၌၎င်း။ “ဆနက်”သည် ၃၅ ၌၎င်း။ “စနက်”သည် ၂၆ ၌၎င်း။“နနက်သည် ၂၈။

၃၄ တို့၌၄င်း။ တည်ရှိကြကြောင်းကိုသိရ၏။ ။စစ်ထိုးကြသောအခါတဘက်တလှည့်စီ[illegible]ရစမြဲဖြစ်၏။ အနီ[illegible]က်ကရွှေ့ရမည့် အလှည့်ကျလျှင်။ "မနီ"သည် ၁၀ ကွက်၌ရှိသော "ရနက်" ကိုစားနိုင်၏။၃၆ ၌ရှိသော"ရနက်"ကိုမူကားမစားနိုင်။၄င်း ၃၆ က "ရနက်" သည် ၁၉ ၌ရှိသော"မြနက်"၏မြင်း ချက်ကျနေသောကြောင့်။၄င်း"ရနက်"ကိုမစားရ။၄င်း"ရနက်"ကို"မြနက်"နှင့်ကယ်ထားသည်ဟုပြောလေ့ရှိ၏။အကယ်၍၃၆က"ရနက်"ကို"မနီ"နှင့်မစားဘဲအနီဘက်က။န။စ။ဆ။မြ။ရအရုပ်တို့နှင့်စားနိုင်၍စားလျှင်။ ၁၉ က "မြနက်"နှင့်ပြန်၍ ၃၆ ကအနီရုပ်ကိုစားနိုင်လေသည်။ ။၄င်းအကွက်မျိုးကို"ကယ်ထားသောအကွက်"ဟုခေါ်ကြ၏၊ထို့နည်းအတူ။၃၄က "နနက်"ကိုသည်း ၂၇ က"မနီ"နှင့်မစားနိုင်ချေ။ ၁၉က"မြနက်"ကပင်လျှင်ကယ်ထား၏။ ၂၀ က"နနက်"ကိုလည်းမစားနိုင်ချေ။"ဆနက်"ကကယ်ထား၏။'ဆင်နှင့်နယ်ကိုဆက်ထားသည်'ဟုပြောလေ့ရှိ၏။၄င်းပြင်။ ၃၆ က'ရနက်'သည်လည်း ၂၀ က'နနက်' ကိုပင်ကယ်ထားလျက်ရှိ၏။ ။ထိုသို့အခြားအရုပ်ကကယ်ထားသော အကွက်၌ ရှိသောအရုပ်ကို "မနီ" ကမစားရကြောင်း။ အထူးဂရုပြုရ၏။ ။သေချာစွာစစ်ဆေးကြည့်လျှင်။ ၁၀ က"ရနက်"ကို၄င်း။၂၀က"မြနက်"ကို၄င်း။မနီကစားနိုင်၏၊ အနက်ဘက်ကအခြားအရုပ်များကိုမစားနိုင်ချေ။ကယ်ထားသောကြောင့်ဖြစ်လေသည်။

အထူးမှတ်ရန်မှာ။

{က} မနီသည် မည်သည့်အခါမှ။ မနက်နှင့်ကပ်လျက်ရှိသောအကွက်သို့"မင်းချင်းအပ်ကွက်"ဖြစ်၍မရွှေ့ရ။

(ခ) မနီသည်အနက်ဘက်က။န။စ။ဆ။မြ။ရ တို့ကိုကယ်၍မထားမှသာစားနိုင်၏။ ကယ်ထားလျှင်မစားနိုင်ချေ။

(ဂ) အနီဘက်က။န။စ။ဆ။မြ။ရ အရုပ်တို့မှာမူကား မနက်ကလွဲလျှင်။အနက်ဘက်ဆိုင်ရာမည်သည့်အရုပ်ကိုမဆို စားနိုင်သောအခါစားလိုလျှင်စားရ၏။မစားလိုလျှင်လည်းမစားဘဲနေနိုင်၏။

ကယ်ထားသောအနက်ဘက်ကအရုပ်ကို။မနီက {မှားသောကြောင့်} စားမိသျှင်။စားသွားသောအရုပ်နက်၏နေရာတွင် မနီကိုတည်လျှားချထားရမည်ဖြစ်၍။ ၄င်းမနီဘည်ထားသောအကွက်ကိုကယ်ထားသည့် အနက်ရုပ်၏ပိုင်ဆိုင်ခွင့် ရှိနေသောကြောင့်။ ၄င်းအကွက်မျိုးကို {ချေကွက်}ဟုသိရ၏။ ကယ်ထားသျှင်မင်းကြီးရုပ်တို့နှင့်မစားရချေ။

ပုံ ၂၅၀။

အနက်။

					ရ		
		မ					
		မြ					
မြနီ							
						ရ	
					သနီ		
					မနီ		
		ရနီ					

အနီ။

အထက်ပါပုံ၌။ ၅၄ တွင်ရှိသော'မနီ'ကို ၆ ၌ရှိသော 'ရနက်'က'အုပ်' ထားသည်ဟူ၍ ၎င်း။ ၁၁ ၌ရှိသော'မနက်'ကို။ ၅၉ ၌ရှိသော 'ရနီ' က 'အုပ်' ထားသည်ဟူ၍ ၎င်း။ ခေါ်လေ့ပြောလေ့ရှိ၏။ ၎င်းအကွက်မျိုးကို 'အုပ်ကွက်' ဟုခေါ်ကြ၏။ ၄၆ ၌ရှိသော'သနီ'သည် ၃၉ ၌ရှိသော 'ရနက်' ကိုစားနိုင်သော်သည်းမစားရချေ။ 'သနီ'ကိုရွှေ့သွားလျှင်။ (မနီ) နှင့်မနီကိုအုပ်ထားသည့်(ရနက်)၏စပ်ကြား၌ အခြားအရုပ်များမရှိသည်ဖြစ်၍။ ၎င်း'သနီ'ကိုရနက်ရှိရာ ၃၉ နံပါတ်သို့ရွှေ့သွားလျှင်။'မင်းပေါက်သည်'ဟုခေါ်၏။မင်းပေါက်နေလျှင်မစားနိုင်ချေ။ ။ထိုနည်းအတူ။အနက်ဘက်ကရွှေ့လှည့်ကျနေပြန်လျှင်လည်း၊ ၁၉ ၌ရှိသော(မြနက်)နှင့် ၂၅ ၌ရှိသော(မြနီ)ကိုစားနိုင်သော်လည်းမစားရချေ။(မင်းပေါက်)နေမည်ဖြစ်ကြောင့်ပင်တည်း။

အကယ်၍။ ၃၉ ၌ရှိသော'ရနက်'သည်။ ၃၈ ၌ရှိနေ၍။အနီဘက်ကရွှေ့လှည့်ကျနေလျှင်။၎င်း ၃၈ ၌ရှိသော(ရနက်)ကို။ ၄၆ ၌ရှိသော (သနီ)နှင့်စားနိုင်၏။၎င်း(သနီ)ကို ၆ ၌ရှိသော'ရနက်'ကတဖန်ပြန်လာလိမ့်မည်။ထိုအခါ။ မနီနှင့်ရနက်၏စပ်ကြား၌အခြားအရုပ်များမရှိသဖြင့်။ မနီကိုရနက်က'ခွေသည်' ဟုခေါ်လေ့ရှိ၏။'ခွေ'ဟူ၍၎င်း။သနီကိုစားပြီးမှခွေသောကြောင့်'စားခွေ'ဟူ၍၎င်း။ပြောလေ့ရှိ၏။ ။ခွေကွက်ရှိတိုင်းခွေလျှင်။နှုတ်ကအစဉ်မြွက်၍'ခွေ'ဟုပြောရ၏။ ။မနီကိုရနက်ကခွေထားသောအခါ။မနီသည်။ ၄၄။၄၇။ ၅၃။ ၅၅ ၆၁။ ၆၃ အကွက်များအနက်။တကွက်ကွက်သို့ရှောင်တိမ်းပေးရ၏။ ၄၆ နှင့် ၆၂ အကွက်များသို့မရွှေ့နိုင်။ရဲထားလမ်းဖြစ်၍ ခွေလျက်ပင်ရှိနေဦးမည်ဖြစ်သောကြောင့်တည်း။

ဤပုံအတိုင်း။ အနီဘက်က ရွေ့လှည့်ဖြစ်လျှင်။ ၅၉ ၌ရှိသောရနီနှင့် သေဘ်၄င်း။ ၂၅ ဂဂ်ရှိသောမြနီနှင့်သေဘ်၄င်း။ ၁၄ ၌ရှိသောမြနက်ကိုစားနိုင်၏။ ရနီနှင့်မြနက်ကိုစားလျှင်။ 'စားခွေ' ဟုပင်ပြောရ၏။ 'ခွေ' ဟူ၍တခွန်းတည်းပြော လျှင်လည်းလုံလောက်လေပြီ။ ထိုအခါ။ မနက်သည်။ ၁၀။ ၂၀။ ၃ အကွက်များ သို့။ ရထားလမ်းကျနေ၍မရွေ့နိုင်။ အခြားအကွက်သို့ ရှောင်တိမ်းပေးရ၏။ ရှောင်တိမ်းပေးကွက်မရှိလျှင်။ အနက်မင်းသေ၍။ အနက်ဘက်ကစစ်ထိုးသူစစ် ရှုံး၏။

ပုံ ၂၅၁။

အနက်။

		မ		ရ			
					ဆ		
				မြ			
		မြနီ					
					မြနီ		
						ဆ	
		ရနီ		မနီ			

အနီ။

အထက်ပါပုံ၌။ ၆၁ က (မနီ) ကို ၅ က (ရနက်) ဖြင့်အုပ်ထား၏။ ၃ က {မနက်} ကို ၅၉ က {ရနီ} ကအုပ်ထား၏။ ၃၈ က (မြနီ) နှင့် ၂၁ က 'မြနက်' ကိုစားနိုင်၏။ 'မြင်းချင်းဆက်' နေသည်ဟုပြောလေ့ရှိ၏။ 'မြင်းချင်းပြိုင်ကွက်' ဟူ၍လည်းခေါ်၏။ ၂၇ က 'မြနီ' နှင့်လည်း။ ၂၁ က 'မြနက်' ကိုစားနိုင်၏။ ၂၁ က 'မြနီ' ကလည်း။ အနက်ဘက်ကရွှေ့လှည့်ကျနေလျှင်။ ၂၇ က 'မြနီ' ကို၎င်း။ ၃၈ က 'မြနီ' ကို၎င်းစားနိုင်ကြောင်းသတိပြုထားဦး။ ။အကယ်၍ အနက်ကရွှေ့ လှည့်ကျနေသောကြောင့်။ ၃၈ က 'မြနီ' နှင့် ၂၁ က 'မြနက်' ကိုစားလျှင်။ အနက်ဘက်ကရွှေ့လှည့်ကျသွားပြန်ပြီဖြစ်၍၊ ၁၄ က 'ဆနက်' နှင့်။ ၎င်းမြနီကို စားလိမ့်မည်။ ၅ က 'ရနက်' နှင့်သည်း။ ၎င်းမြနီကိုပင်စားနိုင်သေး၏။ စားနိုင် သော်လည်း။ ရနက်နှင့်မစားချေ။ စားမိလျှင်ရနက်ကို။ ၂၇ က 'မြနီ' နှင့်တဖန် စားဦးမည်ဖြစ်သောကြောင့်။ ရထားနှင့်မြင်းသည်အများအားဖြင့် ရထားက အဘိုးတန်သောကြောင့်တည်း။ ။အနီဘက်ကအလှည့်ကျ၍။ ၃၈ က 'မြနီ'

နှင့် ၂၁ က'မြနက်'ကိုစားလျှင် ၁၄ က'ဆနက်' နှင့်ပြန်စားနိုင်ကြောင်းသိရပြီ။အကယ်၍။၃၀ က'မြနီ'နှင့်မစားဘဲ။၃၇ က'မြနီ'နှင့် ၂၁ က'မြနက်' ကိုစားထားလျှင်။၁၄ ကဆင်နက်နှင့်ရထားမြင်းနီကိုစားနိုင်သော်လည်းမစားရချေ။ အဘယ်ကြောင့်နည်းဟူမူကား ၃ က'မနက်'ကို ၅၉ က'ရနီ'နှင့်အရသာ ကြောင်းသိရှိခဲ့ပြီးဖြစ်သဖြင့်။ ၃၇ က'မြနီ'ကိုရွှေ့သွားသည်နှင့်တပြိုင်နက်။ အနက်ဘက်က။'မင်းပေါက်'နေပြီဖြစ်သောကြောင့်။ မနက်ကိုရှောင်တိမ်းပေးရ၏။မနက်၏ရှေ့၌ ၁၁ နံပါတ်အကွက်သို့ အနက်ဘက်ကအခြားအရုပ်များကိုရွှေ့၍ကာထားလျှင်လည်းကာထားနိုင်၏။ဤကဲ့သို့ကာလျှင် 'ကာကွက်'ရှိသည်ဟုပြောလေ့ရှိ၏။ကာနိုင်၍ကာသောအကွက်ကို 'ကာကွက်'ဟုခေါ်၏။ ။ ။ဤပုံအတိုင်းကာကွက်မရှိသောကြောင့်။မနက်ကိုရှောင်တိမ်းပေးရ၏။မြနီကို ၂၇ အကွက်ကရွှေ့၍ ၂၁ က'မြနက်' ကိုစားသည်ဖြစ်စေ။ အခြားအကွက်များသို့ရွှေ့သွားသည်ဖြစ်စေ။မင်းပေါက်၍ ရထားနှင့်ခွထားပြီးဖြစ်နေသောကြောင့်။၎င်းအကွက်မျိုးကို။'ပေါက်ခွကွက်' 'ပေါက်ကွက်' ဟုခေါ်၏။အနီဘက်က'ခွ'ဟုပြောရ၏။အနက်မင်းကြီးကို ရှောင်တိမ်းပေးပြီးနောက်။ ယခု ၂၁ ၌'မြနီ'ရှိနေလျှင်။ ၎င်း'မြနီ'ကို ၁၄ က 'ဆနက်'နှင့်စားမည်ဆိုး၍။ အခြားအကွက်သို့ ရွှေ့သွားလိုသော်လည်း။ မရွှေ့ရချေ။ အနီဘက်က'မင်းပေါက်'နေမည်ဖြစ်သောကြောင့်တည်း။

ဤပုံ၌။၅နံပါတ်က'ရနက်'သည်။အကယ်၍။၅နံပါတ်၌မရှိဘဲ။'မနက်'၏ရှေ့တည့်တည့်ကပ်လျက်။၁၁ နံပါတ်အကွက်၌ရှိနေသောအခါ၌။၂၇ က'မြနီ'နှင့် ၂၁ က'မြနက်'ကိုစားမိလျှင်။ ၅၉ က'ရနီ' ကို ၁၁ က'ရနက်' နှင့်စားပစ်နိုင်၏။

အကယ်၍ ၂၁ က'မြနက်'သည်။ ၄၉ အကွက်၌ရှိနေစဉ်။ 'မြနီ'နှင့်မြနက်ကိုစား၍'ပေါက်ခွ'ဟုဆိုပြားသော်လည်း။မနက်ကိုမရွှေ့ဘဲ။ ၄၉ က မြနက်နှင့် ၅၉ က'ရနီ'ကိုစားပစ်နိုင်၏။ ။ဤကဲ့သို့စားပစ်သည်ကို။'ပေါက်ကောင်ကိုစားသည်'ဟုဆိုကြ၏။

ဤပုံအတိုင်းတွင်။၂၁ က'မြနက်'ကို ၄၉ နံပါတ်မှာပင် ရွှေ့ထား။ ၂၇ က'မြနီ'ကိုလည်း ၃၅ မှာရွှေ့ထားဦး။အနီဘက်ကရွှေ့လှည့်ကျ၍။ ၃၅ က'မြနီ'ကိုနံပါတ် ၂၀ သို့ရွှေ့သွားလျှင်။ ရနက်နှင့်မနီကိုမင်းပေါက်စေသောကြောင့်။'ပေါက်ကွက်''ပေါက်ခွကွက်'ဟုခေါ်ရ၏။'မြနီ'သည်မနက်ကိုလည်း 'ခွ'နေသဖြင့်။ ရထားနှင့်တခွ။ မြင်းနှင့်တခွ။ နှစ်ခွ ထပ်ခွထားသောကြောင့်။၎င်းအခွမျိုးကို။'နှစ်ထပ်ခွ'ဟုခေါ် ၏။ 'နှစ်ထပ်ပေါက်ခွ' ဟည်းခေါ် နိုင်၏။နှစ်ထပ်ခွဖြစ်နေ၍။၄၉က'မြနက်'နှင့် ၅၉က'ရနီ'ကိုမစားနိုင်။စါး

နိုင်သော်လည်းမစားရ။ မြင်းကခွေလျက်ပင်ရှိနေသေးသောကြောင့်။မနက်ကို ရွှေ့ရ၏။မြင်းသည်မနက်ကိုခွေရာ၌ ရနက်ကိုသည်းစားနိုင်။သနက်ကိုလည်းစား နိုင်သောကြောင့်—'ခွကွက်''ခွခွေကွက်'ဟုလည်းခေါ်၏။ ။နှစ်သပ်ခွေလျှင် ကာကွက်။ကယ်ကွက်။စားပစ်နိုင်သောအကွက်မရှိချေ။

အခန်း—၉။

စစ်ဘုရင်ထိုးခြင်း၏ရည်ရွယ်ချက်နှင့်စစ်ထိုးနည်း။

စစ်ဘုရင်ထိုးခြင်း၏ ရည်ရွယ်ချက်မှာ။ တဘက်ကမင်းကြီးကိုဘမ်း သတ်ရန်ဖြစ်၏။ ။တဘက်ကမင်းကြီးသေလျှင်။မိမိကအနိုင်ရ၏။ မင်းကြီး သေသောဘက်ကရှုံး၏။

မင်းကြီးကို ဘမ်းသည်ဆိုရာ၌။ မင်းကြီးရုပ်သည် ခွေကွက်လွတ် အောင်မသွားနိုင်စေရန်။ပဋ္ဌမချုပ်ထားပြီး၍။ နောက်ထပ်ခွေသတ်သည်လည်း ရှိ၏။ ။ပဋ္ဌမတခါ ခွေသည်ကို ရှောင်တိမ်း ကာကွယ် နေပြီးနောက် သို့မဟုတ်ခွေသောအရုပ်ကိုစားပစ်ပြီးနောက်။သပ်မံဆက်သက်၍ခွေပြန်သော် အခါ။နှစ်ကြိမ်နှင့်ဖြစ်စေ။ နှစ်ကြိမ်ထက်ပိုမိုမှုဖြစ်စေ။ အခွေခံရသောမင်းကြီး သည်။ခွေကွက်လွတ်အောင် ရှောင်တိမ်းကွက်၊ကာကွက်။ ခွေသောအရုပ်ကို စားပစ်နိုင်သော အခွင့်မသင့်သောအခါ။ ၎င်းမင်းကြီး သေသည်ဟုမှတ်ရ မည်။ ။မင်းကြီးသေလျှင်စစ်တပွဲအပြီးအဆုံးသို့ရောက်သဖြင့်၊မင်းကြီးသေ သောဘက်ကရှုံး၏။ ။စာမျက်နှာ ၂၅။ပုံ ၁၄၅ ကစ၍၊စာမျက်နှာ။ ၃၀ ပုံ ၂၀၀ အထိတွင်ဖော်ပြထားသော မင်းသေပုံအမျိုးမျိုးကိုအထူးဂရုပြု၍ ကြည့်ရှုမှတ်သားထားသင့်၏။

မင်းကြီးကိုခွေကွက်မှလွတ်အောင်မရှောင်နိုင်စေရန်။ချုပ်နှောင်ထားပြီး နောက်။၎င်းချုပ်နှောင်ခြင်းကိုခံနေရသောမင်းကြီး၏ဘက်က။ မင်းကြီးတရုပ် ထည်းသာကျန်သောကြောင့်ဖြစ်စေ။ အခြားစစ်ရုပ်များရှိသေးသော်လည်း။ ၎င်းအရုပ်တို့အနက်။မည်သည့်အရုပ်ကိုမျှ။စစ်ဘုရင်ဥပဒေအရ။ ရွှေ့နိုင်ခွင့်မ ရှိလျှင်။မင်းကြီးအပ်သည်။ 'အပ်ကွက်'ဟုပြောလေ့ရှိ၏။ မင်းကြီးအပ်ကွက် ကျနေလျှင်အရှုံးအနိုင်မရှိ၊'သရေပွဲ'ဖြစ်၏။

ပုံ ၂၅၂။

မ							
	မနီ						
	ရနီ						

ဤပုံ၌ ‘မနက်’သည်နံပါတ် ၁ တွင်တည်ရှိ၏။ ‘မနီ’သည်နံပါတ် ၁၈ တွင်တည်ရှိ၏။‘ရနီ’သည် ၅၈ တွင်တည်ရှိ၏။အကယ်၍။အနီဘက်က ရွှေ့လှည့်ကျနေသောကြောင့်။ စစ်ထိုးနေကျဖြစ်ပါမူ။ ၁၈ က‘မနီ’ကို ၁၁ သို့ရွှေ့လိမ့်မည်။ထိုအခါ ။‘မနက်’ကို ၂ နှင့် ၁၀ နံပါတ် အကွက်များသို့မရွှေ့ရချေ။ရထားလမ်းကျ၊ မင်းချင်းအပ်ကွက်များလည်းဖြစ်နေသောကြောင့် ဖြစ်လေသည်။၁ က‘မနက်’ကို ၉ သို့ရွှေ့နိုင်၏။ ၅၈ က‘ရနီ’နှင့် ၅၇ က နေ၍ခွေလျှင်။မနက်သေသောကြောင့်. အနက်ဘက်ကစစ်ပွဲရှုံး၏။ ။ထိုအခါ။မနက်သည်နံပါတ် ၉ ၌၎င်း၊မနီသည် ၁၁ ၌၎င်း။ရနီသည် ၅၇ ၌၎င်း။ အသီးသီးရှိနေကြလိမ့်မည်။မနက်သည်။၁ နှင့် ၁၇ အကွက်များသို့ မသွားနိုင်ချေ။ရထားလမ်းဖြစ်၏။ ။၂။၉။၁၀။အကွက်များသို့လည်း မသွားရချေ။ မင်းချင်းအပ်ကွက်ဖြစ်၏၊ ။ရထားနှင့်အခွေခံရ၍။ ရှောင်တိမ်းခွင့်မရသောကြောင့်။မင်းနက်သေရ၏။အနက်ဘက်ကစစ်ပွဲရှုံး၏။

အကယ်၍။အနီဘက်ကရွှေ့လှည့်ပင်ကျသော်လည်း။ စစ်ထိုးနေမကျ၍သော်၎င်း။စစ်ရေမဝ၍သော်၎င်း။ အတော်အတန်ပင် ထိုးဘူးသော်လည်း။ မစဉ်းမစားဘဲ။ရုတ်တရက်အရုပ်ကိုကိုင်သွားတတ်သော အခါလေ့အထရှိ၍။ ၁၈ က,မနီ’ကို ၁၁ သို့ရွှေ့မိပါမူကား။‘မနက်’သည် ၉ အကွက်သို့မင်းချင်းအပ်နေ၍မသွားနိုင်။၂ အကွက်သို့လည်းရထားလမ်းကျနေသောကြောင့် မသွားနိုင်။၁၀ အကွက်သို့လည်းမသွားနိုင်ချေ။မင်းချင်းအပ်နေမည်အပြင်။ရထားလမ်းလည်းကျနေသောကြောင့် ဖြစ်လေသည်။ ။ဤကဲ့သို့သော အခ

ကွက်မျိုးကို'အခပ်ကွက်'ဟုခေါ်၏။ ။အနီဘက်ကနိုင်ခွင့်ရှိလျက်မနိုင်ဘဲ။ သရေကျသာဖြင့်။အချုံးအနိုင်မရှိ'သရေပွဲ'ဟုခေါ် ကြ၏။

ဤကဲ့သို့ အခပ်ကွက်ကျနေသည့်အခါ၌။ အနက်ဘက်က နယ်တလုံးသည်။ နံပါက် ၅၆ တွင်ရှိနေလျှင်။ ၆၄ သို့တက်နိုင် ရွှေ့နိုင်သေးသောကြောင့်။ အခပ်ကွက်မလုပ်ရဘဲ။ နယ်ကို ၅၆ မှ ၆၄ သို့ရွှေ့ရမည်။ ။အခကယ်၍နယ်နက်သည်အကွက် ၆၄ မှာရှိနေပြီးဖြစ်ပါမူကား။ အခပ်ကွက်ပင်လုပ်နိုင်၏။အချို့ဆရာများက။ဤနေရာမျိုးတွင်။ ၆၄ ကနယ်နက်ကို ၆၄ မှာပင်ဖြစ်စေ။ ၅၇ မှာဖြစ်စေ။'စစ်ကဲတင်'ရမည်ဟုအယူရှိကြ၏။ အခပ်ကွက်ကျနေမှသာစစ်ကဲတင်ရမည်ပြောသောကြောင့်။စစ်ကဲမတင်ဘဲ။အခပ်ကွက်လုပ်ရန်သင့်လျော်၏။'မလိုမှကူးတို့ခတောင်း'သည့်ဆိုဘိသကဲ့သို့။ အခြားနေရာမျိုးတို့တွင်။စစ်ကဲတင်ချင်သောအခါမှတင်ခွင့်ရပါလျက်။ အနီဘက်ကအနိုင်မရဘဲ။သရေကျမည်ကိုသိသောကြောင့်။ စစ်ကဲတင်ရမည်ဟုငြင်းလျှင်။အခပ်ကွက်ပင်ပြုလုပ်သင့်ကြောင်း။ကျွန်ုပ်တို့သဘောကျ၏။မြန်မာပြည်တပြည်လုံး၌လည်း။ဤနည်းအရ။ဘညီတညွတ်တည်းအယူရှိသင့်ကြ၏။

စစ်ထိုးနည်းမှာများစွာရှိ၏။ သာမည ထိုးကြသော စစ်ထိုးနည်းပေါင်းကိုဘော်ပြရလျှင်များလွန်း၍မှချကျမ်းလေးနေမည်။ လိုက်နာအပ်သောစစ်ထိုးနည်းမှာကား။ ။စစ်ခုံတွင် စစ်ထိုးမည့်သူနှစ်ဦး။ နှစ်ဘက်။မျက်နှာချင်းဆိုင်ထိုင်နေကြပြီးနောက်။ပဌမစစ်ဘက်မည့်သူက။ ပဌမစစ်ဘည်၍ပြီးလျှင်။နောက်ထပ်၍မပြင်မရွှေ့စေဘဲ။ ဒုတိယစစ်တက်မည့်သူက။ ဒုတိယစစ်ဘည်၍ထိုးကြလျှင်။ သင့်လျော်သောစစ်ထိုးနည်းပင်ဖြစ်မည်။ ။လိုသောအချက်များမှာ။ (အတွင်းစစ်ကဲပေါက်)ဟုခေါ်သော{စစ်ကဲလွှဲ} စစ်တည်နည်းကိုမူကားအသုံးပြုနိုင်၏။ နယ်များထားရိုး ထားစဉ်နေရာ၌ စစ်ကဲကို။{ပေါက်}၍မတည်စေဘဲ။စစ်ကဲထားရိုးနှစ်ခုနေရာ၌သာထားစေရမည်။ ရထားဘပ်ဘားခြင်း။ ရဘားကိုတကွက်နှိမ့်ထားခြင်းများကိုလည်းမတည်သင့်ပေ။ ၎င်းပြင်လည်း။မိမိဘက်ကမင်းအားရထားအုပ်ထားသည့်ကိုမိမိကမခံလိုလျှင်။ မိမိဘက်က။ ရထားနှင့်လည်းအခြားဘက်ကမင်းကြီးကိုအုပ်၍မတည်မထိုးသင့်ပေ။ ယခုတည်နည်းများမှာ။ဒုတိယစစ်တည်သူ၏တာဝန်များစွာကျလေသည်။အထက်ကဘော်ပြပြီးဖြစ်သောလိုက်စစ် ခံစစ်တည်ပါကသည်း။လိုက်စစ်ကအလျင်ပဌမစစ်ဘက်၍။ခံစစ်ကဒုတိယစစ်တက်ထိုးသင့်ကြပေသည်။ မြင်းထပ်နှင့်မြင်းခွကိုစစ်တည်လျှင်။ မြင်းခွဘက်က။ မည့်သည့်အခါမျှပဌမစစ်ဘက်ခြင်းကိုမပြုလုပ်သင့်ကြကြောင်း ကောင်းမွန်စွာမှတ်သင့်ကြ၏။ အခ

ခြားစစ်တည်နည်းများမှာလည်း။ လိုက်စစ်—ခံစစ်ဖြစ်လျှင်။ ဤနည်းတူလိုက်နာ ပြုလုပ်သင့်ကြ၏။ ။စေ၀တ်ကော၍စစ်တည်ကြပြီးလျှင်၊ နောက်ထပ်မပြင်ရ ဟုပြော၍(ဒိုင်)လုပ်သူက အစ၀တ်ကိုရှင်းသိမ်းလိုက်၍၊ မည်သူအလျှင်ပဌမ ထက်သင့်ကြောင်း။ ပိုက်ဆံဘပြားနှင့်မှောက်ပန်းမြှောက်လျက်။ စစ်ထိုးလေ့ လည်း။ ရှေးအခါကပြုလုပ်ကြသေး၏။ ။စစ်ထိုးသောအခါ။ အရှေ့ဘက်က နေထိုးရမှု။ တောင်—မြောက်—အနောက်ဘက်က နေထိုးရမှုဟု ရွေးချယ်ရန် လည်းသင့်မည်မထင်ချေ။ အင်္ဂလိပ်နည်းအရ ပြုလုပ်လိုပါလျှင်လည်း။ မိမိ သာသိစေလျက်။ မိမိကြိုက်ရာဘက်ကိုရအောင် အမှတ်မဲ့ပြုလုပ်သင့်ပေ၏။ ငုပ်ပြင်လည်းအရုပ်နီများကို ကိုင်ထိုးရမှု။ အရုပ်နက်များကို ကိုင်ထိုးရမှုစ သည်ဖြင့်။ အလိုဆန္ဒထူးခြားစွာထားရှိပါလျှင်လည်း။ မသိလိုက်မသိဘာသာ ပြုလုပ်သင့်ကြ၏။ အကယ်၍။ သူကလည်းအနီကိုရမှု။ ငါကလည်းအနီကိုရမှု ဟု၊ အကျဉ်းအကြပ်ကျနေလျှင်။ မှောက်ပန်းမြှောက်မဲချ၍ ကံကျရာယူသင့်ကြ ပေ၏။ စစ်ထိုးသောအခါ။ အများဒေါသမထွက်စေဘဲထိုးသင့်၏။ အရုပ်ကို လည်းအသံမမြည်အောင်ကိုင်ချသင့်၏။ အခြားအရုပ်များကိုလည်း မလဲမပြို စေရအောင်သတိပြုသင့်၏။ အချိန်ကာလ ကြန့်ကြာစွာလည်း။ တကွက်တ ကွက်ကို လေးလေးဖင့်ဖင့် မရွှေ့သင့်ကြပေ။ အင်္ဂလိပ်စစ်ဘုရင်၌။ ဘနာရီအ တွင်းတဘက်အတွက်။ ၁၅ ကွက်ရွှေ့စေရန်ဥပဒေပြုလုပ်ထား၏။



အခန်း—၁၀။

စစ်ဘုရင်ဆိုင်ရာစကားအသုံးအနှုန်းများ။

ခွေ။ခွေကွက်။လုံးလဲခွေ။ပေါက်ခွေ။စားခွေ။ထိုးခွေ။ဆုတ်ခွေ။ပစ်ခွေ။နှစ်ထပ်ခွေ။ ခွခွေ။သသာခွေ။သိုင်းခွေ။အုပ်ခွေ။ဖေါက်ခွေ။ချုပ်ခွေ။ခွေသံမစဲ။

ပုံ ၂၅၃။

အနက်။

				ရ			
			စ	မ			
			န				
				နနီ	မနီ	စနီ	
				ရနီ			

အနီ။

{အနီဘက်ကစစ်ကဲလှဲ}

စာမျက်နှာ ၂၂။ပုံ ၁၃၂။ ။စာမျက်နှာ ၆၁။ပုံ ၂၀၇တို့၌ပြထားသောအကွက် နံပါတ်များကိုပြန်၍ကြည့်ပါ။ ။အထက်ပါ {ပုံ ၂၅၃}၌။ ၃၉အကွက်က'စနီ'ကို၃၀သို့ရွှေ့လျှင်။၂၁က'မနက်'ကို'ခွေ'ဟုပြောလေ့ရှိ၏။'ခွေ'ဟူသောစကားကိုလည်း။ အနီဘက်စစ်သိုးသူကပြောရမည် ။အကယ်၍။ဤပုံ၌ပင်'နနီ' နှင့်'မနီ'တို့သည်။ ယခုအကွက်များ၌မရှိဘဲ။ ၄၅။၄၆အကွက်များ၌ရှိနေလျှင်။အနက်ဘက်ကရွှေ့ လှည့်ကျနေသော်လည်း။ 'မနက်'သည် ၂၁မှ ၃၀ သို့မသွားနိုင်။စစ်ကဲစောင်းဖြစ်၍။စင်စစ်အားဖြင့်။ 'မနက်'မဟုတ်ဘဲ။နနက်။စနက်။သင်္ဘောနက်။မြင်းနက်။ရုနက်။တရုပ်ရုပ်ဖြစ်ခဲ့ပါမူ။ ၄င်း'စနီ'က စားပစ်နိုင်သောကြောင့်။၄င်းအကွက်မျိုးကို။'ခွေကွက်'ဟုခေါ်လေသည်။ ။ ဤပုံ၌ပင်'နနက်'သည်၃၆၌ရှိနေ၍။ အနက်ဘက်ကမင်းကြီးကို 'ရနီ'နှင့်အုပ်

ထားသည့်ကိုသိသောကြောင့်။အအုပ်မခံလိုသော်လည်း။ ၂၁က'မနက်'ကို ၂၈သို့မရွှေ့နိုင်။ နယ်ဦး နယ်စောင်းဖြစ်၍။ ၎င်းကိုလည်းရှေးနည်းဘူ 'ခွေ ကွက်'ဟူ၍ပင်ခေါ်၏။'နနီ'က--စား~~ရ~~သောအကွက်ဘူ~~ရ~~သည်။ ။'ခွေ' ဟူသောစကား။'ခွေကွက်'ဟူသောစကားတို့၏အဓိပ္ပါယ်ကိုနားလည်သင့်ပြီ။ သရုပြထားသော{ပုံ ၂၅၃}၌။အနီဘက်ကရွှေ့လှည့်ကျနေလျှင်။၃၇ က'နနီ' နှင့်၂၈က'နနက်'ကိုစားပြီးလျှက်။'မနက်'ကိုသည်းခွေနေသောကြောင့်။ 'စား ခွေ'ဖြစ်၏။ ။'နနီ'ကိုရွှေ့လိုက်ရာ။'မနက်'နှင့်'မနက်'ကိုအုပ်ထားသော'ရနီ' ၏စပ်ကြား၌တရုပ်ချမရှိသောကြောင့်။ မင်းပေါက်နေပြီ။၎င်းကို 'ပေါက်ခွေ' ဟူ၍လည်းခေါ်ရ၏။ ။'မနက်'သည်ခွေကွက်လွှတ်အောင် ရှောင်ရမည်ဖြစ် သောကြောင့်။ ရှောင်တိမ်းလိုသောအခါ။ 'နနီ'ကိုစား၍ နေနိုင်သော်လည်း 'ရနက်'ကို'ရနီ'ကစားမည်ကိုသိရ၏။ 'မနက်'ကို ၁၂။၁၄ သို့သာရွှေ့ထိမ့် မည်။အနီဘက်ကခွေထားစဉ်။ ရထားချင်းအလုံးလဲရမည်ကိုသိ၍ ခွေသော ကြောင့်။ရထားချင်းလည်းအလုံးလဲခဲ့လျှင်။ အဓိပ္ပါယ်ကား။'မနက်'သည်။ ခွေ ကွက်မှရှောင်တိမ်းသွား၍။ 'ရနီ'နှင့်{ရနက်}ကိုစားလျှင်။ (မနက်)ကလည်း။ 'ရနီ'ကိုတဖန်ပြန်စားရသောကြောင့်။အလုံးချင်းလဲရသည်ဖြစ်၍။ 'လုံးလဲခွေ' ဟူ၍လည်းခေါ်၏။

ဤ(ပုံ ၂၅၃)၌ပင်။ 'စနီ'၏နေရာ၌'ဆနီ'ရှိခဲ့ပါမူ။ ၃၉မှ၃၀သို့ရွှေ့ လျက်။'မနက်'ကိုခွေနိုင်၏။ ၎င်းကိုဆင်နှင့်ထိုး၍ခွေသောကြောင့် 'ထိုးခွေ'ဟူ ခေါ်နိုင်၏။ ။'ဆနီ'သည်'စနီ'၏ နေရာ၌မဟုတ်ဘဲ။ ၂၃တွင်ရှိနေပါမူ။၃၀ သို့ရွှေ့လျက် 'မနက်'ကိုခွေနိုင်ပြန်၏။ ဆင်ကို နောက်သို့ဆုတ်၍ ခွေသော ကြောင့်'ဆုတ်ခွေ'ဟူ၍ခေါ်နိုင်၏။ ။ဤ'ပုံ ၂၅၃'၌ပင်။ 'မနီ'၏နောက်က ၄၆အကွက်တွင်'မြနီ'ရှိနေပါမူ။၃၁ကသော်၎င်း။၃၆ ကသော်၎င်း။'မနက်' ကိုခွေနိုင်၏။အဝေးကနေ၍မြင်းနှင့်ပစ်ခွေသောကြောင့်'ပစ်ခွေ'ဟုခေါ်နိုင်၏။

'နနီ'နှင့်'နနက်'ကိုစားသောအခါ။ 'မနက်'ပေါက်နေ၍။ 'မနက်နှင့်ရနီ' ၏စပ်ကြား၌ အရုပ်မရှိသောကြောင့်ဟုဆိုလိုသည်။ 'ရနီ'နှင့်ခွေထားပြီးဖြစ် သည့်လည်းတချက်။'နနက်'ကိုစားသော ၂၈ အကွက်၌'နနီ'ကလည်း'မနက်' ကိုပင်ခွေလျက်ရှိသောကြောင့်။၎င်းခွေကွက်မျိုးကို'နှစ်ထပ်ခွေ'ဟုခေါ်သင့်၏။ တကမ္ဘာလုံးသုံးနေကြသောအင်္ဂလိပ်စစ်ဘုရင်၌လည်း ဤကဲ့သို့ပင်ခေါ်ကြ ၏။ ။'နှစ်ထပ်ခွေ'ကိုရထားတလုံးအပြင် နယ်—စစ်ကဲ—ဆင်--မြင်းတလုံးလုံး နှင့်ပူးပေါင်း၍ခွေနိုင်၏။'ပေါက်ခွေ'ရှိမှ'နှစ်ထပ်ခွေ'ရှိ၏ဟုမှတ်သင့်၏။ ။ စားခွေ။ပေါက်ခွေ။လုံးလဲခွေ။ထိုးခွေ။ဆုတ်ခွေ။ပစ်ခွေ။နှစ်ထပ်ခွေတို့၏အဓိပ္ပါယ် များကိုသိရကြလေပြီ။ ။

မှတ်ချက်။ ။'လုံးလဲခွေ'ကိုမည်သည့်အခါ။မည်သည့်အတွက်ပြုလုပ်ရကြောင်းကိုစဉ်းစားကြအံ့။ ။ဘစ်အခွားရှိမရှိကြည့်ရှုရာ။စစ်ချပ်ချင်း၊ အားချင်းတူနေကြသဖြင့် အရှုံးအနိုင်မဖြစ်သောကြောင့်လည်း 'လုံးလဲခွေ'ခွေတတ်၏။မိမိဘက်ကအချပ်များအားရှိ။စစ်စီးသဖြင့်၊ အလုံးနည်းမှ သာမြန်မြန်နိုင်မည်ကို သိ၍လည်း 'လုံးလဲခွေ'ခွေရ၏။ အလုံးချင်း၊ အားချင်းပင်တူနေသော်လည်း။မူလရင်းက။ မိမိသည်အခြားစစ်ထိုးသူလောက်စစ်ရေ'ချည်'မပေသောကြောင့်လည်း။များလျှင်အရှုံးမခံရအောင်။'လုံးလဲခွေ'ခွေရ၏။စစ်ရေသာအကွက်ကောင်းသောဘက်'အနက်ဘက်'က။ သရေကျလျှင်အရှုံးခံမည်ဟု။ ပဋ္ဌမက။ ကတိစကားရှိသောကြောင့်လည်း။ သရေကျလျှင်။ မိမိကအနိုင်ရမည်သိသောကြောင့်လည်း 'လုံးလဲခွေ'ခွေရ၏။ ဤ၊မျှလောက်သိရလျှင် သင့်လျော်လေပြီ။

ပုံ ၂၅၄။

အနက်။

					ရ	ရ	
		မ				မြ	
			စ				
		ဆ				မြ နီ	
			မြ နီ		ဆ		ဆ နီ
				စ နီ			
		ရ နီ				မ နီ	
					ရ နီ		

အနီ။

။ဤပုံ၌။ အနီဘက်က ရွှေ့လှည့် ကျနေလျှင်။ ၃၆ က 'မြနီ'ကို ၂၆သို့ရွှေ့၍သော်၎င်း။ ၂၁သို့ရွှေ့၍သော်၎င်း။၁၁ က'မနက်'ကိုခွေနိုင်သည်။မြနီကို၂၁သို့ရွှေ့၍ခွေလျှင်၊'မနက်'ကိုခွေနေသောအကွက် ၂၁၌ရှိနေသော'မြနီ'သည်။၆ က'ရနက်'ကိုသော်၎င်း။ ၁၅ က'မြနက်'ကိုသော်၎င်း။ ၃၀ က'ဆနက်'ကိုသော်၎င်း။စားနိုင်သောကြောင့်။'ခွခွေ'ဟုခေါ်၏။'ခွကွက်'ဟူ၍လည်းခေါ်၏။ ။'မနက်'ကိုခွေသော်လည်း။ 'မနက်'ကို ရှောင်တိမ်း၍မပေးဘဲ။၁၅ က'မြနက်'နှင့် ၂၁က လာခွေနေသော'မြနီ'ကို၊ စားပစ်နိုင်သောကြောင့်'။လုံးလဲခွေ'ဖြစ်မည်။ ။၁၅ က'မြနက်'နှင့် ၂၁ မှာလာခွေနေသော

'မြနီ'ကို။စားပစ်နိုင်သောအခါ။ ၃ ၁က'မြနီ'နှင့်ပြန်၍မစားနိုင်။ 'မနီ'မင်းပေါက်နေမည်၊ပေါက်ကွက်ရှိ၏။ ပေါက်ကွက်မရှိ၍ပြန်စားနိုင်လျှင်။ 'မနက်—ရနက် ဆနက်'တို့ကို။'မြနီ'က မှီနေသောကြောင့် 'ခွကွက်'ပင်ပြန်ဖြစ်ဦးမည်။ ။ 'မြနီ'ကိုမရွှေ့ဘဲ။ ၄၅—က'စနီ'နှင့်၃၈ က'ဆနက်'ကိုစားပစ်နိုင်သည်။ ၆၂ က'ရနီ'နှင့်လည်း။၎င်း'ဆနက်'ကိုပင်စားပစ်နိုင်သည်။

ဤပုံအတိုင်း၌။အနက်ဘက်ကရွှေ့လှည့်ကျနေလျှင်။ {၂၇}က'ဆနက်' နှင့်။၃၆ က'မြနီ'ကိုစားမပစ်နိုင်။ မင်းပေါက်ကွက်ရှိ၏။မသိ၍စားမိလျှင်။ မင်းကြီးပေါက်နေပြီ။ မင်းပေါက်နေပြီဟုပြောလေ့ရှိ၏။ ။၃၈—က'ဆနက်'နှင့်။ ၄၅ က'စနီ'ကို စားနိုင်သော်လည်းမစားဘဲ။ ၄၇သို့'ဆနက်'ကို ရွှေ့လျှက်။ 'ထိုးခွေ'ခွေလိမ့်မည်။ဤကဲ့သို့ခွေလျှင်။၄၀က'ဆနီ'နှင့်သော်၎င်း။၅၅ က'မနီ' နှင့်သော်၎င်း။ ၎င်းဆနက် ကိုစားပစ်နိုင်၏။ 'ဆနက်'ကို ကယ်မထားသောကြောင့်။'မနီ'ကစားပစ်နိုင်၏။ဤကဲ့သို့။အချိပ်အဆက်၊ ကယ်ကွက်မရှိဘဲ။အလွတ်သက်သက်။'ဆနက်'က'မနီ'ကိုခွေသောအခွေမျိုးကို 'ဘလာခွေ'ဟုခေါ်သည်။ ။အခြားရွှေ့ကွက်၊ သွားကွက်များလည်းရှိသေး၏။ ။ယခုဘဖန်။ (ခွခွေ) (ထိုးခွေ) (ဘလာခွေ)ဟူသော စကားတို့၏ အဓိပ္ပါယ်ကိုသိရကြ၏။ ။စစ်ထိုးသောအခါ၌ပုံအတိုင်းဖြစ်မည်။ ဤကဲ့သို့ပင်ရွှေ့မည်ဟုမဆိုလို။ အဓိပ္ပါယ်သိလွယ်အောင်ပုံဆောင်၍ပြထားခြင်းမျှသာဖြစ်သည်။ .

မြင်းရွှေ့ကွက်ကို။ အချို့ဆရာများက{မြင်းသိုင်းကွက်}ဟု ခေါ်ထတ်သောကြောင့်။ မြင်းနှင့်ခွေသောအကွက်ကိုလည်း'သိုင်းခွေ}ဟူ၍ခေါ်နိုင်သေး၏။သို့ရာတွင်။ သိုင်းကွက်—သိုင်းခွေကိုသုံးသည်မှာ။ မိမိဘက်ကမင်းကြီးကို ရစ်ပတ်လျက်ဖြစ်စေ။ မိမိ၏မင်းကြီးပေါ်သို့ ကျော်လွန်ခုန်သွားပြီးမှ မြင်းခုန်ကွက်။ မြင်းခွေကွက်မျိုးကိုသာလျှင် ခေါ်သင့်လိမ့်မည်ဟုထင်မြင်သဘောရပေ၏။



ပုံ ၂၅၅။

အနက်။

			မ				
ရ နီ		ဆ နီ					ရ
						မ နီ	

အနီ။

ဤပုံ၌။အနက်ဘက်ကရွှေ့လှည့်ကျနေလျှင်။၄၀ကရထားကို၃၈သို့ရွှေ့၍။၅၅ကမင်းကြီးကိုခွေနိုင်သော်လည်းမခွေဘဲ။၂၀ ကမင်းကြီးကို။ ၃၅က ဆင်နှင့်မခွေနိုင်စေရန်။၁၇–၁၈–၁၉ အကွက်များသို့ကြိုက်ရာ ရွှေ့ထားသင့်၏။သို့မဟုတ်'ရနက်'ကို အခြားသို့ဆွဲသွားသင့်၏။ 'ရနီ'နှင့်တတန်းတည်းမထားသင့်။၄၀ကရထားကို၃၈သို့ဆွဲလျက်။ ၅၅ကမင်းကြီးကိုခွေသောအခါ။ မနီ သည်၄၆–၄၈ တကွက်ကွက်သို့ရွှေ့လျက်။ ရထားနားသို့ကပ်လာလျှင်။ ၃၈ကရထားကို ၁၅။၇ စသောအကွက်များသို့ကြိုက်ရာရွှေ့သင့်၏။ ၂၃သို့ ရွှေ့လျှင်။၃၃က'ရနီ'နှင့်၂၀ကမင်းကြီးကို။၁၇ကနေခွေပြီးလျှင်။၂၃က'ရနက်' ကိုစားပစ်လိမ့်မည်။ 'မနက်'က'ရနက်'ကိုမကာယ်နိုင်။ ကပ်လျက်ရှိသောအကွက်တကွက်သို့သာ မင်းကြီးရပ်များကို ရွှေ့ရသောကြောင့်ဖြစ်လေသည်။ 'မနက်'၏ တဘက်၌ရှိသော 'ရနက်'ကို စားရအောင်။ 'ရနီ'ကဤကဲ့သို့ 'မနက်'ကိုခွေသောအခွေမျိုးကို'အုပ်ခွေ'ဟုခေါ်နိုင်၏။

ဤပုံအတိုင်းတွင်။အနက်ဘက်ကရွှေ့လှည့်မဟုတ်ဘဲ။ အနီဘက်ကရွှေ့လှည့်ကျနေပါမူကား။ ၃၅ကဆင်နှင့်။ ၂၀ကမင်းကြီးကို ထိုးခွေလိမ့်မည်။အချိတ်အဆက်မရှိ'ဘလာခွေ'ဖြစ်၏။ ဆင့်နှင့်ထိုးခွေသောကြောင့် 'ထိုးခွေ'ခေါ်ကြ၏။ ။ဆင်ရွှေ့သွားသောအခါ။ ရထားချင်း'ဖေါက်' ပေးသောကြောင့် 'ဖေါက်ခွေ'လည်းခေါ်နိုင်၏။ ။မနက်–သည်၂၀၌မဟုတ်ဘဲ။၅၃၌ ရှိနေခဲ့လျှင်။၃၅က ဆင်ကို၄၃သို့ဆုတ်ခွေ။ ခွေနိုင်သောကြောင့်။ ဆုတ်ခွေ–ဘလာ

ခွေ–ဖေါက်ခွေ။လည်းဖြစ်မည်၊ ။ထိုးခွေ–ဆုတ်ခွေ–ဘလာခွေ။ များအပြင်၊ အုပ်ခွေ–ဖေါက်ခွေဟူသောစကားများ၏ အဓိပ္ပါယ်ကိုလည်းသိရပြန်၏။ ။ ဆင်နှင့်သာဘလာခွေ–ဖေါက်ခွေ။ပြုလုပ်နိုင်သည်မဟုတ်။ န–စ - မြ–တို့နှင့် လည်းလုပ်နိုင်၏။ ။ရထားနှင့်ဘလာခွေလုပ်နိုင်သော်လည်း။ ရထားကိုရွှေ့၍။ ဖေါက်ခွေမဖြစ်နိုင်။ ရွှေ့မည့်ရထားနှင့်ခွေပြီးဖြစ်လေသည်။ ။အဓိပ္ပါယ်ရှင်း။ လင်းစေရန်သာချာစွာဘော်ပြလိုက်ပါသည်။အုံမိုစကားပါသည်ဟု အပြစ်မယူကြပါနှင့်။

ပုံ ၂၅၆။

အနက်။

	မ						
မ နီ							
	န နီ				မြ နီ		ရ
န နီ							
ရ							
.			ရ နီ				

အနီ။

ဤပုံ၌။ အနက်ဘက်ကရွှေ့ လှည့်ကျနေလျှင်၊ ၄၁ကရထားနှင့် ၃၈က မြင်းကိုစားနိုင်သော်လည်း မစားသေးဘဲ။ ၄၉ကရထားနှင့် ၄၁ကနယ်စာ၍။ စားချက်'စားခွေ'ပြုလုပ်လိမ့်မည်။၃၄က'နနီ'နှင့်၄၁က'ရထားနက်'ကိုပြန်၍။ မစားနိုင်။နယ်နောက်ပြန်ရွှေ့ ၍။စားခြုံမရှိ။မင်းကြီးကိုစာ်နီးပေးရမည်။မင်းတိမ်း၍သွားမှမြင်းကို စားလိုက–စားနိုင်သည်။ ၁၇က'မနီ'သည်။ ၁၈သို့ရွှေ့၍။ ရန်ကို၏ခွေကွက်ကလွတ်ဖောင်ရှောင်သွားသောအခါ။မနက်နှင့်မနီ။ တကွက် ခြားတည့်တည့်ကျနေ၏။၎င်းအကွက်မျိုးကို'မင်းချင်းအပ်ထား'သည်ဟုခေါ်၏ အထက်ကဘော်ပြလာသော'မင်းချင်းအပ်ကွက်'နှင့် မရှုပ်ထွေးစေလင့်။ ။ 'ရနက်'နှင့်'မြနီ'ကို စားနေလျှင်။ ၆၀က'ရထားနီ'နှင့် ၄ ကလာခွေခဲ့သော်။ 'မနက်'သေမည်။ဤပုံ၌။အနီဘက်ကရွှေ့ လှည့်ကျနေလျှင်။၆၀က'ရထား'ကို၄

သို့ရွေ့လျက်။ ၂ ကမင်းကြီးကိုခွေမည်။ အနီ—အနက်သိသင့်၏။ ၂ ကမင်းကြီးသည်။ ၁ ဝ သို့ သွားလာနိုင်သွားနိုင်သည်။ ၃ က ရမင်းနှင့် ၂ ၁ ကနေ၍ခွေနိုင်ပြန်၏။ ဤကဲ့သို့ခွေရာ။ ၄ က 'ရနီ' ကို ၁ ဝ က 'မနက်' နှင့် ●ားမပစ်နိုင်အောင်မြင်းနှင့်ချုပ်ထားသောကြောင့်။ {ဆက်ထား—ကယ်ထားသောကြောင့် ဆိုလိုသည်}ငင်း မြင်းခွေမျိုးကို။ (ချုပ်ခွေ) ဟုခေါ်၏။ (မနီ) သည် ၁ ဝ မှ ၁ ၉ သို့တကွက်သာရွှေ့ကွက်ရ၏။ ၃ ၄ ကနယ်ကို ၂ ၆ သို့တက်၍ 'နယ်တက်၍' ခွေလျှင်။ မနီ သေ၏။ 'နယ်ခွေသတ်' ဟုခေါ်၏။ ။အကယ်၍ 'စနီ' သည်။ ၃ ၃—၃ ၄။ ဘကွက်ကွက်၌ရှိနေလျှင်။ ၃ ၄ သို့စစ်ကဲလိမ်၍လည်း။ မနီ—ကိုခွေသတ်နိုင်၏။ ချုပ်ခွေ—နယ်ခွေ။ ဟူသောစကားတို့၏။ အဓိပ္ပါယ်ကိုလည်းသိရပြန်၏။ စစ်ကဲ—ဆင်တို့နှင့် ခွေ၍သေလျှင်လည်း။ စစ်ကဲခွေနှင့်သေသည်။ ဆင်ခွေနှင့်သေသည်ဟူ၍ပင် ပြောကြ၏။ ဤကဲ့သို့။ ရထားနှင့်ခွေ—မြင်းနှင့်ခွေ—စစ်ကဲနှင့်ခွေသတ်သော အကွက်မျိုးကို။ ဆက်၍ဆက်၍။ မရပ်မနားဘဲခွေသောကြောင့် 'ခွေသံမပြတ်' ခွေသည်။ သတ်သည် ဟူ၍လည်းခေါ်လေ့ပြောလေ့ရှိကြ၏။

ရထား—မြင်း—စစ်ကဲ—အရပ် သုံးရပ်နှင့် ခွေသံမပြတ် ခွေသတ်သော အကွက်မျိုးကိုဆရာကြီး—ဦးဘမက်က (၄ ၂ မိန်း) ကွက်—ဟုခေါ်ကြောင်းပြောကြားဘူး၏။ ၄ ၂ မိန်း—လူမျိုးကစပေါ်၍ပင်။ ၄ ၂ မိန်းကွက် ၄ ၂ မိန်းသတ်ခေါ်သည်။ ၄ ၂ မိန်းပိတ် လူသုံးကောင်ပိတ်တွင်။ လူသုံးယောက်ရှိ၍။ ဤ၌လည်း။ ရထား မြင်း—စစ်ကဲ။ အရပ်သုံးရပ်နှင့်သတ်သောကြောင့်ပင် ၄ ၂ မိန်းသတ်ခေါ်သည်။ ရထားနှင့်ခွေ—မြင်းနှင့်ခွေသောအခါ။ မင်းနက်သည်။ ၄ ၂ မိန်းပြု၍ကျဘိသကဲ့သို့ ဖြစ်သွားပြီးနောက်။ စစ်ကဲခွေနှင့်သေရ။ အသတ်ခံရ သောကြောင့်ပင်။ ၄ ၂ မိန်း သတ်—ဟုခေါ်ကြောင်း။ တပ်အပ်သေချာမပြောနိုင်ပေ။



ပုံ ၂၅၇။

			စ				
			မ				
			ဆ		မနီ		
							ရနီ

ဤပုံ၌။ အနီဘက်ကရွှေ့လည့်ကျနေလျှင်။ ၆၄က'ရနီ'ကို ၂၄သို့ရွှေ့၍။ ၂၀က'မနက်'ကိုခွေနိုင်၏။ခွေလျှင်'ခွေ'ဟုပြောရ၏။အနက်ဘက်က ရွှေ့လှည့်ကျပြန်သဖြင့်။ ၂၈က'ဆနက်'ကို၂၁သို့ဆုတ်၍ကာနိုင်၏။ 'မနက်'နှင့်'ရနီ'၏စပ်ကြား၌ 'ဆနက်'ကိုရွှေ့ထားပြီးလျှင် ကာကွယ်နေသည်ဟု ဆိုလိုသည်။ ဤကဲ့သို့'ဆနက်'ကိုဆုတ်၍ကာလိုက်ရာ။၎င်း။'ဆနက်'သည်၃၀၌ရှိသော'မနီ'ကိုခွေထားပြီးဖြစ်နေ၏။ ၎င်းအကွက်မျိုးကို။'ကာခွေ'ဟုခေါ်၏။ အနက်ဘက်စစ်ထိုးသူက။'ကာခွေ'ဟူ၍ပြောရ၏။'ဆနက်'ကိုဆုတ်၍မကာဘဲ။၁၂ ကစစ်ကဲနက်ကို၂၁သို့လိမ်၍လည်းကာနိုင်၏၊ ဆင်နှင့်ကာစဉ်အခါက ခွေနေပြီးဖြစ်သကဲ့သို့။စစ်ကဲနှင့်လည်း မင်းနီကိုခွေပြီးဖြစ်နေသောကြောင့်။ (ကာခွေ)ပင်ဖြစ်၏။ ။အနက်ဘက်ကစစ်ကဲသာရှိ၍။ ဆင်မရှိလျှင်။ ရထားနှင့်ခွေသည်ကို။ စစ်ကဲနှင့်ကာလျှင်။ ရထားနီကစစ်ကဲကိုစားလျက်။ စားခွေပြုလုပ်လိမ့်ဦးမည်။ ထို့နည်းအတူ။စစ်ကဲမရှိဘဲ ဆင်သာရှိ၍ဆင်ကိုဆုတ်လျက်။ ကာခွေပြုလုပ်လျှင်၊ဆင်ကိုလည်းရထားနီနှင့်ပင်စား၍စားခွေပြုလုပ်မည်။ မနက်ကရနီကိုပြန်၍မစားနိုင်ချေ။ မနီကကာယ်ထားသောကြောင့်ဖြစ်သည်၊ ။ဤပုံအတိုင်း။ ဆင်နှင့်စစ်ကဲနှစ်လုံးရှိပါမူကား။ဆင်နှင့်ဆုတ်ကာသည်ဖြစ်စေ၊ စစ်ကဲလိမ်၍ကာသည်ဖြစ်စေ၊ကာကောင်ကိုမစားနိုင်ချေ။ဆင်နှင့်စစ်ကဲ ဆက်ထားသောကြောင့်ဖြစ်၏။ သို့ဖြစ်၍။{ဆင်နှင့်စစ်ကဲမကွဲစေရ}ဟု ပြောသော့ပြောထရှိကြ၏။

ပုံ ၂၅၈။

အနက်။

		န					
			မ				
	မ နီ		စ				
ရ နီ							

အနီ။

ဤပုံ၌။အနီဘက်ကရွှေ့လှည့်ကျနေလျှင်။ ၅၇ က'ရနီ'ကို၃၃သို့ရွှေ့၍။ ၃၆က'မနက်'ကိုခွေမည်။၂၇က'နနက်'ကို၃၅သို့တက်၍။ကာနိုင်၏။ဤကဲ့သို့နယ်ပက်၍ကာရာ။ ၄၂က'မနီ'ကိုခွေပြီးဖြစ်နေသောကြောင့်။ 'ကာခွေ'ဖြစ်ပြန်၏။ကာခွေ ဟုအနက်ဘက်ကပြောရ၏။ ။နယ်နှင့်၄၄ကစစ်ကဲကိုကယ်ထားသောကြောင့်။ 'ရနီ'က'နနက်'ကိုမစားနိုင်။စားခွေမလုပ်နိုင်။စနက်–မရှိလျှင်။နယ်နက်ကိုစားလျက်စားခွေပြုလုပ်နိုင်၏။

ပုံ ၂၅၉။

အနက်။

	မြ		မြ				
		မ					
				မ နီ			
							ရ နီ

အနီ။

ဤပုံ၌။ အနီဘက်ကရွှေ့လှည့်ကျနေလျှင်။၆၄ က'ရနီ'ကို၁၆သို့ရွှေ့၍

သော်ငင်း။ ၅ ဧသို့ရွှေ့၍သော်ငင်း။ ၁၁ က'မနက်'ကိုခွေနိုင်၏။ ၁၄ ကနေ၍ခွေလျှင်၊ ၂ က'မြနီ'နှင့်ကာခွေပြုလုပ်နိုင်၏။ ၂ ဧက'မနီ'သည်။ ၁၂ ကလာ၍ ကာနေသော 'မြနက်'နှင့်ခွေကွက်။ မြင်းချက်သို့ကျနေသည်ဟု ဆိုလိုသည်။ ။အခကယ်၍ ၅ ဧကခွေလျှင်၊ ၂ က'မြနက်'နှင့်သော်ငင်း။ ၄ ကမြနက်နှင့်သော်ငင်း။ 'ကာခွေ'ပြုလုပ်နိုင်၏၊သော်ပြခန်မလိုချေ၊ ။မင်းနက်ကိုရထားနီကခွေ၍မြင်းနက်နှင့်ကာလိုက်ရာ။ ၎င်းမြင်းနက်ကမင်းနီကိုခွေနေလျှင်မည်သည့်အခါမှ။ ရနက်ကမြင်းနက်ကိုစား၍။ စားခွေပြုလုပ်မည်မဟုတ်ချေ။ စားခွေပြုလုပ်လျှင်၊ 'လုံးလဲခွေ'ဖြစ်မည်၊မြင်းကိုစားသောရထားကိုမင်းနက်ကစားနိုင်သည်။မင်းနီနှင့် ရထားနီကိုဆက်လျက်မရှိနိုင်ကြောင်းသတိထားသင့်၏။

ကာခွေ—ဟူသောစကား၏အဓိပ္ပါယ်ကိုသိရ၏။ ။နယ်။စစ်ကဲ။ဆင်မြင်း—တို့နှင့်ကာခွေပြုလုပ်နိုင်ကြောင်း မှတ်ထားပါ။ရထားနှင့်မှုကား။ မည်သည့်အခါမျှ၊ကာခွေ—မပြုလုပ်နိုင်။ပြုလုပ်နိုင်မည်ထင်လျှင် မိမိကိုယ်တိုင်စမ်းသပ်ကြည့်ရှုပါလော။

မင်းကြီးကိုခွေထား၍။၎င်းမင်းကြီးသေသျှင်၊'ခွေသတ်'သည်ဟုပြောလေ့ရှိ၏၊မည်သည့်အကွက်တွင်'ခွေသတ်'မည်ဟုပြောလေ့ရှိ၏၊ ။မင်းကြီးကိုခွေသောအခါ။သေမည်ဟုမချသိလျှင်။'ခွေသေ'ဟု အင်္ဂလိပ်စစ်ဘုရင်၌ပြောရ၏။မြန်မာစစ်ဘုရင်၌မူကားပြောလေ့ပြောထမရှိချေ။ ။(အကွက်ကြီး)သမားများမှာမူကား။ကာကွက်။ကယ်ကွက်မရှိ၍။မိမိဘက်က။တကွက်နှစ်ကွက်စသည်နောက်ကျနေသောကြောင့်၊'အကွက်နှောင်း'မှန်းသိနေလျှင်။– မင်းသေပြီ။ကယ်ကွက်မရှိဟုအရှုံးပေးလေ့ရှိ၏။ ခွေသတ်မှသာသေမှန်းသိပြီးနောက်မှအရှုံးမခံချေ။ ။အင်္ဂလိပ်စစ်ဘုရင်၌ {ချံပီယံ} ဆရာကြီး များသည်။ ၃ကွက်–၄ကွက်–၅–ကွက်စသည်တင်ကြို၍လျက်၊ နိုင်ပုံမရလျှင်လက်လျှော့ကြမြဲ၊စစ်ပွဲကိုစွန့်လွှတ်မြဲ။အရှုံးခံမြဲဖြစ်၏။



ပုံ ၂၆ဝ။

အနက်။

				မြ			
			မ			သနီ	
			မနီ			စနီ	
				မြနီ			

အနီ။

ဤပုံ၌။ အနီဘက်က ရွှေ့လှည့်ကျနေလျှင်။ မိမိဘက်က စစ်ရေးသာကြောင်းသိသောကြောင့်။ ၄၅ က(မြနီ)ကို ၃၁ သို့ရွှေ့လျက် ၂၀ က(မနက်)ကို ခွေမည်၊ ထိုအခါ။ မြနီနှင့်မြနက်သည်မြင်းချက်ချင်းကျနေ၍။ မြနက်က မြနီကို စားနိုင်သောကြောင့်။မြင်းချင်းဆက်လျက်ရှိနေသောကြောင့်။ ဤကဲ့သို့သော အခွေမျိုးကို (လုံးလဲခွေ)ဟူ၍၎င်း(ဆက်ခွေ) ဟူ၍၎င်းခေါ်ကြ၏။ ။မြနက်နှင့်မြနီကိုစားပစ်နိုင်သည်။ မစားလိုက၊ ၂၀မှ၂၁သို့ဖြစ်စေ၊ ၁၂ သို့ဖြစ်စေ၊ မနက်-ကိုရွှေ့သွားလိမ့်မည်။ မြနီကမြနက်ကိုစားလျှင်။ မနီကမြနက် ကိုပြန်စားမည်။ ။မနက်-ကိုခွေကွက်မှရှောင်တိမ်း၍မပေးဘဲ၊မြနက်နှင့်မြနီကိုစားပစ်လျှင်။၂၃က(သနီ)နှင့်သော်၎င်း၊၃၆က(စနီ)နှင့်သော်၎င်း၃၀က မြနက်ကိုစားလိမ့်မည်။ ဆက်ခွေ-ဟူသောစကား၏အဓိပ္ပါယ်ကိုသိရ၏။ ။မြင်းချင်းဆက်ခွေ၍(ဆက်ခွေ)ဟုခေါ်သည်။ဆင်-ရထား-စစ်ကဲ-တို့နှင့်ဆက်၍ မနက်-ကိုခွေလျှင်။(ခွခွေ)-(လုံးလဲခွေ)သာဖြစ်နိုင်မည်။

အခြားစကားအသုံးအနှုန်းများ၏။အဓိပ္ပါယ်ကိုနောက်မှဆက်လက်ဖော်ပြပါမည်။ ။ရှေ့ကရေးသားခဲ့သောအခန်းများ၌လည်း။ အချို့သောစကားအသုံးအနှုန်းတို့၏ အဓိပ္ပါယ်များအတော်အသင့်ပါလေပြီ၊ ပြန်၍ဖတ်ကြည့်ပါဦး။



အခန်း—၁၁။

စစ်ရုပ်များ၏နိုင်းယှဉ်ခြင်းတန်ဘိုး။

ခဲ—ကြေးနီ—သံ—သင်—ငွေ—ရွှေ—တို့သည်၊ သတ္တုဟူသော အမည် ချင်းတူကြ၏။အလေးချိန်-ဒိ ချင်းပင်တူသော်လည်း။ တန်ဘိုးချင်းမတူကြချေ။ ထို့နည်းအတူ နယ်-စစ်ကဲ—သင်—မြင်း—ရထား—မင်းကြီးတို့သည်၊ စစ်ရုပ် ဟူသောအမည်ချင်းတူ၍။ ဘရုပ်တရုပ်ချင်းတူကြသော်လည်း။ တန်ဘိုးချင်း မတူကြချေ။ ။စစ်ဘုရင်ပွဲနှင့် စစ်ဘိုးနည်းများကို စဉ်းစားဆင်ခြင်ကြည့် သောအခါ။မင်းကြီးရုပ်ကိုမစားရကြောင်း။ မင်းကြီးရုပ်နှင့် အခြားအရုပ်များ ကို၊ အလုံးချင်း မလဲနိုင်းကြောင်းများကို သိရှိရပေ၏။ ဤအကြောင်းများကို ထောက်ခြင့်ခြင်းအားဖြင့်။မင်းကြီးရုပ်၏ တန်ဘိုးကိုမဆုံးဖြတ်နိုင်။ အလွန်မှအ ဘိုးထိုက်တန်လှသောစစ်ရုပ်ဖြစ်၏။ ။သင်နှင့်မြင်းမှာတန်ဘိုးချင်း တူရုံမျှရှိ ၏။အချို့ဆရာများကသင်ကို အားထား၍စစ်ဘိုး၏၊ သင်ကိုသဘောကျ၏။ အ ချို့ကမြင်းကိုသဘောကျ၏။သင်သည်အနည်းဆုံးတကွက်သာ သွားနိုင် စား နိုင်၏။မြင်းမှုကားအနည်းဆုံးနှစ်ကွက်။ အများဆုံးရှစ်ကွက်သွား နိုင်စားနိုင်၏။ သင်သည်သွားကွက်ငါးကွက်—စားကွက်ငါးကွက် ပေါင်းဆယ်ကွက်ရှိ၏။မြင်း သည်သွားကွက်ရှစ်ကွက်။စားကွက်ရှစ်ကွက် ပေါင်းတဆယ့်ခြောက်ကွက်ရှိ ၏။သင်ကိုချီတို'ခြေတို'ဟူ၍၎င်း။ မြင်းကိုချီရှေ'ခြေရှည်'ဟူ၍၎င်း ခေါ်ဝေ ပြောဝေ့ရှိ၏။အလုံးများသေးသောအခါ။အများအားဖြင့်။မြင်းကသာ၏။သို့ရာ တွင်။မြင်းစစ်ကဲကိုလိုက်၍မမိဟုဆိုရမည်။ သင်စစ်ကဲကိုလိုက်၍ မိ၏ဟုဆိုရ မည်။မိ—မမိဆိုရာမှာ။စစ်ခုံ၌စစ်ရုပ်များ၏အနေအထားကိုလိုက်၍ဖြစ်တတ်၏။ ယခုဘော်ပြထားသည်မှာအများအားဖြင့်ဖြစ်တတ်သည်ကိုသာ ဆိုလိုသည်။ တကြောင်းမှာလည်း။ဘောက်ကမင်းနှင့်ရထားကို။ဘောက်ကမင်းနှင့်မြင်းသာ ရှိလျှင်ပင်သရေကျနိုင်၏။ မင်းနှင့်ရထားကိုမင်းနှင့်သင်ကသရေကျအောင်မခံ နိုင်။ရထားသမားကသင်သမားကိုနိုင်၏။မြင်းသမားနှင့်သရေပွဲကျ၏

စစ်ကဲနှင့်သင်မှာအင်္ဂလိပ်စစ်ဘုရင်၌မပါချေ။ ။ဂျာမနီဆရာတို့သဘော အရ။မြန်မာစစ်ဘုရင်နှင့် သင့်လျော်အောင်ပြင်ဆင်၍ တန်ဘိုးများကိုဘော်ပြ ပေအံ့။ ။နယ်ရုပ်ကိုတစ်ဟုထားလျှင်။

နယ် ………… ၁
စစ်ကဲ…… ၂
ဆင် ………… ၃ အသီးအသီးတန်ဘိုးများဖြစ်ကြသည်။
မြင်း ………… ၃
ရထား………… ၄ နှင့်ထက်ဝက်။

စစ်ပွဲပြီးခါနီးအခါ၌မင်းကြီးရုပ်၏တန်ဘိုးမှာ'လေး' သို့မဟုတ်နယ်လေးလုံးနှင့်ညီမျှသည်ဟု။ ဂျာမနီဆရာတို့ကဆင်မြင်းသဘောရသည်ကို အင်္ဂလိပ်စစ်ထုရင်ဆရာအများက သဘောမကျကြပေ။ ။ဟောင်းဝါ'ထ'စတွနတင်ဆိုသူအင်္ဂလိပ်လူမျိုးစစ်ဘုရင်ဆရာကြီးက။အောက်ပါအတိုင်းဆုံးဖြတ်၏။ စစ်ကဲနှင့်ဆင်၏တန်ဘိုးများကို နောက်ယပ်ထည့်ထားသည်။

နယ် ………… ၁–၀၀
စစ်ကဲ …… ၂–၀၀
ဆင် ………… ၃ · ၀၅
မြင်း ….. …… ၃–၀၅
ရထား …. …… ၅–၄၀

ဤတန်ဘိုးများမှာမူလရင်းတန်ဘိုးများဟုခေါ်ရပေမည်။ အရုပ်များကိုစစ်စ၍မထိုးမှီ။စစ်ခုံ၌ တည်ထားစဉ်တန်ဘိုးအသီးအသီးဟုဆိုလိုသည်။ စစ်ပွဲစ၍စစ်ထိုးပြီးအခါ၌။အကြောင်းသင့်လျှင်။နယ်နှင့်ပင် မင်းကြီးကိုခွသင်နိုင်သဖြင့်။ရထားထက်နယ်ကပင်အဘိုးတန်ရာ ရောက်ပေလိမ့်မည်။ မကြာမကြာ။ နယ်စစ်ကဲစသည်တို့နှင့်ဆင်။မြင်း။ ရထားများကိုလည်း အလုံးချင်းလဲရတတ်၏။ ။အယ်'ထ'ဟော့ဖါးဆိုသူအင်္ဂလိပ်လူမျိုးစစ်ဘုရင်ဆရာကြီးက။ မြင်းတကောင်သည်နယ်သုံးလုံးနှင့် တန်ဘိုးချင်းညီမျှကြောင်း။ ရထား တလုံးသည် မြင်း။ဆင်။တလုံးနှင့်နယ်တလုံးထက် အဘိုးတန်ကြောင်း။မြင်းနှစ်လုံးသည်။ ရထားတလုံးနယ်နှစ်လုံးလောက် အဘိုးမတန်ကြောင်း။ စစ်ပွဲပြီးခါနီး၌မင်းကြီးရုပ်သည်နယ်လေးလုံး။သို့မဟုတ်၊မြင်းတလုံးနယ်တလုံးမျှ အဘိုးတန်ကြောင်း။ နှင့်ဆော်ပြထားပေ၏။ ။အင်္ဂလိပ်စစ်ဘုရင်တွင်စစ်ကဲနှင့်ဆင်မရှိ။ ဘစ်ရှော့နှင့်မိဇုရားထူး ခြား၍ရှိ၏။ဆင်သော်၎င်း။မြင်းသော်၎င်း။ နယ်သုံးလုံးအဘိုးတန်၏။စစ်ကဲသည်နယ်နှစ်လုံးအဘိုးတန်၏။ရထားနှစ်လုံးသည်။ ဆင်နှစ်လုံးမြင်းတလုံး။သို့မဟုတ်။ မြင်းနှစ်လုံးဆင်တလုံးအဘိုးတန်၏။ ။မင်းကြီးရုပ်၏တန်ဘိုးကိုနှိုင်းယှဉ်၍ပြခြင်းငှါမသင့်ပေ။မင်းရုပ်သည်အနည်းဆုံးသုံးကွက်။အများဆုံး

ရှစ်ကွက်။သွားနိုင်စားနိုင်၏။ စားကွက်နှင့်သွားကွက်နှစ်ရပ်ပေါင်း။ အများဆုံး ၁၆ ကွက်ရှိ၏။ရထားသည် သွားကွက် တဆယ့်လေးကွက်။ စားကွက်တဆယ့်လေးကွက်-ပေါင်း ၂၈ ကွက်ရှိ၏။ ။အလုံးများစဉ်အခါ မြင်းသည်ဆင်ထက်သာ၏ဟုမှတ်သင့်ပေ၏၊အချို့ဆရာကဆင်သန်သည်၊ဆင်နှင့်မြင်းအလုံးချင်းလဲရမည်ဆိုလျှင်။ဆင်ကိုချန်ထားသည်။ ကြည့်မြင်တိုင်ပန်းတင်းတန်းဦးဘလှင်သည်ဆင်သန်သောဆရာတယောက်ဖြစ်၏။ ကြည့်မြင်တိုင် ဆရာမောင်ဘရီသည်။မြင်းသန်၏။ဆင်သန်သည်-မြင်းသန်သည် ဆိုရာမှာ။အလုံးချင်းလဲရာ၌သာမဟုတ်။စစ်ထိုးရာ၌လည်း။ဆင်သန်သောသူသည် ဆင်ရပ်ကိုများများကိုင်ရွှေ့သည်၊မြင်းသန်သောသူသည် မြင်းရပ်ကို များများကိုင်ရွှေ့သည်။ ။ဤကဲ့သို့စစ်ရပ်များ၏နှိုင်းယှဉ်ခြင်းတန်ဘိုးကိုသိရခြင်း အားဖြင့်။မည်သည့်အကျိုးကျေးဇူးများရှိလိမ့်မည့်အကြောင်းကို။ကျွန်ုပ်တို့ယခုစဉ်းစားဆင်ခြင်ကြည့်ကြအံ့။စစ်ထိုးရာ၌စစ်ရပ်ချင်းအလုံးလဲရမည့်အခါ။ စစ်ရပ်များ၏နှိုင်းယှဉ်ခြင်းတန်ဘိုးကိုသိထားရခြင်းကြောင့်များစွာကျေးဇူးရှိ၏။ နယ်ထက်-စစ်ကဲ။စစ်ကဲထက်-ဆင်။ဆင်ထက်-မြင်း။မြင်းထက်-ရထား။ အဘိုးတန်ကြောင်းများကို။အမြဲမ်း မှတ်ထားသင့်၏။အဘယ်ကြောင့် အမြဲမ်းသာမှတ်ထားသင့်ပါသနည်းဆိုလျှင်။စစ်ဘုရင်သည်။အချိန်အခါ။အခွင့်သာ။ အခွင့်မသင့်။ခြင့်ဟောက်စရာ။စစ်နေ စစ်ဘား။အလွန်လျှင် အရေးကြီးသောအချက်များစွာရှိခြင်းကြောင့်၊စစ်ပွဲ၌စစ်ထိုး၍စစ်ရေ'ချည်'မှသာလျှင်။မည်သည့်အလုံးကိုအဆုံးခံ၍။အလုံးချင်းလဲ၍။မည့်သည့်အလုံးကိုချန်ထားရမည်၊အလုံးချင်းမလဲရဟု။မချဆတ်ဆတ်သိနိုင်အပ်သော။သိနိုင်ဘွယ်ရာ အကြောင်းရှိသော။အချက်အလက်ကြီးဖြစ်၏။ ။ဤကဲ့သို့သောနှိုင်းယှဉ်ခြင်းတန်ဘိုးများကိုသေသေချာချာ။နေရာတကျ။သိနိုင်ရဘို့ခဲယဉ်း၏။အစဉ်အမြဲ။ အစွဲအလမ်းကြီးစွာ။မှတ်ထားစရာလည်းမရှိပေ။ ဆင်နှင့်စစ်ကဲ၊မြင်းနှင့်ရထား၊ နယ်များနှင့်စစ်ကဲဆင်ဆင်ချင်း။မြင်းမြင်းချင်း။ရထားရထားချင်း။ တွဲတတ်ဘက်တတ်လျှင်။ အကွက်ကျသောကြောင့်မိမိကအနိုင်ရတတ်၏။ဥဒါဟရဏ်ဘော်ပြရလျှင်။ဆင်နှစ်လုံးကိုသော်၎င်း။မြင်းနှစ်လုံးကိုသော်၎င်း။မြင်းတလုံး ဆင်တလုံးကိုသော်၎င်း။ရမည်ဆိုလျှင်မိမိကရထားတလုံးကို အဆုံးခံနိုင်၏။မိမိ၌ မင်း။မြင်း။ဆင်။စစ်ကဲ။တဘက်၌မင်းနှင့်မြင်းသာရှိလျှင်။ မိမိကမြင်းချင်းသော်၎င်း။ တတ်နိုင်လျှင်မိမိ၏စစ်ကဲနှင့်တဘက်ကမြင်းကိုရအောင်လဲရာ၏။ဆင်နှင့်မြင်းကိုမလဲရာ။သို့ရာတွင်စစ်ကဲကိုက်သောအကွက်၌မင်းကြီးကိုချုပ်မိ၍သတ်နိုင်ပုံရမှသာမိမိဆင့်နှင့်တဘက်ကမြင်းကိုလဲလျက်။မြင်းစစ်ကဲလိုက်ရာ၏ ။နောက်အခဏ်းများ၌ဘော်ပြပါရှိလိမ့်မည်။

အခန်း—၁၂။

စစ်ဘုရင်ရုပ်အသီးအသီးတို့၏ အစွမ်းသတ္တိများ။

နယ်ရုပ်သည်တန်ဖိုးအငယ်ဆုံးဖြစ်သော်လည်း။ ရထား။မြင်း။ဆင်။စစ်ကဲများကဲ့သို့ပင်။တဘက်ကမင်းကြီးကိုအသေသတ်နိုင်၏။နယ်သတ်ခံရသောအခါ။များစွာနစ်နာသည့်ဟုအယူရှိကြပေ၏။နယ်ရုပ်သည်စစ်ထိုးရာ၌တွင်။ပဌမအသေခံရသောစစ်ရုပ်ဖြစ်၏။အလုံးကြီးကိုအလုံးကြီးချင်း။စစ်ကာယ်ထား၍ရဘိသကဲ့သို့။နယ်နှင့်လည်းကာယ်ထားနိုင်၏။ စစ်ပွဲ‘စ’လျှင်‘စ’ချင်း။ နယ်ရုပ်သည်တဘက်စစ်ထိုးသူ၏နယ်ပယ်အတွင်းသို့။ ပဌမပင်ချင်းနင်း ဝင်ရောက်တိုက်ခိုက်တတ်သော စစ်ရုပ်ဖြစ်၏။ရထား။မြင်း။ဆင်။ စစ်ကဲတို့ကိုလည်း ‘ခွ’ ၍ယူနိုင်၏။ မိမိကိုအမှီပြုလျက်။မိမိဘက်ကအရုပ်များသွားလမ်းသာသလမ်းတို့ကို‘ဖွင့်’ပေးတတ်၏။ဘဘက်ကအရုပ်များမလာမရောက်စေရန်တားဆီးနိုင်၏၊ မိမိဘက်ရှိစစ်ရုပ်များကိုလည်းရန်သူမှကာကွယ်နိုင်၏။နယ်သည်မိမိဘက်ကမိမိကိုကာယ်မထားသော်လည်း။ရထား—၂-လုံးကိုဖြစ်စေ။မြင်း—၂—လုံးကိုဖြစ်စေ၊ ရထားတလုံးနှင့်မြင်းတလုံးကိုဖြစ်စေ၊ ‘ခွ’ ယူနိုင်သောသတ္တိရှိ၏။ ‘ခွ’ ကွက်ဇိုတိုင်းလည်းအလုံးကြီးကိုမရနိုင်။စစ်နေစစ်သားကိုလိုက်၍ဖြစ်တတ်၏၊ နယ်သည်မိမိဘက်မိမိကိုကာယ်ထားပါမှကား။အခြားဘက်က—ရထား ၂ လုံး။မြင်း၂ လုံး။ဆင် ၂ လုံး။ရထားနှင့်မြင်း။ရထားနှင့်ဆင်။ ရထားနှင့်စစ်ကဲ။ မြင်းနှင့်ဆင်၊ မြင်းနှင့်စစ်ကဲ။ဆင်နှင့်စစ်ကဲတို့ကို‘ခွ’နိုင်၏။

ယခုဖော်ပြထားသော အခြားဘက်က ‘စုံတွဲ’အရုပ် ၂ ရုပ်အနက်။ တရုပ်သည်မင်းကြီးဖြစ်လျှင်လည်း။ ‘ခွခွေ’ ပြုလုပ်လျက်အလုံးကြီးနှင့်အလုံးချင်းဖဲနိုင်။စားနိုင်၏။ အခြားဘက်ရှိစစ်ကဲမျဉ်းကြောင်း။ စစ်ကဲကြိုးပေါ်သို့ရောက်လျှင်စစ်ကဲတင်နိုင်၏။နယ်တိုင်းပင် ‘စစ်ကဲလောင်း’ များဖြစ်၏။မြင်းစစ်ကဲလိုက်ရာ။မြင်းနှင့်စစ်ကဲကျန်သည့်ထက်။မြင်းနှင့် နယ်ကျန်လျှင်။ သာ၍ပင်အရေးပါတတ်၏။အလုံးကြီးတလုံးမျှမရှိသော်လည်း။နယ် ၃ လုံးထက်မနည်းရှိ၍။အကွက်ကျလျှင်။တဘက်ကမင်းကြီးကိုသတ်နိုင်၏။စစ်ကဲမတင်ဘဲသတ်နိုင်သောအကွက်များသည်းရှိ၏။နယ်နှင့် ‘ခွဗျွက်’ ‘ခံကွက်’ ပြုလုပ် ထားနိုင်၏။စစ်ဘုရင်ရုပ်များ၏ နိုင်းယှဉ်ခြင်း တန်ဘိုးအရ ရထားတလုံးသည် နယ်ခြောက်လုံးမျှအစွမ်းသတ္တိကြီးမားသော်လည်း။တဘက်ကရထား တလုံးကို။ နယ်—၂—လုံးနှင့် ခံကွက် ပြုလုပ်၍။ သရေပွဲ ဖြစ်နိုင်၏။ နံပါတ် တပ်နည်း

'ပုံ—၂၀၇' **အရ၊ အနီ** မင်းကြီးကို ၁ မှာထား။အနီနယ် ၂ လုံးကို ၂ နှင့် ၉ တွင်ထား။အနက်မင်းကြီးနှင့်အနက်ရထားကိုထား၍ ၃ မှာထားသရေ ပွဲဖြစ်၏။ ခံစစ်ဖြစ်၏။ အနက် မင်းကြီးကို ၃ နံပါတ်မှာထား၍။ ၎င်းကိုမ ရွှေ့ဘဲနေလျှင်။အနီဘက်ကမင်းကြီးကို ၁၀ သို့မရွှေ့နိုင်သဖြင့်အပ်ကွက်ကျ မည်။အနက်မင်းကြီးကိုဝေးဝေးထား။အနက်ရထားကို ၅၈။ ၅၀ စသည်၌ ထား။ရထားကိုမရွှေ့လျှင်။အနီမင်းကြီးသည်။ရထားလမ်းဖြစ်သောနံပါတ် ၁၀ အကွက်သို့မလာနိုင်သဖြင့်။အပ်ကွက်ဖြစ်၍သရေကျ၏။ရထားကိုအခြားသို့ဆွဲ ၍သွား။အနီမင်းကြီးသာလျှင် ရွှေ့နိုင်၏။၁၀ နံပါတ်အကွက်တကွက်သို့သာ ရွှေ့နိုင်၏။နယ် ၂ လုံးကိုမရွှေ့နိုင်။ရထားနှင့် ၅၈။ ၅၀ တို့ကလာခွေနိုင် သော်လည်း။၁ နံပါတ်သို့ပင်ပြန်သွားမည်။ရထားကို ၁၀ နံပါတ်နှင့် တည့် တည့်ကျသောအကွက်များမှမရွှေ့လျှင်။မင်းနီ၊အပ်သဖြင့်။သရေပွဲဖြစ်၏။ အနီ မင်းကြီးသည်။မည်သည့်နည်းနှင့်မျှမသောနိုင်။ ။ဘေးနယ်များသည်နံဘေးကျ သောနယ်များယက်တန်ခိုးကြီး၏။စစ်ကဲဖြစ်လွယ်၏။စစ်မြေပြင်အရပ်နှင့်နီးကပ် လျက်ရှိ၏။နယ်ချင်းဆက်နေလျှင်။ဘွဲ့နေသည့် ထက်အားကြီး၏။ နယ်ပွန်လျှင် လည်းအားမရှိ။ရှေ့တလုံး နောက်တလုံးနယ်ချင်း ထပ်နေလျှင် အားနည်း၏။ နယ် ၂ လုံးလက်ဝဲလက်ျာဧဝဲတန်းနေလျှင်။အခြားဘက်သို့ ၄ ကွက်လုံ၏။ နယ်ဦးနယ်စောင်း ၄ **ကွက်**သို့အခြားမင်းကြီးမကပ်နိုင်။ မြန်မာစစ်ဘုရင်မှာ ထက်အင်္ဂလိပ်စစ်ဘုရင်၌။နယ်သည်အဘိုးတန်၏။ တဘက်အဆုံး၊ကွက်များသို့ ရောက်သွားသောအခါ။ မိဖုရား။ရထား။မြင်း။ဘစ်ရှော့။ ပင်ချင်ရာပင်ရ၏။ ရောက်လျှင်ရောက်ချင်းဘင်မှု၏။ခွေစရာရှိလျှင်ခွေပြီးဖြစ်၏။မိဖုရားတလုံးရှိပြီး ဖြစ်သော်လည်းတင်နိုင် ၂ မှုထပ်တင်ရ၏။ မြန်မာစစ်ဘုရင်၌လည်း 'နယ်' ကို အထူးဂရုပြုသင့်၏။

စစ်ကဲသည်။ရထား။မြင်း ဆင်။အလုံးကြီးများကို'ခွ'၍ယူနိုင်၏။ ၎မိကို ကယ်မ ထားသော်လည်း။ အခြားဘက်က ရထား ၂ လုံး။မြင်း ၂ လုံး ရထား ၁ နှင့်မြင်း **၁** ကို'ခွ'ယူနိုင်၏။အလုံးချင်းလဲနိုင်၏။မိမိကို မိဘက် ကနယ်နှင့်ကယ်ထားပါမူကား။မင်းနှင့်ရထား။မင်းနှင့်မြင်း။မင်းနှင့်ဆင်။ ရထား ၂ လုံး။မြင်း ၂ လုံး။ဆင် ၂ လုံး။ရထားနှင့်မြင်း။ရထားနှင့်ဆင်၊မြင်းနှင့်ဆင် တို့ကို'ခွ'၍ယူနိုင်၏။ဆင်။မြင်း။ရထား။အလုံးကြီးများနှင့်မင်းကြီးကို သတ်နိုင် ဘိသကဲ့သို့။စစ်ကဲနှင့်လည်းခွေသတ်နိုင်၏။ဆင်စစ်ကဲလိုက်ရသောအခါ။ ဆင် ခွေ။သို့မဟုတ်။စစ်ကဲခွေနှင့်သတ်နိုင်၏။မြင်းစစ်ကဲလိုက်ရသောအခါမြင်းခွေနှင့် သာအသေများ၏။အပြေးမှားမှသာစစ်ကဲခွေနှင့်သေ၏။တဘက်ကမင်းကြီးကို

စစ်ကဲလိမ်၍ချုပ်ထားနိုင်၏။အပ်ထားနိုင်၏။အခြားဘက်က။ရထား။မြင်း၊ ဆင်တို့ကိုလည်း။မိမိ၏မင်းကြီးဘက်သို့မလာမရောက်စေရန် ကာကွယ်ပိတ်ဆို့ထားနိုင်၏။နယ်နှင့်ဆက်၍။ရထားကိုလည်းချုပ်ထား။ဘမ်းထားနိုင်သည်။ စစ်ကဲပါမှအခြားမင်းကြီးကိုသတ်ရန်လွယ်ကူ၏။ ဘဘက်ကတည့် ထားသောခံတပ်များကိုလည်းစစ်ကဲမှသာလျှင်ဖြိုဖျက်နိုင်၏။ အလုံးကြီးများနှင့် ဖြိုဖျက်နိုင်ပါသော်လည်း။အကျနာ၍။စစ်ပွဲတွင်နောက်ဆုံး၌ရှုံးတတ်သည်။နယ်စစ်ကဲ။ဆင်စစ်ကဲ။မြင်းစစ်ကဲများနှင့်။အကွက်ကျလျှင်။တဘက်ကမင်းကြီးကို သတ်နိုင်၏။ စစ်ကဲလှည့်၊စစ်ကဲသွား။များများနားသည်ပါက။စစ်ပွဲ၌ အလွန် အရေးပါလေသည်။စစ်ကဲသည်ဆင်လေခံပင်အားမရှိသော်လည်း။ အနီဘက်၌မင်းကြီးနှင့်စစ်ကဲတလုံးသာရှိ၍အနက်ဘက်၌။မင်းကြီးနှင့်ဆင်တလုံး။စစ်ကဲတလုံးပင်ရှိသော်လည်း။သရေကျအောင်ထိုးနိုင်သော။ခံနိုင်သော။ခံကွက်လည်းရှိ၏။ ဆင်နှင့်စစ်ကဲမကဲ့စေခ။နယ်နှင့်စစ်ကဲတွဲ၍ထားလေ။ ဟူသောစကားများကိုလည်းမှတ်သားထားသင့်ပေ၏ အစဉ်ထားရမည်ဟုမဆိုလို။

ဆင်သည်မိမိမင်းကြီးကိုကာကွယ်ထားနိုင်၏။အခြားဘက်ကမင်းကြီးကိုဆင်ဦးတင်၍။လွယ်ကူစွာသတ်တတ်၏။ဘဘက်ကရထား—၁—ကို။မိမိဘက်က။စစ်ကဲနှင့်ဆက်လျက်။မိမိမင်းကြီးကိုကာကွက်။ခံကွက်ပြုလုပ်နိုင်၏။ တဘက်ကမင်းကြီးကိုရထားနှင့်ခွေသတ်နိုင်ရန် မင်းကြီးကိုအပ်ထားနိုင်၏။ ဆင်စစ်ကဲလိုက်ရသည့်အခါ၊ဆင်ဦးတွင်အခြားဘက်ကမင်းကြီးအနေသများသော်လည်းစစ်ကဲကိုက်သောယောင့်၌။ ဆင်နောက်တွင်လည်း သေအောင် သတ်နိုင်၏။ နယ်တလုံးနှင့် ဆင်သာကျန်သော်လည်း။ အကြောင်းညီညွတ်လျှင်။ အခြားဘက်ကရထားတလုံးကိုခံစစ်ထိုးနိုင်၏။ထိုးနိုင်သောအကွက်များစွာရှိ၏။ အခြားဘက်ကခံတပ်များကိုလည်း ဆင်နှင့်ဖြိုဖျက်၍။ မင်းကြီးကိုသတ်နိုင်၏။ မင်းကြီးကိုချုပ်နိုင်။တ-ာနိုင်၏။မိမိကိုကယ်ထားလျှင်အခြား တက်က မင်းနှင့်ရထား။မင်းနှင့်မြင်းများကို ‘ခွခွေ’ ပြုလုပ်နိုင်၏။မြင်း—၂—လုံးနှင့် တဘက်ကမင်းကြီးကို။မသတ်နိုင်သော်လည်း။ ဆင်—၂—လုံး။ ဆင်တလုံး စစ်ကဲတလုံး ဆင်တလုံးနယ်တလုံးနှင့်ပင်လည်း။ တဘက်က မင်းကြီးကိုသတ်နိုင်၏။ အကွက်ကျလျှင်။ရထားနှင့်မြင်းတို့ထက်ဆင်က အသုံးဝင်၏။

မြင်းသည်တဘက်ကအရုပ်များကို ခွကွက်ပြုလုပ်၍ယူနိုင်၏။ ခွခွေပြုလုပ်လျက်။သက်သက်လည်းစားနိုင်၏။ ရထား။ဆင်တို့နှင့်လည်း အလုံးချင်းလဲနိုင်၏။ တဘက်ကမင်းကိုခွခွေပြုလုပ်နိုင်၍။ အပိုဘက်သက် စားရမှသာလျှင် ကျေးဇူးရှိ၏။ ကွက်လိမ်ကွက်ဖုံးများလည်းလုပ်နိုင်သည်။ တဘက်ကမင်းနှင့်ရ

တားကိုလည်း ပျက်ပြားအောင်ခြောက်လှန့်နိုင်သည်၊အခြေပျက်သည့် အခါ 'ခွတွတ်'ခွေ၍။ဆင်၊ရထားများကိုလည်းစားနိုင်သည်။မင်းကြီးကိုလည်း သတ်နိုင်၏။အလုံးများသောအခါ၌။ခွကွက်။ခွေကွက်။ခုန်ကွက်။သွားကွက်။ လာကွက်များ။များစွာရရှိခြင်းကြောင့်။ မြင်း၏အစွမ်းသတ္တိသည်အထူးကြီးပေ၏။ မြင်းသည်မိမိဘက်ကအချပ်များပေါ်သို့ဖြစ်စေ။ တဘက်ကအချပ်များပေါ်သို့ ဖြစ်စေ။ခုန်နိုင်။ကျော်နိုင်။ ခုန်စား။ခုန်ခွေနိုင်သော သတ္တိထူးရှိ၏။ အကွက်ရှုပ်နေသည့်အခါ၌။ ရပ်တခက်ကွက်ပြောင်းကွက်လွှဲပြုလုပ်နိုင်၏။ ရထားသည်မြင်းထက်အားကြီးသော်လည်း။ တဘက်ကမင်းနှင့်ရထားကို မိမိဘက်ကမင်းနှင့်မြင်းပင်ရှိသော်လည်းခံကွက်။ သရေကွက်ပြုလုပ်နိုင်၏ မြင်းစစ်ကဲလိုက်ရာ။ စစ်ကဲကိုက်မှလိုက်၍ရတတ်သော်လည်း။ စစ်ကဲအစားနယ်ကျန်နေ၍၊ နယ်သည်လည်းတက်ကွက်၂ကွက်ခန့်ရှိသေးလျှင်။ ၎င်းနယ်နားသို့တဘက်က မင်းကြီးရပ်တရက်မကပ်နိုင်လျှင်။ကြိုက်ရာအကွက်၌စစ်ကဲတင်လျက်။တဘက်ကမင်းကြီးကိုသတ်နိုင်၏။ မြင်းသည်အခြားဘက်ကမင်းကြီးကို ချုပ်ထားနိုင်သည်။ တဘက်က ရထားကို မိမိမင်းကြီးမှကာနိုင်၏။ ကာခွေလည်း ပြုလုပ်နိုင်၏၊ ရထားလာခွေမည့်နေရာသို့ မြင်းမှဲအောင်တင်ကြို၍ မြင်းချထားလျှင်လည်း။ ရထားမခွေနိုင်။ ကွက်လိမ်ကွက်ဖုံးများသည်းပြုလုပ်နိုင်၏။ မြင်း၂လုံးရှိလျှင်။ မြင်းခွေ။ မြင်းခွကွက်မှလွတ်အောင်တဘက်က အရှောင်ရခက်တတ်၏။ ၆၄ ကွက်မြင်သွားများကိုလေ့ကျင့်ထားပါကမြင်းသွားကွက်များကို လွယ်ကူစွာသိမြင်နိုင်၏။ပုံ၁–ကစ၍။ပုံ၁၃၄အထိကြည့်ရှုလေ့ကျင့်ထားပါလေ။

ရထားသည်။ တဘက်ကမင်းကြီးကိုကွက်ကျဉ်း။ ကွက်ကျဉ်းအောင်ပြုလုပ်နိုင်၏။အစွန်အဖျား။တန်းလျားကွက်များသို့ရောက်အောင် ပို့ဆောင်နိုင်၏။ကွက်ကျယ်ရာသို့ မလာနိုင်အောင်လည်းတားဆီးနိုင်၏။ တဘက်ကမင်းကိုအချပ်ကွက်လုပ်လျက်။ကွက်လိမ်။ ကွက်ဖုံးအားဖြင့်။ မြင်း။ဆင်။ စစ်ကဲတို့ကိုအလွတ်စားနိုင်၏။မားခွေ။အချပ်ခွေပြုလုပ်နိုင်၏။ရထား၂လုံးရှိပါမူ 'ရထားလိမ်'ပြုလုပ်၍မင်းကြီးကိုသတ်နိုင်၏။ရထားလည်သွားကွက်၁၄ကွက်။ စားကွက်၁၄ကွက်ရှိသဖြင့်အားအကြီးဆုံးဖြစ်၏။တဘက်ကမင်းတရပ်တည်းကို။ မိမိဘက်ကမင်းနှင့် ရထား၁လုံးတည်းဖြင့်သတ်နိုင်၏။ မြင်း။ဆင်။စစ်ကဲ။ နယ်။တလုံးတည်းဖြင့်သတ်ကွက်မရှိ။မသတ်နိုင်။ မြင်း၂လုံးနှင့်သော်လည်း သတ်ကွက်မရှိချေ။စစ်ခုံ၌ စစ်ရပ်နည်းလေလေ။ ရထားသည် အားကြီးလေလေ ဖြစ်လာ၏။ ရထား၂လုံးသပ်ထားလျှင်လွန်စွာအားရှိ၏။

မင်းကြီးသည်။ ရထားကဲ့သို့ပင်။စစ်ခုံ၌စစ်ရပ်နည်းမှ။သာ၍အားရှိလေသည်။အလုံးများသောအခါ၌။မိမိဘက်ကစစ်ရပ်ကို အခြားဘက်ကစားလျှင်၊

မင်းကြီးနှင့်ပြန်စားနိုင်၏။မိမိဘက်ကစစ်ရုပ်ကိုအပိုသက်သက် စားမသွားနိုင်စေရန်ကာယ်နိုင်၏။ကာယ်မထားသောအခြားဘက်က။ န–စ–ဆ–မြ–ရ။တို့ကို။ မင်းကြီးနှင့်စားနိုင်၏။ အခြားမင်းကြီးကို အကွက်ကျဉ်းအောင်ပြုလုပ်နိုင်၏။တဘက်ကမင်းတချပ်တည်းကို။ မိမိဘက်က ရထား ၁ လုံးနှင့်လိုက်သတ်ရာ။ မင်းကြီးကိုင်'မင်းကိုင်'နားလည်မှု။မြန်မြန်သေလွယ်၏။မြင်းစစ်ကဲ။ ဆင်စစ်ကဲ။ နယ်စစ်ကဲနှင့်။ အခြားဘက်ကမင်းတချပ်တည်းကို လိုက်သတ်ရာတို့၌လည်း။ မင်းကြီးချပ်သည်များစွာအသုံးဝင်၏။ တဘက်ကမင်းကြီးကို ကွက်ကျယ်ရာသို့မလာနိုင်ရန်တား၍။ ကွက်ကျဉ်းသို့ပို့ဆောင်နိုင်၏၊ စစ်စ။စစ်လယ်။ စစ်ဆုံး။ သုံးပါးရှိသည်အနက်။ စစ်ဆုံးတွင်။မင်းကြီးချပ်၏အားသည် နယ်၄လုံးနှင့်တူမျှ၏ဟုဂျာမနီလူမျိုးစစ်ဘုရင်ဆရာကြီးတို့ကအယူရှိကြ၏။

အထက်က ဘော်ပြအားသော။ စစ်ရုပ်များ၏ အစွမ်းသတ္တိတို့ကို။ သိရခြင်းဖြင့်များစွာကျေးဇူးရှိ၏။ခွဘွက်။ ခွခွေကွက်များကို။န–စ–ဆ–မြ–တို့နှင့် ပြုလုပ်၍။အဘိုစားနိုင်။ အလုံးချင်းလဲနိုင်သော်လည်း။ မိမိကကျေးဇူးရှိမှ သာပြုလုပ်သင့်၏။ဥဒါဟရုဏ်။မိမိဘက်ကမြင်းကိုရထားနှင့်ကာယ်ထားလျက်အခြားဘက်ကမင်းနှင့်မြင်းကို။ခွခွေ။ ဘက်ခွေ ပြုလုပ်လျှင်ကျေးဇူးမရှိတတ်။ မိမိမြင်းကိုမြင်းချင်းစားပစ်မည်။ တဘက်ကမင်းနှင့်ဆင်ကို။ ဆင်နှင့်ကာယ်ထားသော နယ်ဖြင့်ခွကွက်။ခွခွေကွက်ပြုလုပ်ရသော်လည်းကျေးဇူးမရှိ။ ၎င်းနယ်ကိုဆင်နှင့် စားပစ်မည်။မိမိကဆင်နှင့်ပြန်စားလျှင်။မိမိဆင်ပါဆုံးလျက် နယ်တလုံးအပိုပင် ပေးလိုက်ရ၏။သို့ဖြစ်၍။ကျေးဇူးရှိမရှိ။ကွက်နေကွက်ထား။ စစ်ခင်းအခြေအနေ များ။သေချာစွာ ထောက်ခြင့်ပြီးမှပြုလုပ်ရာချေသည်။ ။နယ်တက်။ နယ်စား။ စစ်ကဲလိမ်။စစ်ကဲလှည့်။စစ်ကဲစား။ဆင်ထိုး။ဆင်ဆုတ်။ဆင်စား။မြင်းခုန်။မြင်းချ။ မြင်းစား။ရထားချ။ရထားဆွဲ။ ရထားတည်။ရထားစား။ခွေကွက်။ လိမ်ကွက်။ ကွက်ဖို့။ကွက်ဒရုပ်။ အနှုတ်အယူ။ဟူယူသမျှ။ အကွက်ပေါင်း များစွာကိုရွေ့ သွားလိုသောအခါ။ မိမိဘက်ကိုသာမကြည့်သင့်။ အခြားဘက်ကိုပါကြည့်ရှုသင့်၏။ငါလုပ်။ငါစားသာမကွက်ဘဲ။သူလုပ်သူစားများကိုလည်း။ ခြားနားသေချာ။တွက်စစ်ခါကြည့်ရှုသင့်ပေ၏။



အခဏ်း—၁၃။

မြန်မာစစ်ဘုရင်ဥပဒေများ။

၁။ ။စစ်ဘုရင်ခုံကိုစစ်ထိုးမည့်သူ ၂ဦး၂ဘက်တို့၏ စပ်ကြား'အလည်'၌အလိုက်သင့်ချထားပြီးလျှင်၊ ၎င်းသူတို့က။ ခုံနှင့်သင့်လျော်ရုံခွါလျက်။ တယောက်နှင့်တယောက်မျက်နှာချင်းဆိုင်ထိုင်ထိုးကြရမည်။

၂။ ။အရုပ်၃၂ကောင်။အရောင်၂မျိုး(အနီ—အနက်)ရှိသည့်အနက်။ မည်သူကအနီ။ မည်သူကအနက်ကိုယူရန်။ ပိုက်ဆံနှင့်တပြားကိုမြှောက်လျက် မဲချယူရမည်။အနီရုပ်ရသူက။ပဌမစစ်တည်ပြီးလျှင်။ ပဌမပင်စစ်ဟက်ရမည်။ အနီဘက်ကစစ်ဘည်ပြီးလျှင် ထပ်၍မပြင်စေရ။ နောက်မှအနက်ဘက်ကစစ်တည်ရမည်။

၃။ ။အနက်ဘက်က စစ်တည်ရာ။အနီဘက်က သဘောမတူလျှင်။ ရထားထပ်။ရထားတကွက်နှိမ့်။ ဆင်ပေါက်။စစ်ကဲပေါက်။ 'အနီမင်းကြီးကိုအနက်ရထားနှင့်အုပ်လျက်စစ်မတည်ရ။ ။အတွင်းစစ်ကဲပေါက်ဟု ခေါ်သောစစ်ကဲသွဲ။ မင်းပုန်းစစ်တည်နည်းများကိုမှုကားတည်နိုင်၏။ ။အနီဘက်ကစစ်'စ'၍တက်ပြီးလျှင်၊ စစ်တည်နည်းကိုသဘောတူရာရောက်သဖြင့်၊ အနက်ဘက်ကစစ်တည်နည်းကိုမပြင်စေရ။ဥပဒေနှင့်မညီဟုမပြောရ။

၄။ ။အနီဘက်က'မြင်းခွ'ကိုစစ်တည်ပါလျက်။ အနက်ဘက်က။မိမိသဘောအတိုင်း။'မြင်းထပ်'ကိုစစ်တည်လျှင်။အနီဘက်ကပင် ပဌမစစ်တက်ရမည်။လိုက်စစ်ခံစစ်မညီဟုမပြောမဆိုရ။ပဌမစစ်ဘည်သူပင် ပဌမစစ်တက်၍။ ဒုတိယစစ်တည်သူဒုတိယစစ်တက်စေရမည်။

၅။ ။စစ်ထိုးသူ၂ဦး။ စစ်ပွဲအများကိုဆက်လက်၍ စစ်ထိုးကြလျှင်။ တယောက်တလှည့်ကျပဌမစစ်တည်၍။ပဌမစစ်ဘည်သူက။ ပဌမစစ်တက်ရမည်။အနီ—အနက်မှာလည်း တယောက်တလှည့်ကျ ပြောင်း၍ယူရမည်။အနီစစ်ရုပ်များကိုကိုင်သူက။ပဌမစစ်တည်ပြီးလျှင်။ပဌမပင်စစ်တက်ရမည်။

၆။ ။အလောင်းအစားထိုးကြရာ။၂ပွဲသာထိုးရမည်။ ၂ပွဲလုံးနိုင်သူကအနိုင်။တပွဲသရေကျ၍တပွဲတည်းပင်နိုင်လျှင်လည်းအနိုင်ယူရမည်။ ။၂ပွဲလုံးသရေကျလျှင်၎င်း။တပွဲစီနိုင်လျှင်၎င်း။ အရှုံးအနိုင်မရှိသရေပွဲပြုလုပ်ရမည်။သရေကျ၍နောက်တဖန်ပြန်ထိုးလိုလျှင်။မဲချထားသည့်အတိုင်းအတည်ပြုရမည်။

၇။ ။စစ်ထိုးသူတဦးတယောက်သည်၊ မိမိရွှေ့လှည့်ကျသည့်အခါ၊ မိမိဘက်က အရုပ်များနေရာမကျ၍၊ နေရာလွဲနေ၍၊ နေရာပြင်ထားလိုလျှင်၊ 'နေရာပြင်မည်' ဟုပြောဆိုပြီးမှသာပြင်ရမည်။ အခြားဘက်က အရုပ်များနေရာမကျသည့်ကို၊ မိမိကမပြင်မရွှေ့မကိုင်ရ၊ တဘက်ကစစ်ထိုးသူအား ပြင်ထားစေရမည်။

၈။ ။စစ်မထိုးမီက၊ စစ်ထိုးသူတဦးတယောက်သည်၊ ရထား၊မြင်း၊ဆင်၊အရုပ်တချပ်ကိုဖြစ်စေ၊တချပ်ထက်ပိုသည့်ကိုဖြစ်စေ၊ အလုံးချ၍ထိုးမည်၊ ပြောထားပါလျက်၊အလုံးမချဘဲစစ်'စ'၍ထိုးသွားကြရာ၊ ဘဘက်လျှင်၄ကွက် ကျရွှေ့မိလျှင်၊၎င်းစစ်အတိုင်းထိုးသွားရမည်၊၄ကွက်မစေ့မီသိရှိလျှင်၊ ကတိရှိသည့်အတိုင်းအလုံးချရမည်၊ အလုံးချရန်သဘောမတူလျှင်၊ အသစ်ပြင်ထိုးရမည်။ ။သဘောတူပြောမထားလျှင်၊အလုံးချထိုးမည့်သူက၊ပဌမစစ်တည်လျက်၊ ပဌမစစ်ဘက်ရမည်၊ အနိုင်ချပ်များကိုယူရမည်။ အလုံးချ၍ထိုးရတိုင်း၊ အလုံးချထိုးသူကပဌမစစ်ဘက်ရမည်။

၉။ ။ကိုင်ကောင်ကွက်ထိ၊ ကွက်ဘိလက်ရောက်–ဟူသော စကားများအတိုင်း၊မိမိရွှေ့လှည့်ကျသည့်အခါတွင်၊ နေရာပြင်ရန် အလျင်တင်ကူး၍ မပြောမဆိုဘဲ၊ မိမိဘက်ကအရုပ်ကိုကိုင်မိလျှင်၊ ကိုင်မိသောအရုပ်ကိုရွှေ့ရမည်၊ထိရာအကွက်တွင်ချထားရမည်၊မိမိကိုင်သောအရုပ်သည်၊ မိမိထိသော အကွက်တွင်ချထားရန်၊ဥပဒေနှင့်မညီညွတ်ခဲ့လျှင်ဖြစ်စေ၊ စစ်ထိုးနည်းအရရွှေ့ခွင့်မရလျှင်၊'မင်းပေါက်နေလျှင်' ၎င်းအရုပ်ကိုပင်၊ရွှေ့နိုင်သောအကွက်သို့ ရွှေ့ပေးရမည်၊မည်သည့်နည်းနှင့်မျှရွှေ့နိုင်ခွင့်မရလျှင်၊မရွှေ့နိုင်လျှင်၊ ၎င်းအရုပ်ကို နေရာမှာပြန်ထားလျက်၊မိမိ၏မင်းကြီးကိုရွှေ့ပေးရမည်၊မင်းကြီးကိုလည်းမရွှေ့နိုင်လျှင်၊အကွက်ပိတ်နေလျှင်၊ ခွေကွက်လွတ်အောင်မသွားနိုင်လျှင်၊ တဘက်စစ်ထိုးသူကညွှန်ပြသည့်အရုပ်ကိုရွှေ့ပေးရမည်။ ။မတော်တဆ ထိခိုက်မိ၍၊အရုပ်တချပ်နေရာမှရွှေ့သွားလျှင်၊ နေရာရင်းမှာပြန်ထားရမည်၊ ပြစ်ဒါဏ်မရှိ။

၁၀။ ။ကိုင်ကောင်ဖို့ရွှေ့လျက်၊တဘက်ကအရုပ်ကိုစားရာ၊မင်းပေါက်နေလျှင်၊ကိုင်ကောင်ကိုပြန်ထားပြီးနောက်၊ မိမိစားမည်ပြုသည့်တဘက်ကအရုပ်ကို၊ မိမိဘက်ကအခြားအရုပ်များနှင့် စားနိုင်လျှင်စားပေးရမည်၊မစားနိုင်လျှင်၊မိမိ၏မင်းကြီးကိုရွှေ့ပေးရမည်၊ မင်းကြီးကိုလည်းမည်သည့်နည်းနှင့်မျှမရွှေ့နိုင်လျှင်၊တဘက်စစ်ထိုးသူကညွှန်ပြသည့်အရုပ်ကိုရွှေ့ပေးရမည်။

၁၁။ ။ကယ်ထားသောတဘက်ကအရုပ်ကို၊ မိမိ၏မင်းကြီးနှင့်စားမိလျှင်၊၎င်းအရုပ်ကိုပြန်ထားလျက်၊ မိမိမင်းကြီးကိုရွှေ့ပေးရမည်၊ အခြားအ

ရှပ်နှင့်စားနိုင်လျှင်လည်း စားပေးရမည်။ မင်းကြီးကိုလည်း မရွေ့နိုင်။အခြား အရုပ်နှင့်သည်းမစားနိုင်လျှင်။ တဘက်စစ်ထိုးသူက ညွှန်ပြသည့်အရုပ်ကိုရွှေ့ ပေးရမည်။

၁၂။ ။စစ်ထိုးသူဟူဦးတယောက်သည်။မိမိရွှေ့လှည့်မကျသဲလျက်။ တဘက်ကရွှေ့လှည့်တွင်။မိမိဘက်ကအရုပ်တရုပ်ကိုကိုင်မိလျှင်။ မိမိအရုပ်နှင့် တဘက်က အရုပ်ကိုစားမိလျှင်။ ၎င်းအရုပ်များကို နေရာတွင် ပြန်ထားပြီး နောက်။မိမိရွှေ့လှည့်ကျသောသောအခါတွင်။ မိမိကိုင်မိသောအရုပ်ကိုပင်ရွှေ့ ရမည်။ရွှေ့ခွင့်မရလျှင်။ မိမိ၏မင်းကြီးကိုရွှေ့ပေးရမည်။ မင်းကြီးကိုမရွှေ့နိုင် လျှင်။သဘက်ကစစ်ထိုးသူညွှန်ပြသောအရုပ်ကိုရွှေ့ပေးရမည်။ ။မဘောင်တ သသိမ်ခိုက်မိကြောင်းထင်ရှားလျှင်ပြစ်ဒါဏ်မရှိ။

၁၃။ ။ဥပဒေ—၉—၁၀—၁၁—၁၂—ကအပြစ်ဒါဏ်ကိုခံစေလိုလျှင်။ တဘက်ကစစ်ထိုးသူသည်။မိမိရွှေ့လှည့်တွင်။အရုပ်တရုပ်ကိုမျှ မကိုင်မရွှေ့မီ အပြစ်ဒါဏ်ကိုညွှန်ပြရမည်။အပြစ်ဒါဏ်ပေးရမည်။ မိမိကအရုပ်တရုပ်ကိုရွှေ့ မိလျှင်။ရွှေ့ရန်ကိုင်မိလျှင်။ အပြစ်ဒါဏ်ရှိသူအားအပြစ်မပေးနိုင်။ ။အရုပ်တ ရုပ်ကိုရွှေ့ပေးရန်ညွှန်ပြရမည်သည့်အရုပ်ကိုရွှေ့ရမည်ဟူ၍သာညွှန်ပြရမည်။ မည်သည့်အကွက်သို့ရွှေ့ပေးရမည်ဟုပြောဆိုခွင့်မရချေ။

၁၄။ ။မိမိရွှေ့လှည့်တွင်။မိမိဘက်ကအရုပ်ကို မိမိ၏အရုပ်နှင့်ပင်စား မိလျှင်။သို့မဟုတ်။တပြိုင်နက်ပင်မိမိ၏အရုပ်၂ရုပ်ကိုကိုင်မိသိမိလျှင်။ တဘက် ကစစ်ထိုးသူက။၎င်းနှစ်ရုပ်အနက်။တရုပ်ရုပ်ကိုရွှေ့ခိုင်းနိုင်ခွင့်ရစေရမည်။ စစ် ဥပဒေအတိုင်း၎င်းအရုပ်ကိုမရွှေ့နိုင်မှသာ။ ကိုင်မိသော အခြားအရုပ်ကိုရွှေ့ စေရမည်။

၁၅။ ။မင်းကြီးကိုခွေလျှင်‘ခွေ’ဟုကြားအောင်ပြောရမည်။ ခွေကွက် လွတ်အောင်မပြုလုပ်ဘဲ။အခြားအရုပ်များကိုရွှေ့လျက်။ဘဘက်လျှင် တကွက် စီရွှေ့ပြီးမှ။ခွေထားကြောင်းသိပြန်လျှင်။ စစ်ပွဲတပွဲအသစ်ပြင်၍ထိုးရမည်။ခွေ ထားပါလျက်။အခြားအရုပ်ကိုရွှေ့ရာ။ခွေကွက်မလွတ်သေးကြောင်း ချက်ချင်း သိလျှင်။၎င်းရွှေ့သောအရုပ်ကိုပြန်ထားစေလျက်။ ခွေကွက်လွတ်အောင်ပြုလုပ် စေရမည်။

၁၆။ ။မင်းကြီးအပ်ဌနေလျှင်သရေပွဲဖြစ်၏။အရှုံးအနိုင်မရှိ။

၁၇။ ။ခုထားဝလုံးတည်းနှင့်—၁၆—ကွက်လိုက်သသ်ရာ။ခု၇ကွက် မှမင်းကြီးသေလျှင်သရေပွဲဖြစ်၏။ ။ပြေးသောဘက်ကပဋ္ဌမရွှေ့လှည့်တွင်။‘၄ ကွက်ထွင်း’၅မျိုးကစပြေးလျှင်။၄ကွက်က‘စ’၍ရေတွက်စေရမည်။ အခြားအ

ကွက်များကစ၍ပြေးလျှင်။၁ကွက်ကပင်စ၍ရေတွက်စေရမည်။ ။၄ကွက်တွင်း ၅မျိုးဆိုသည်မှာ–ပုံ၁ါတ်–၁,၂,၆,၁၀,။၇,၀,၁၅,၁၆,။ ။၄၆,၅၀, ၅၇,၅၀,။ ။၅၅,၅၆,၆၃,၆၄,။ ။၂၀,၂၆,၃၆,၃၇,။ ။အကွက်များ ဖြစ်၏။ ပုံ–၂၀၅ ၌ကြက်ခြေခတ်ထားသော။၅ နေရာတို့ကိုဆိုလိုသည်။

၁၀။ ။မြင်းမန္တလေး၆၄။မြင်းစစ်ကဲလိုက်ရာ။၆၅ကွက်မှမင်းကြီးသေလျှင်သရေပွဲဖြစ်၏။ ။အကွက်ရေတွက်နည်းမှာ။ဥပဒေ–၁၆အတိုင်းပင်ဖြစ်၏။

၁၉။ ။ဆင်မန္တလေး ၄၄။ ဆင်စစ်ကဲလိုက်ရာ။ ၄၅ကွက်မှမင်းကြီးသေလျှင်၊သရေပွဲဖြစ်၏။ ။အကွက်ရေတွက်နည်းမှာဥပဒေ၁၆အတိုင်းဖြစ်၏။

၂၀။ ။နယ်နှင့်စစ်ကဲ။ နယ်နှင့်ဆင်၊ နယ်နှင့်မြင်း။ နယ်နှင့်ရထား။စစ်ကဲနှင့်ရထား။ဆင်–၂–လုံး။ဆင်နှင့် မြင်းတို့ဖြင့်လိုက်သတ်ရာ၊ အကွက်မရေတွက်ရ။

၂၁။ ။စစ်နိမ့်သောဘက်က ခွေသံမစုံ ခွေနေနိုင်လျှင်သရေပွဲဖြစ်၏။ စစ်သာသောဘက်ကခွေသံမစုံ ထပ်ခွေနေရာ။သုံးကြိမ်–၃–ခါပင် အကွက်ချင်းတူနေလျှင်လည်း။ စစ်နိမ့်သူက သရေပွဲ ပြုလုပ်နိုင်၏။

၂၂။ ။၂ဦး–၂ဘက်လုံး၌ ရှုံးကွက် နိုင်ကွက်မရှိနိုင်လျှင် သရေပွဲဖြစ်၏။ ။ပဌမကအလုံးတူစစ်သိုးကြလျှင် 'က' တဘက်ကရထားတလုံး။ တဘက်ကမြင်းတလုံး'ခ'တဘက်ကရထားတလုံးတဘက်ကရထားတလုံးနှင့်ဆင်တလုံး။သို့မဟုတ်။ရထားကလုံးနှင့်စစ်ကဲတလုံးဖြစ်လျှင်။သရေပွဲဖြစ်၏။ ။ပဌမကအလုံးချ၍သိုးရသည်ဖြစ်စေ။ရထား။မြင်း။ဆင်။ခွေနယ်တင်ထိုးရသည်ဖြစ်စေ။ 'က' 'ခ' အတိုင်း စစ်ကျန်နေလျှင်။ အကွက်သာသူက။ အကွက် ၅၀ လိုက်သတ်ခွင့်ရ၏ –၅၁–ကွက်မှသေလျှင်သရေပွဲဖြစ်၏။ ။ဤသို့လိုက်သတ်ရာ။ လိုက်သတ်သောသူ၏ရွှေ့လှည့် သုံးလှည့် ဆက်လက်၍စစ်နေ စစ်ထားချင်း တူနေလျှင်။ နေရာချင်း တူနေလျှင် သရေပွဲပြုလုပ်နိုင်၏။

၂၃။ ။စစ်ထိုးသူ တဦး တယောက်က။ နှ။ စ။ သ။ မြ။ ရတို့တွင် မည်သည့်အရုပ်နှင့်သတ်မည်ဟူ၍၎င်း။မည်သည့် အကွက်တွင် သတ်မည်ဟူ၍၎င်း။ သဘောတူ ပြောထားလျှင်။ ပြေးသောဘက်က အကွက် မရေတွက်ရ။

၂၄။ ။စစ်ထိုးသူ တဦး တယောက်က။ မိမိ၏မင်းကြီးကို အပ်အောင်ပြုလုပ်ပါ၊ခွေသတ်ပါ ဟုအခြားဘက်ကိုခိုင်းပါမှကား။မိမိဘက်ကပြေးရရွှေ့ရသောအခါ။အကွက်မရေတွက်ရ။

၂၅။ ။စစ်ဘုရင်ခုံမှာပုံ၂၀၃–အတိုင်း ဖြစ်စေ ရမည်။ အခြားပုံ

များကို အသုံးပြုလျှင်လည်း။ ၎င်းပုံ—၂၀၃—၏သဘောအတိုင်း အမှတ်ပြုရမည်။ ။စစ်ကဲ တင်မည့်အခါ ပုံ၂၀၃—အတိုင်း။[illegible]ကဲကာ နယ်ရပ်သည့်တဘက်က (စစ်ကဲကြီး) (စစ်ကဲမျဉ်းကြောင်း) ရှိသော အကွက်သို့ရောက်၍။မိမိ၌လည်းစစ်ကဲမရှိမှ၎င်းစစ်ကဲမျဉ်းကြောင်းပေါ်တွင် ရှိနေစဉ်အခါမှသာ။စစ်ကဲတင်ရမည်။၎င်းကြီးပေါ်မျဉ်းကြောင်းပေါ်ကအကွက်လွန်သွားလျှင်စစ်ကဲမတင်ရ။နောက်တဖန်မိမိ၏ ရွေ့လှည့်ကျမှသာလျှင် စစ်ကဲတင်ရမည်။ ။စစ်ကဲတင်သောအခါ၊ ၎င်းနယ်ရှိနေသော အကွက်တွင် ဖြစ်စေ။ ၎င်းအကွက်နှင့် ကပ်လျက်ရှိသော။ထောင့်ဖြတ်ကွက်၌ဖြစ်စေ။ဘကွက်ကွက်တွင်စစ်ကဲတင်ရမည်။ ။စစ်ကဲတင်လိုက်သောအခါ။ ၎င်းစစ်ကဲက၊တဘက်ကစစ်ရုပ်ကိုစားနိုင်လျှင်။ တဘက်ကမင်းကြီးကိုခွဲပြီးဖြစ်လျှင်။ မင်းပေါက်နေလျှင်၂ဦး ၂ဘက်အရုပ်ချင်းစားနိုင်အောင်။ပေါက်ကွက်—ဖေါက်ကွက်ဖြစ်စေလျက်။စစ်ကဲမတင်ရ။ ။တဘက်ကမင်းကြီးကို အပ်လျက်ဖြစ်စေ။ရထား။မြင်း။ဆင်။စ သည့်တို့၏လမ်းကိုပိတ်လျက်ဖြစ်စေ။ ၎င်းတို့ကိုချုပ်ထားလျက်ဖြစ်စေစစ်ကဲတင်နိုင်၏၊ ။နယ်ဘလုံးတည်းတက်ကွက်ကုန်နေပြီးလျှင်။ အခြားအရုပ်များမရှိ၍သော်၎င်း။အခြားအရုပ်များ ရှိသေးသော်လည်း။ တရုပ်ကိုမျှရွေ့ခွင့်မရ။မရွေ့နိုင်သောအခါတွင်။မင်းကြီးအပ်နေလျှင်။စစ်ကဲတင်ရမည်ဟု ပြောဆိုခွင့်မရ။အပ်ကွက်[illegible]ရွှေ့ပြုလုပ်ရမည်။ ။'သရေကျလျှင်အရှုံးပေးမည်' ဟုပြောထားလျှင်။အပ်ကွက်ခံရသူကအနိုင်ရစေရမည်။

၂၆။ ။စစ်ထိုးသူကဦးတယောက်သည်။ အကြောင်းမဲ့။စစ်ပွဲမပြီးခင်။ရပ်ဆိုင်းနေလျှင်၎င်း။ခေတ္တရပ်ဆိုင်းရန်သဘောတူပြောထားပြီးနောက်။ ပြန်မထိုးလျှင်၎င်း။စစ်[illegible]ရာ[illegible]လ[illegible]လျှော့ပိုက်လျှင်၎င်း။၎င်းသူကိုအရှုံးပေးရမည်။ ၎င်းသူစစ်ပွဲ၌ရှုံး၏ဟု မှတ်ယူရမည်။ စစ်ပွဲမပြီးခင်အတွင်း။မိမိ သဘောအလျောက်။ စစ်ရုပ်များကိုတွန်းပစ်လျှင် ဖြစ်စေ။စစ်ခုံကိုမှောက်ပစ်လျှင်ဖြစ်စေ။ ၎င်းသူကိုစစ်ပွဲ၌ရှုံးသူဟုမှတ်ယူရမည်။

၂၇။ ။အထက်ပါဥပဒေများမှအပ။ အခြားအကြောင်း အတွက်။ အငြင်းအခုံဖြစ်ပေါ်လာလျှင်။(ဒိုင်) အားတိုင်ကြားဆုံးဖြတ်စေရမည်။ ဒိုင်မရှိလျှင်။အနားက ကြည့်ရှုသူတို့အနက်။ စစ်ဘုရင်ကို နားလည်သူတို့ အားတိုင်ကြားစေရမည်။ဒိုင်နှင့်ကြည့်ရှုသူမရှိသော်၎င်း။ကြည့်ရှုသူရှိသော်လည်း။ နှစ်ဦးသဘောတူဆုံးဖြတ်စေနိုင်သောသူမရှိပါက။ အခြားသူ တဦးတယောက်ကိုသဘောတူခေါ် ၍ဆုံးဖြတ်စေရမည်။ ။ဒိုင်နှင့်ကြည့်ရှုသူတို့မှာ မိမိတို့ကိုအကြောင်းပြု၍မမေးမြန်းဘဲ။မည်သည့်အတွက်နှင့်မျှ စစ်ပွဲတွင်ဝင်ရောက်ပြောဆိုခြင်းကိုမပြုရ။အရိပ်အမြွက်မျှမပြောဆိုရ။

အထက်ပါ ဥပဒေများမှာ အကြမ်းမျှသာ ဖြစ်ပေ၏။ ။အင်္ဂလိပ်စစ်ဘုရင်ကိုတကေ္ကသလုံး ထိုးကြရာ။ အင်္ဂလိပ်။ အမေရိကံ။ ဂျာမနီ။ရုရှ။ ပြင်သစ်။စသောတိုင်းကြီးပြည်ကြီးသားစစ်ဘုရင်ဆရာကြီးများက။ အနှစ်နှစ်အသလသီမံည့်နိုင်းလျက်၊တိုင်းတိုင်းဆဆရေးပြသားသော စာအုပ်များမှ ယူလျက်။သင့်လျော်ရာ။မြန်မာစစ်ဘုရင်နှင့်သဘောမကွဲစေဘဲ၊ ရေးသားထောင်ပြသားပါသည်။ သို့ရာတွင်။ {သကျောင်းတဂါထာတရွာတပုဒ်ဆန်း} ဆိုဘိသကဲ့သို့ငှင်း။{ဂန္ဓီပြည်မှာဂန္ဓီမင်း။နဂါးပြည်မှာနဂါးမင်း} ဆိုဘိသကဲ့သို့ငှင်း။ ယခုအခါ။အထက်မြန်မာပြည်နှင့်အောက်မြန်မာပြည်တွင် ကွဲလွဲကြသောအအချက်များလည်းရှိပေဦးမည်။ ဤသို့ကွဲလွဲသေးသော အချက်တို့၌ညှိနှိုင်းတိုင်ပင်ကြလျက်။ဥပဒေတမျိုးတည်းဖြစ်အောင်။စည်းလုံးညီညွတ်စွာ ပြုလုပ်ကြမှသင့်လျော်ချေမည်။အောက်မြန်မာပြည်တွင်နယ်ယွန်လျှင် စစ်ကဲမတင်ရ အထက်မြန်မာပြည်တွင် စစ်ကဲတင်ရ၏။အချို့ အရပ်ဒေသများမှာ။ စစ်ခုံပုံ ၂၀၅ ကိုအသုံးပြုလျက်။စစ်ကဲမျဉ်းကြောင်းမပါသော ထောင့်ဖြတ်အကွက် ၁၉။၂၂။၄၃။၄၆ တို့၌စစ်ကဲမတင်ရ။စစ်ကဲမျဉ်းကြောင်းပါလျှင်‘ကြက်ခြေ ၅—မျိုးကို ဆိုလိုသည်။’ထောင့်ဖြတ်အကွက်များ မဟုတ်သော်လည်း။ ၂။၇။ ၉။၁၆။၄၉။၅၆။၅၈။ ၆၃ အကွက်တို့၌ပင်။ စစ်ကဲတင်နိုင်၏ဟုအယူရှိလျက် ထိုးလေ့ထိုးထရှိကြ၏။ စစ်ကဲတင်ရာ၌လည်း။မင်းကြီးကို အပ်လျက်တင်ရ၏။ မတင်ရစသည်ငြင်းသူလည်းငြင်းကြ၏။ ။ဦးဟာမက်နှင့်ဦးဘဘောတို့ကိုတိုင်ပင်လျက်။ဥပဒေ အနည်းငယ်ကို ပြင်ဆင်ရေးသားရပေ၏။ ။အင်္ဂလိပ်စစ်ဘုရင်၌စစ်တည်နည်းတခုသာရှိသည်လည်းတကြောင်း။ ဦးရွှေဖန် ဟူသော မြန်မာစစ်ဘုရင်ဆရာကြီးကဲ့သို့။ရှေးကျသော။ရှေးမှီသော။စစ်ဘုရင်ဆရာကြီးတို့သည်။၂ဘက်လုံး၌ပင်။အောက်ပါစစ်တည်နည်းတနည်းကိုသာ စစ်တည်၍ထိုးကြ၏ဟု ဦးဘဘောကအပြောရှိ၏။ငှင်းစစ်တည်နည်း၌ စစ်ကဲ။ ဆင်တို့သည်။တက်သာ၊ဆုတ်သာ၍၊ ရုပ်ဘုရင်မသေနိုင်။ ရထားချင်း ကယ်ဘားသည့်အပြင်။ရထားကိုလည်းမြင်းတို့နှင့်ထပ်မံကာယ်ထားပြန်၏။ ငှင်းစစ်တည်နည်းကိုနှစ်ပေါင်း—၆၀—ကျော်ကပင်စစ်တည်ထိုးကြ၏ဟူ၍လည်းဦးဘဘောကပြောကြား၏။



ပုံ—၂၆၁။

အနက်။

ရ							ရ
			မ	ဆ	မြ		
	မြ	ဆ	စ	နှ	နှ	နှ	နှ
နှ	နှ	နှ	နှ				
				နှ	နှ	နှ	နှ
နှ	နှ	နှ	နှ	စ	ဆ	မြ	
		မြ	ဆ	မ			
ရ							ရ

အနီ။

{ ပျက်လျှောင်အစဥ်၊ ပြင်လျှင်ခဏ } ဟူသည်နှင့်အညီ။ အလည်မပြုနိုင်ငြားပြင်ဆင်ကြရန်။သဘောမကျသောဥပဒေအတွက်။သိရှိလျှင်။ ချက်ချင်းပင်ကျွန်တော်များထံအကြောင်းကြားစေလိုပါသည်။ပြစ်ဘင်ကဲ့ရဲ့ခြင်းကိုမပြုကြပါနှင့်တောင်းပန်ပါသည်။ဤစာအုပ်ကိုဝယ်ယူကြည့်ရှုသူတို့က မိမိတို့နေရပ်၌ဘာနတွင်စစ်ဘုရင် ဆရာ-ဟောင်းကြီးများရှိလျှင်။ ဥပဒေများကို ဘတ်ပြလျက်တိုင်ပင်ညှိနှိုင်းကြပါ။

အခဏ်း ၁၄။

စစ်ဘုရင်သင်ခါစ။ထိုးခါစ။ဘတ်ခါစလူများအားအကြံပေးချက်။

နှ။စ။ဆ။မြ။ရ။မတို့သည်၊နယ်။စစ်ကဲ။ဆင်။မြင်း။ရထား။မင်းကြီး။ ‘မင်း’ ဟူသောအရပ်၆--မျိုးအတွက်အတိုကောက်ရေးမှတ်ထားကြောင်း။ စစ်ဘုရင်ခုံ၏ မျက်နှာပြင် ၆၄ ကွက် ‘ပုံ ၂၀၃’ ကိုနံပါတ် ၁ က ၆၄ အထိ။အစဥ်လိုက်။တပ်ထားကြောင်း‘ပုံ ၂၀၄ ကိုကြည့်’။နှ။စ။ဆ။မြ။ရ။မတို့၏ သွားကွက်။စားကွက်။အပွမ်းသတ္တိများနှင့်တကွ။ အခြားအကြောင်းများပါ။ အခဏ်း ၁ က ၁၃ အထိရေးသားဘော်ပြလာသောအချက်တို့ကိုနားလည်အောင်။မှတ်မိအောင်ပြန်ကြည့်ပါ။ ။စစ်တည်နည်းသည်အလွန်အရေးကြီးသဖြင့်။ စစ်ဘည်နည်း မှုမှန်များကိုသေချာစွာ ကြည့်ရှုထားပါ၊ ။နယ်တက်။နယ်စား။

နယ်တား။နယ်ခွေမှစ၍။နယ်နှင့်ပတ်သက်သောဖွဲ့ကွက်များကို။အထူးဂရုပြု၍ ကြည့်ရှုစဉ်းစားမှတ်သားထားပါ။အခန်း ၁၅ ၌အခြေခံရန် အစမ်းထိုးပြ သောစစ်ပွဲ၌ငှင်း။ နယ်၏အကြောင်းကို ကောင်းစွာကြည့်ရှုလျက်။အရေးတ ကိုက်ပဌမသင်ကြားတတ်မြောက်ရန်လို၏။ ။စစ်ကဲလိုင်း။ စစ်ကဲသွား။စစ်ကဲ တား။စစ်ကဲခွေတို့ကိုလည်းနယ်၏နည်းတူ။ ကောင်းစွာကြည့်ရှုမှတ်သားထား ပါ။ ။ဆင်။မြင်း။ရထား။မင်းစသောအရုပ်ကြီး။ အလုံးကြီးများကိုကိုင်ရာဖွဲ့ ရာ၌မှုကားပြောဘွယ်ရာမရှိ။အလွန်အရေးတကိုက်သတိပြုလျက်။ကြည့်ရှု စဉ်း စားပြီးလျှင်သွားဖွဲ့ခြင်း။စားခြင်းတို့ကိုပြုရာ၏။ ။ပဌမတန်းစစ်ဘုရင်ဆရာ ကြီးများသည်။၂ဦး—၂ဘက်စစ်တည်ပြီးသည့်အခါ။စစ်'စ'၍မတက်မီ။၂ဦး— ၂ဘက်ကအကွက်နေအကွက်ထား။စစ်အားရှိ။အားမရှိနေရာ။ တိုက်သောချာ ခွာ။လုံးဝဥဿုံ အကုန်ပြန်ကြည့်လေ့ရှိကြ၏။သို့ရာတွင်အချိန်များစွာမကုန်စေ ရ။တဘက်ကစစ်ထိုးသူအား စိတ်ငြစ်ငြူးနိုင်လောက်အောင် မကြာစေရ။ ။

အင်္ဂလိပ်စစ်ဘုရင်၌။စစ်တည်နည်းတခုသာရှိသဖြင့်။စစ်'စ'၍တက်ရသည့်အ ခါတိုင်း။နယ်နှင့်မြင်းကိုသာဖွဲ့နိုင်၏။ပိတ်နေသောကြောင့်အခြားအလုံးများကို ပဌမမဖွဲ့နိုင်၊သို့ရာတွင်။နယ်ကိုပင်ပဌမဖွဲ့လေ့ဖွဲ့ထများကြ၏။ မြန်မာစစ် ဘုရင်၌လည်း။နယ်ကိုပင်ဖွဲ့ကြတက်ကြ၏။နယ်တက်သောအခါ'ဘွေနယ်စီး' ရအောင်။ဘွေနယ်ကျန်အောင်ကြံဖန်လျက်ဖွဲ့ရမည်။နမူနာ ထိုးပြသောစစ်ပွဲ များကို။ကြည့်ရှုလေ။စစ်တည်နည်းတမျိုးလျှင်။နယ်ရှစ်လုံးကိုပင်သဘောရှိရာ။ တက်နိုင်ဖွဲ့နိုင်သော်လည်း။အကောင်းဆုံး နယ်ကိုရွေးလျက် စစ်တက်ရာ၏။ စစ်တပွဲ၌နယ်ကောင်း ၂လုံး ၃လုံးသက်ပို၍ရှိခဲ၏။ ပဌမတန်း ဆရာကြီးများ ထိုးပြ ထားသော စစ်ပွဲများကို ကြည့်ရှုပါ။ နယ်တက်ရာတွင် မိမိက စားခွေ ပြုလုပ်နိုင်လျှင် သာ၍ကောင်း၏။ ကွက် ဦးသည်ဟု ဆိုရမည်။ နယ်ရှစ်လုံးအနက် ဘွေနယ်တလုံးသည်။ ၂ဘက်စစ်ထိုးသူ၌ပင်။ပဌမ' စား၍ တက်' ခွင့်ရစမြဲဖြစ်၏။ စား၍တက်တိုင်းလည်းကောင်းသည်ဟုအယူမရှိရာ။ နယ်ချင်းစားရာ။မိမိကပဌမစား၍ အကျိုးမရှိသည့်ကားများ၏။ မိမိစစ်ချပ်ကို စားသွားရာမိမိဘက်ကပြန်မစားနိုင်မှုသာမိမိကဦးစွာစားသင့်၏။မစားလိုက်၊ တဘက်ကစားလျှင်ပြန်စားနိုင်ရန်။ကာယ်ထားသင့်၏။ရှေ့သို့တကွက် တက်နိုင် ၍အကျိုးရှိပု မြင်လျှင်လည်း။တကွက်တက်ထားရာ၏။ပဌမ စတင်၍ စားသူ ထက်။ဒုတိယ မှနောက်မှစားသူက။ရှေ့သို့စစ်ချပ်တကွက်ရောက်၏။နယ်တက် ရာတဘက်ကစစ်ကဲမလာစေရန်တား၍ ပိတ်၍တက်လေ့ရှိကြ၏။ နယ်တက် စစ်စကောင်းလျှင်စစ်ပွဲ၌အနိုင်များ၏။ နယ်နှင့်စားရသည့်အခါ။အတွင်းဘက်မှ

အပြင်ဘက်သို့ မစားဘဲ။ အပြင်ဘက်မှ အတွင်းဘက်သို့ စားနိုင်လျှင် စားသင့်၏။ အခြားအရေးကြီးသောအကြောင်းရှိမှသာ။ အတွင်းဘက်က အပြင်ဘက်သို့စားရာ၏။နယ်ကိုအချမ်းမဲ့ရွေ့ခြင်းတက်ခြင်းသည်မှားတတ်၏။ ဆရာတော်ခင်ကြီးဖြေဉ် ပြောဆိုဘူးသော စကားအရ။ စစ်ဘုရင် ပညာသည်။ 'အတွက်' ပင်ဖြစ်ကြောင်းသတိပြုလျက်။သေချာစွာတွက်စစ်ပြီးမှသာရွှေ့သွားရာ၏။ ။စစ်ကဲသည်အကွက်နောက်ကျနေ၍။ ရှေ့သို့ မတက်မလိမ်နိုင်သည့်အခါတွင်။ မိမိဘက်ကနယ်သည်ကယ်ပြီးဖြစ်လျက်။စစ်ကဲကွက်သို့ ရောက်နေလျှင်။စစ်ကဲဟောင်းကိုကျွေးလျက်။အလုံးချင်းလဲလျက်။ စစ်ကဲသစ်တင်သင့်၏။ စစ်ကဲနှင့်ဆင်။စစ်ကဲနှင့်နယ်တွဲဘက်သားလျှင်အားရှိ၏။ အလွတ် သက်သက်စားမပစ်နိုင်ချေ။ ။ဆင်ကိုရွှေ့ရာ။ ဆင်လွန်ဆင်ကျွံမဖြစ်စေရန် သတိပြုရမည်။ဆင်ဆင်ချင်း။ ဆင်နှင့်စစ်ကဲတွဲသားလျှင်အားရှိ၏။ အလွတ်စားမပစ်နိုင်။ အလုံးနည်းသည့်အခါ။မြင်းစစ်ကဲ လိုက်မည်အတွက်။ ဆင်စစ်ကဲလိုက်နိုင်ရန်။ မြင်းကိုအလုံးလဲရာ၏။ဆင်ကိုအလုံးမလဲရ။ချန်ထားရမည်။ သို့ရာတွင်မြင်းစစ်ကဲလိုက်၍သေသောက်သောအကွက်ရှိလျှင်ဆင်ကိုလည်းအလုံးလဲနိုင်၏။ ဆင်စစ်ကဲလိုက်ရသောအခါ။ တဘက်ကမင်းကြီးကိုမိမိ၏ ဆင်ဦး ဆင်ထိပ်သို့ရောက်အောင်ပို့ရမည်။ စစ်ကဲ မလိုက်သောထောင့်။ ဆင်၏နောက်တွင်။တဘက်ကမင်းကြီးကိုမသတ်နိုင်။အသွားများမှသာသေမည်။ စစ်ကဲကိုက်သောထောင့်တွင်ဆင်နောက်ပြန်သတ်နိုင်သော်လည်းခဲယဉ်းလှသည်။ ရထားတလုံးတည်းကို။ဆင်စစ်ကဲနှင့်ခံမည့်ပြုလျှင်။ဆင်နှင့်စစ်ကဲတွဲမိနိုင်မှသာ။ အခြားအလုံးများကိုအလုံးချင်းလဲရာ၏။ ။မြင်းစစ်ကဲလိုက်ရာ။ စစ်ကဲကိုက်သောထောင့်၌ချုပ်မိမှသေအောင်သတ်နိုင်၏။စစ်ကဲမကိုက်သေါထောင့်ကမင်းကြီးကိုဟုတ်ရာတောက်ရှောက်တရှိန်တည်းပြေးမှလွတ်သောလိုက်နည်း။ ပြန်တို့မှလွတ်သောလိုက်နည်းဟူ၍။နည်း၂နည်းရှိသည်။၎င်းနည်းများကို မြင်းစစ်ကဲလိုက်ပြရာ၌သေချာစွာကြည့်ရှုမှတ်သားထားပါ။ •နောက်အခန်းများ၌ထင်ရှားလတ္တံ့။မြင်းသည်ရထားသောက်အားမကြီးသော်လည်း။ အလုံးများစစ်ချပ်များစဉ်တွင်၊တခါတရံအလုံးနည်းတွင်ပင်လည်း။ရထားကိုအလွတ်စားနိုင်၏။ အလုံးချင်းလဲနိုင်၏။ခွကွက်။ကွက်လိမ်။ကွက်ဖုံးအများပြုလုပ်နိုင်သည်။ ထောင့်၄ ကွက်ရှိအကွက်တို့နှင့်တကွ၎င်းထောင့်တထောင့်စီနှင့် ကပ်လျက်ရှိသောအခြား သုံးကွက်ပါ ပေါင်းလျက်။ 'မြင်းသေလေးကွက်' ဟုခေါ်လေ့ရှိ၏။ ၄ ထောင့်ဖြစ်၍။မြင်းသေ ၄ကွက်ပေါင်း ၄ မျိုး။ပေါင်း – ၁၆ ကွက်ရှိ၏။၎င်းအကွက်များသို့မြင်းချန် မြင်း ချခြင်းကိုသတိပြုရမည်။ပြေးကွက်၊ ပြန်ကွက်ရှိမရှိ။ မြင်းမချမီကကြည့်ရှုထားသင့်၏။မြင်း ၂လုံးသဟဲသက်ပို၍ တဘက်ကမင်း

ကြီးတလုံးတည်းကိုမသတ်နိုင်သောကြောင့်။ မြင်း ၂ လုံးကျန်သည် ဖိုသည် ထက်။မြင်းတလုံးနှင့်ယှဉ်တလုံးဖြစ်စေ။မြင်းနှင့်ဆင်တလုံးစီဖြစ်စေ။ မြင်းတလုံးနှင့်စစ်ကဲတလုံးဖြစ်စေ။ကျန်သည်က အသုံးကျကြောင်းကို သတိထားရာ၏။ တဘက်ကမြင်းနှင့်မိမိ၏မင်းကြီးကိုအခွေခံရလျှင်။ ၎င်းမြင်းနှင့် နောက်ထပ်၍ မခွေနိုင်စေရန် 'ပြားကပ်။မှန်ကူနှစ်ပွင့်ဆိုင်'ဟူသောစကားအတိုင်း ၎င်းမြင်းနှင့်ထောင့်ဖြတ်တကွက်ခြားသို့မိမိ၏ မင်းကြီးကို ရွှေ့သွားရာ၏။နောက် ၃ ကွက်စေ့မှသာသထပ်ခွေနိုင်မည်။၎င်းအကွက်ကိုရွှေ့ခွင့်မရလျှင်။မြင်းနှင့်အလိုက်သင့်ကပ်လျက်ရွှေ့ထားပါကနောက်ထပ်မခွေနိုင်။တကွက်ရွှေ့ပြီးမှ ပြန်ခွေနိုင်မည်။မြင်းတလုံးသည်တဘက်ကနယ်ပယ်အတွင်းတွင်၊မိမိကို ကယ်ထားပြီးဖြစ်နေ၍။မိမိအားအနှောင့်အရှက်ပေးနိုင်သောနယ်နှင့်စစ်ကဲလည်း မရှိဘဲ။မိမိသည်တဘက်ကမင်းကြီးကိုဒုက္ခပေးနိုင်သော အကွက်သို့ရောက်နေလျှင်။၎င်းတလုံးတည်းနှင့်ပင်အားအလွန်ကြီးလျက်။စစ်ရုပ်အများစုပေါင်းနေဘိသကဲ့သို့ပင်အားရှိလေသည်။ ။ရထား—၁၆ - ကွက်လိုက်ရသည့်အခါ။ခွေ၍ လိုက်ကွက်။တား၍လိုက်ကွက်ဟူ၍—၂ မျိုးရှိသည်။ တဘက်ကမင်းကြီးကိုအမြန်ဆုံးသတ်နိုင်သောနည်းသည်အကောင်းဆုံး ဖြစ်သောကြောင့်။ မည်သည့်လိုက်နည်းကကောင်းကြောင်းသတိပြုရမည်။ ရထားကိုနယ်၊စစ်ကဲ အလုံးငယ်လေးများနှင့်ချုပ်ထားဘမ်းထားတတ်သောကြောင့်ရထားကိုရွှေ့ရာ။ရထားတည်ရာခွင်များစွာသတိပြုရမည်။ရထားသည်တလုံးချင်းတွင်အားအရှိ ဆုံးသောစစ်ရုပ်ဖြစ်သဖြင့်။၎င်းကိုအထူးသတိထားလျက်။ရွှေ့သွားစားခွေခြင်းကို ပြုရာ၏။ ရထားကိုမပေးလျှင်။အစားမခံလျှင်။အသုံးမခံလျှင်။မိမိ၏မင်းကြီးမချသေမည်ဟုသိရှိသောအခါ။ ရထားကိုသက်သက် အဆုံးခံသော်လည်းခံရာ၏။ နယ်စစ်ကဲတို့နှင့်အလုံးချင်းလဲသော်လည်းလဲပစ်ရာ၏။ ။တဘက်ကမင်းကြီးကိုမိမိကအုပ်ကွက်ရလျှင် အုပ်ကွက်ကိုယူထားရာ၏။ အထက်အောက်တန်းတတန်းလုံးဖြစ်စေ လက်ဝဲ လက်ျာတတန်းလုံးဖြစ်စေ။ လွတ်လပ်နေလျှင်၊၎င်းအတန်း၌ရထားကိုချထားနိုင်လျှင်ချထားရာ၏။ ။မင်းကြီးသေလျှင်စစ်ပွဲရှုံးသောကြောင့်။ရထား။မြင်း။ ဆင်စသောအလုံးကြီး။ စစ်ရုပ်ကြီးများကို စားရသော်လည်း။စားနိုင်သော်လည်း။မစားသေးဘဲ။မိမိ၏မင်းကြီးသေမည်မသေမည်ကို ပဌမလက်ဦးအထူးသတိထားရာ၏။ မင်းသေမည်ကိုသိလျှင်၎င်းကိုအရေးတကြီးဂရုပြုရမည်။မင်းကိုင်။မင်းရွှေ့။မင်းတိန်း။မင်းနှင့်စါးသည်တို့ကိုသတိကြပ်ကြပ်ထားသင့်၏။စစ်ရုပ်များသည့်အခါတွင်။ စစ်မြေပြင်နှင့်ဝေးရာ။ လုံခြုံရာတွင်မိမိ၏မင်းကြီးကိုရွှေ့ထားရာ၏။စစ်ရုပ်များနည်းသွားလျှင်။ မင်းကြီးသည်လည်းစစ်တိုက်ရာ။စစ်ထိုးရာတွင်များစွာအသုံးဝင်၏။ကူညီ လောင်ဘက်များ

စွာရနိုင်၏။စစ်ခုံ၏အလည်ကြက်ခြေ၌။နံပါတ်—၂၀။၂၆။၃၆။၃၇ အကွက်ကို '၄ ကွက်တွင်း' ဟူ၍၎င်း 'မင်းသော—၄—ကွက်' ဟူ၍၎င်း ခေါ်လေ့ ရှိ၏။ အလုံးများစစ်ရပ်မျိုးစဉ်စစ်စနှင့်စစ်သည်အတွင်း၌၎င်းနေရာသို့မင်းကြီးကိုရွှေ့ သွားခြင်းကိုရှောင်ကြဉ်နိုင်သမျှရှောင်ကြဉ်ရာ၏။မင်းသေတတ်သော အကွက် ၄ ကွက်ဖြစ်၏။ ။အင်္ဂလိပ်စစ်ဘုရင်တွင်ယခုအခါအတတ်ဆုံး ဖြစ်သဖြင့်။ 'ကမ္ဘာ့ချံပီယံ'ဖြစ်နေသော။ဂျေ။အာ။ ကာပါဘလန်ကာ၊စစ်ဘုရင် ဆရာကြီး က။စစ်စ။ စစ်ထယ်'လည်'စစ်ဆုံး။ သုံးမျိုးမှသည်အနက်။ သုံးမျိုးလုံးပင်။ လို လောက်စွာတဘ်မြောက်ရန် ကြိုးစားထားရမည်ဟု ဟုတ်တော် ရေးသား ထား၏။ ။မိမိသည်စစ်ထိုးရာ၌ဘဘက်စစ်ထိုးသူထက်စစ်ရည် သာသူဖြစ် စေ၊ညံ့သူဖြစ်စေ၊စစ်ပိုင်းသုံးပိုင်းလုံးမှာပင်သင်ကြား တဘ်မြောက်စေရမည်။ စစ်'စ' တွင်နယ်တက်။ဘွေနယ်လို့၊ကွက်ဦး။အကွက်ကောင်း။ နေရာကောင်းရ အောင်သတိပြုရမည်။စစ်ထယ်'လည်'တွင်ကွက်သိမ်း။ကွက်ဖုံး။ အလုံးချင်းလဲ ခြင်း။ စစ်ရပ် တရပ်နှင့်တရပ် ဆက်သွယ် ပူးပေါင်း၍ပစ္စည်း ပြုထားခြင်း သည်အရေးကြီး၏။စစ်ဆုံးတွင်။နယ်စစ်ကဲ။ ဆင်စစ်ကဲ။မြင်းစစ်ကဲ ရထားဘ လုံးတည်းနှင့်လိုက်သတ်နည်းစသော။ အမြန်ဆုံးနည်းဖြင့် တဘက်ကမင်းကြီး ကိုသတ်ရန်၊မိမိကစစ်ရည်နိမ့်နေ၍ နိုင်ပုံမပေါ်လျှင်။ သရေကျရန် ခံကွက်ပြု လုပ်၍ထားရမည့်အချက်များသည်။အရေးကြီးပေ၏။စစ်'စ'တွင်။မိမိဘက်က အရပ်များသည်စစ်ခုံနေစစ်ထားကောင်းသောနေရာတို့ကိုမြန်မြန်ရစေရန်အရေး ကြီး၏။အချိန်မကုန်စေဘဲ။အကွက်မြဲ။အကွက်မှန်ရ၍။ တဘက်က မင်းကြီးကို။ သေလွယ်အောင် သတ်နိုင်မည့် နည်းလမ်းများကို ကြည့်ရှု၍ သတ်ပြုရာ သည်။ ။ကွက်ဦးရလျှင်ကွက်နှောင်းနေသည်ထက် ကောင်း၏။ အကွက်မ နှောင်းစေနှင့်။နောက်မကျစေနှင့်။မိမိရွှေ့လှည့်တွင် အရပ်တရပ်ကိုရွှေ့လိုက်ရာ နောက်ထပ် တကွက်တည်းနှင့်ပင် တဘက်ကမင်းကြီးသေမည် ဖြစ်သော် လည်း။ဘဘက်ကခွေသံမစဲခွေခြင်းအားဖြင့်။၂ကွက်။၃ကွက်မှာပင်မိမိမင်းကြီး သေသော်လည်း။မိမိကရှုံး၏။ ။လိုက်စစ်။ခံစစ်ရှိသည်အနက်။မိမိက'စ' ၍ လိုက်စစ်ပြုလျက်။တဘက်ကစစ်ရပ်များကို။ ပဋ္ဌမတိုက်ခိုက်ခြင်းသည် သာ၍ ကောင်း၏။ခံစစ်ထိုးသူဘက်လိုက်စစ်ထိုးသူကစစ်ရည်သာတတ်၏။ သို့ရာတွင် အလွန်အကျူးမဆည်နိုင်။ မကာယ်နိုင်။ မဆုတ်သာအောင်လည်း မလိုက်ရ။ မတိုက်ခိုက်ရ။ ။မိမိ၏မင်းကြီးကိုကာကွယ်ခုခံရာ၌၎င်း။ စစ်ရပ်တရပ်ကို ကာယ်ရာ၌၎င်း။စစ်ရပ်အများကိုအသုံးမပြုရ။အလုံးကြီးများကို အသုံးမပြု ဘဲရလျှင်၊ရှာနှင့်ကာယ်ရာခုခံရာ၏။ မိမိ၏မင်းကြီးကိုကာကွယ်သောအခါ စစ် ရပ်နည်းနိုင်သမျှနည်းစေလျက်ကာကွယ်ရမည်။တဘက်ကမင်းကြီးကို တိုက်

ရာတွင်မှုကား။မိမိဘက်ကစစ်ရုပ်စစ်အား။များနိုင်သမျှများစေရမည်၊ လူတိုင်း ပင်စစ်ပွဲ၌အရှုံး[illegible]ချင်တတ်။သို့ရာတွင်၊ရှုံးသောပွဲများ၌။မည်သည့် နည်း နှင့်ရှုံးရကြောင်းသသိပြုလျက် သင်ယူမှတ်သားထားပြီးလျှင်။မိမိက တဖန် ၎င်းနည်းကို ယူလျက်ပြုလုပ်ရာ၏။ နောက်တဖန်ဤကဲ့သို့ ‘မဖြစ်စေရန်လည်း။ ‘သေးဘူးမှဖျဉ်ဘိုးနားလည်၊’ သည်ဆိုဘိသကဲ့သို့၊ မှတ်သားထားရာ၏။ရှုံး မည်ကိုမကြောက်ရာ။ အစဉ်မပြတ်နိုင်မည်မဟုတ်ချေ။ ။စစ်ဘုရင်ထိုးသူ တိုင်းစစ်ရုပ်တရုပ်ကိုရွှေ့ရန်။ အကွက်ကောင်းကိုတွေ့ပါလျက်။ မရွှေ့မိချေ။ မရွှေ့ရဲချေ။မှားခြင်းကြီးမှားတတ်၏။ကောင်းမည်တင်လျှင်မရပ်မဆိုင်းဘဲရွှေ့ ရာ၏။ဤကဲ့သို့ပင်၊ကါပါဘက်ဆရာကြီးကရေးသား ဘော်ပြထား၏။ ။ တဘက်ကစစ်ရုပ်တရုပ်ကိုရွှေ့လျှင်။၎င်းအရုပ်သည်မိမိဘက်ကို ဘာလုပ်နိုင် ကြောင်း။၎င်းအရုပ်ချထားသောနေရာမှမည်သည့်အကွက်များသို့သွားလာရွှေ့ ခွနိုင်ကြောင်းများကိုကုန်စင်အောင်ကြည့်ရှုရာ၏။ ဤမျှမက။ ၎င်းစစ်ရုပ်ကို အမှီပြုလျက်။နောက်ထပ်မည်သည့်အရုပ်နှင့်။ မည်ကဲ့သို့ပစ္စည်းပြုလိမ့်ဦးမည် ကိုလည်း။အထူးကြည့်ရှုရာ၏။(လာမည့်ဘေးကိုအဝေးကရှောင်ရာချေသည်) ဟူဘိသကဲ့သို့။တင်ကြို၍ကာကွယ်ပြုပြင်။[illegible]ရွှေ့ထား။ကာယ်ထားရာ၏။ ။ အနီရုပ်များဖြင့်သာ၎င်း။အနက်ရုပ်များဖြင့်သာ၎င်း။အစဉ်အမြဲ။ အစွဲအလမ်း ကြီးစွာစစ်မထိုးသင့်။အနီ—အနက် အရောင်မရွေး။ စစ်ထိုးလေ့ပြုထားသင့် ၏။ ။မိမိဘက်က အရုပ်ကိုရွှေ့ချိန်ကျမှ။ရွှေ့ရန်အသင့်ရှိမှ။ အရုပ်ကိုကိုင်သင့် ၏။ရွှေ့ကွက်ကိုသေချာစွာမသိသေးဘဲ။အရုပ်ကိုမကိုင်ရာ။ကိုင်မိသော အရုပ် ကိုရုတ်တရက်အတည်မကျ လက်ကမလွှတ်သေးဘဲ။ ဝဲယာရှေ့နောက်။တု ခေါက်ပြန်လှန်လျက်။ဘည်ချမည့်နေရာသို့ကြာရှည်မှသာရှာကြံ၍ ရွှေ့ခြင်းချ ထားခြင်းကိုမပြုရာ။ အရုပ်ကိုကိုင်ရန်မသိသေးလျှင်စစ်ခုံတွင် လက်ကိုစဲမနေ ရာ။ဘဘက်စစ်ထိုးသူ၏။စိတ်ငြစ်ငြူးခြင်းကို ဖြစ်စေတတ်၏။ အရုပ်ကိုမြင့်စွာ မြှောက်လျက်၎င်း။အနောက်မှာချမည်ပြုပြီးမှအရှေ့မှာလာ၍ချခြင်း။ခုံနှင့်ပွတ် ဆွဲ၍အရုပ်များကိုရွှေ့ခြင်းမှရှောင်ကြဉ်အပ်လှ၏။မိမိ၏အရုပ်ကိုရွှေ့မည်ပြုရာ။ ၎င်းအရုပ်ကိုရွှေ့ပြီးလျှင်။တဘက်ကစစ်ထိုးသူကဘာပြန်၍လုပ်နိုင်လိမ့်မည်ကို လည်းကြည့်ရှုသင်ခြင်ရာ၏။ ။မိမိဘက်ကရွှေ့ရန် အကွက်ကောင်းတကွက် ကိုတွေ့ရှိပြီးဖြစ်သော်လည်း။သာ၍ကောင်းသောအကွက်ရှိသေးလျှင် တွေ့ရန် ရှာကြည့်ရဦးမည်၊ သို့ရာတွင်။ကြာရှည်စွာမကြည့်ရ။ ။ဘဘက်ကစစ်ကို မိမိက‘စ’၍သွားတိုက်ရာ။မိမိတွင်စစ်အား။စစ်ရုပ်မလုံလောက်လျှင်၊အားချင်း မတူလျှင်မတိုက်နှင့်။မ‘စ’နှင့်။မိမိဘက်သည်တဘက်က ထက်စစ်အား သာ လျှင်။စစ်ရုပ်များလျှင်၊မိမိကသာပြီ။နိုင်နိုင်ပြီဟုမှတ်ယူသင့်၏။ ။‘စစ်စ’ ပြီး၍

'စစ်လည်'သို့ရောက်သောအခါတွင်၊အခက်ကြုံသဖြင့်၊ဆက်လက်သွားရွှေ့ရန် ကြပ်နေလျှင်၊စစ်ပုံတခုံလုံးကိုသိမ်းရုံးကြည့်ရှုရမည်၊ မိမိ ဘက်ကစစ်ရုပ်နေရာ နေထားမကျလျှင်သင့်ရာအကွက်တွင်ရွှေ့ထားရမည်။ သို့မဟုတ်၊အရေးမကြီး သေးသောအရုပ်ကိုအကွက်တကွက်သို့ရွှေ့နေရစဉ်အတွင်း၊ တဘက်စစ်ထိုး သူကငင်း၏ရွှေ့လှည့်တွင်ရွှေ့ပြီးသောအခါ၊ မိမိဘက်က ရွှေ့ရန် အကွက် ကောင်းအကွက်သာများဖြစ်ပေါ်လာတတ်၏၊သာ၍ကောင်းသောနေရာ၌ မိမိ စစ်ရုပ်ကိုပြင်ထားရခြင်းအားဖြင့်၊မိမိဘက်ကစစ်ပွဲမရှုံးနိုင်၊စစ်စ 'နယ်ထက်' ကောင်းလျှင်၊ စစ်ပွဲတပွဲ၏ ထက်ဝက်နိုင်သည်မည်၏။ ။အသုံးမကျသော ကျေးဇူးမရှိသောရွှေ့ခြင်းများကိုမပြုသင့်။အကွက်ကျ၍၊ အရေးပါမှသာရွှေ့ရန် ရွှေ့ကွက်ကို ချန်ထားရမည်၊အကျိုး မရှိလျှင် အလုံးချင်း လဲမပစ်သင့်။ ။ 'စစ်လည်' ဆုံး၍'စစ်ဆုံး'သို့ရောက်လျှင်၊မြင်း၂ကောင်ဟည်း ကျန်အောင်မပြု သင့်၊မြင်း၂ကောင်နှင့်တဘက်ကမင်းကြီးကိုမသတ်နိုင်။ ။မည်သည့်အခါ မဆို၊စစ်ဥပဒေအရသာ၊ စစ်ထိုးကစားရမည်၊ရွှေ့ပြီးသည့်အရုပ်ကို ပြန်မယူ နှင့်၊မိမိ၏အရုပ်ကိုစားသွားလျှင်ပြန်မတောင်းနှင့်၊ရွှေ့နိုင်မည့် အချိန်အခါသို့မ ရောက်မချင်းမည်သည့်အရုပ်ကိုမျှမကိုင်မထိနှင့်၊စစ်ရုပ်များကိုလည်း ဖြည်း ညှဉ်းငြိမ်သက်စွာကိုင်ယူရွှေ့သွားရာ၏၊ဤကဲ့သို့ပင်'ဟော့ဖါး'ဆိုသူအင်္ဂလိပ် လူမျိုး၊စစ်ဘုရင်ဆရာကြီးကရေးသားထား၏။ ။အင်္ဂလိပ်စစ်ဘုရင်၌လည်း ရှေးအခါကအချိန်ကိုကန့်သတ်လျက်၊အချိန်နှင့်၊စစ်ထိုးလေ့မရှိ၊ ယခုအခါမှာ မူကားတနာရီလျှင်၊တဘက်အတွက်၊၁၅ကွက်ရွှေ့၊အကွက်—၂၀ ရွှေ့စသည် ဖြင့်၊အချိန်အတိုင်းရွှေ့ရ၏၊တနာရီလျှင်—၁၅—ခါ ရွှေ့ဖြစ်သောကြောင့်၊ တ ကွက်ကိုရွှေ့ရန်—၄—မိနစ်ထက်မကြာစေရဟုမဆိုလို၊တဘက်လျှင် တနာရီ ထက်မပိုသောအချိန်တွင်—၁၅—ခါရွှေ့ရမည်၊၁၆—ခါရွှေ့မိလျှင်၊အချိန်ပို၍အ ရှုံးခံရ၏၊မင်းကြီးကိုရွှေ့ထား၍အခြားအကွက်၊အရုပ်များကိုလည်းသွားခွင့်မရှိ လျှင်တမိနစ်နှင့်ငင်းမင်းကြီးကိုရွှေ့ရ၏၊ရွှေ့ကွက်လွတ်အောင်ပြုပေးရ၏၊ ၂—မိ နစ်ကြာသွားလျှင်ရှုံး၏။ ။စစ်ဘုရင်ထိုးသူတိုင်းပင် အချိန်ကို ကန့်သတ် လျက်ထိုးလေ့ထိုးထပြုသင့်၏၊အချိန်နှင့်လေ့ကျင့်ထားခြင်းကြောင့်၊မကြာသင့် သောရွှေ့ကွက်တွင်မကြာစေဘဲ၊ ရွှေ့သွားရာ၌လည်းလျင်မြန်၍၊ အကွက်မြင် သန်လာသဖြင့်၊ ဉာဏ်ထက်မြက်လာ၏၊ အချိန် ကန့်သတ်၍ မထားမိက၊ ၁၂၅၇—ခုနှစ်တွင်၊အမေရိကပြည်တွင်စစ်တပွဲထိုးရာ၊(၁၅)နာရီကြာသည် ဟု၊မေဆင်—ဆိုသူအင်္ဂလိပ်လူမျိုး စစ်ဘုရင် ဆရာကြီးက ရေးသားဖော်ပြ ထား၏။ ။တကွက်ရွှေ့ရန် ၅ မိနစ်၊ ငင်းထက် အလွန်၊ ၁၀ မိနစ်ထက် နောက်မကျစေဘဲ၊ရွှေ့သွားရန်ဥပဒေပြုလုပ်ထားသင့်၏၊ ဆိုရာတွင်၊ တနာရီ

လျှင်—၁၅-ကွက်ရွှေ့။အကွက်—၂၀—ရွှေ့ရမည်ဟူသော ဥပဒေကို မဖျက်ရာ။ ။ရွှေ့ရန်အကွက်ကိုလည်းသိထားပါလျက်။ကြာလွန်းလျှင်တဘက်က စစ်ထိုးသူ၏ အငြိုပျက်စေရန်။ လစ်လပ် ပေါ့လျော့စေရန် ရည်သန် စိတ်ထားပါလျှင်အမှားပင်ဖြစ်သည်ဟု အယူရှိကြ၏။ စစ်ထိုးရာတွင် အကွက်မှန်မှန်ရွှေ့ရာ၏။ အကွက်မဆိုးရာ။ ။" ဝိရိယလွန်းသော်ဥဒ္ဓစ္စဖြစ်၍ " ပြန့်လွင့်တတ်သည်။သတိသည်လွန်သည်မရှိသဖြင့်။အစဉ်သဖြင့်။သတိသမ္ပဇဥ်ကိုယှဉ်စေရာ၏။ "သတိမမူဂူမမြင်" ဆိုဘိသကဲ့သို့။သတိလစ်၍ စစ်ရှုံးသူသာများချေသည်။မိမိကနိုင်ခွင့်ရှိလျှင်။ အမြန်ဆုံးနည်းဖြင့်။နိုင်အောင်ပြုလုပ်ရမည်။ရထား၁၆ ကွက်လိုက်သတ်ရာ။ ၁၂ ကွက်နှင့်သေအောင်သတ်နိုင်ပါလျက်။၁၆ကွက်တိတိကျမှသေစေမည်ဟုမပြုလုပ်သင့်။ ။မိမိကနိုင်ခွင့်မရှိလျှင်။ ဖစ်ရည်နိမ့်လျှင်။သရေပွဲရအောင် မြန်မြန်ပြုလုပ်ရမည်။ ခံကွက်များကိုနောက်အခက်များ၌သော်ပြထား၏။သတိထား၍အစဉ်လေ့ကျင့်မှတ်သားထားသင့်၏။ ။အရပ်တရပ်ကိုရွှေ့လျှင်။ စဉ်းစဉ်းစားစား။ မနှောင့်မနှေး။ သင့်မတင့်လျော်မလျော်ဆုံးဖြတ်ပြဌာန်းပြီးမှသာရွှေ့ရမည်။အလျှင်စလို။ ဟိုအကွက်လိုလို။သည်အကွက်လိုလို။ရွှေ့ရန်မပြုသင့်။နှမြောလျက်။ နောင်တ,ရရန်ရှိလျက်နှင့်လည်း။၎င်းအရပ်ကိုမရွှေ့နှင့်။ ။မိမိကစစ်နေစစ်ထားမသာလျှင်၊ တဘက်ကိုစစ်'စ'ရန်တိုက်ခိုက်ရန်။စစ်အားသာစေရမည်။ စစ်နေစစ်ထားလည်းမကောင်း စစ်အားလည်းမသာဘဲ။တိုက်ခိုက်။'စ'တင်။ ရန်ရှာမိလျှင်။ မိမိပင်ဒုက္ခရောက်တတ်သည်။မိမိသည်တဘက်ကစစ်ထိုးသူထက်အတတ်သာလျှင်မူကား။ မိမိပြုလိုရာပြုနိုင်၏။ ။စစ်ပွဲတိုင်း၌(သတိမမူဂူမမြင်)ဟူသောအကွက်မျိုး။လစ်လပ်သောစစ်နေ စစ်ထားမျိုးဖြစ်ပေါ်လာစမြဲဖြစ်၏။ ထိုအခါတွင်အခွင့်သာလျှင်။ 'လသာတုန်းဘိုင်းငင်ရမည်' ဟူသော စကားကဲ့သို့။ မိမိကကျေးဇူးရှိအောင်။ 'စ'တင်တိုက်ခိုက်ရမည်။ ခံစစ်ချည်း သက်သက်မထိုးရာ၊ မရွှံ့မကြောက်ရာ။ ။မိမိကတဘက်က စစ်ကိုဖြိုဖျက်မည်ပြုလျှင်။ မည်သည့်အကွက်။မည်သည့်နေရာက၊ 'စ'တင်ဖြိုဖျက်မည်ဟုအကြံပြုရမည်။ အကြံရပြီးနောက်။အကြံအောင်စေရန်၊ ၎င်းအကွက်။၎င်းနေရာသို့၊ မိမိဘက်ကစစ်အလုံးအရင်းကိုတစုဘဝေးတည်းသွားရောက်ရွှေ့မှနိုင်အောင်မြန်စွာပြုလုပ်ရာ၏။ ။မိမိမင်းကြီးကိုတဘက်ကရထားနှင့်အုပ်ကွက်ခံရလျှင်နစ်နာတတ်၏။အုပ်ကွက်ဘုပ်ခွေကွက်။ပေါက်ကွက်။ပေါက်ခွေကွက်။ နှစ်ထပ်ခွေကွက်။ခွခွေကွက်။ မခံရအောင်၊အထူးဂရုပြုလျက်၊ ကြည့်ရှုစဉ်းစား၍ သွား—ရွှေ့—ခွေ-လဲခြင်းတို့ကိုပြုရာ၏။ ။စစ်ထိုးသူမရှိလျှင် စစ်ခုံတွင် တယောက်တည်း အကွက်ရှာခြင်း။ လေ့ကျင့်ထားခြင်းသည်လည်းများစွာအကျိုးရှိ၏။ မိမိထက်တတ်သောသူကို၊ -

အလုံးချစေလျက်။ရထား။မြင်း။ဆင်။တို့ကို ဘွေနယ်တင်စေလျက် ထိုးလေ့ထိုးထပြုလျှင်လည်း။ ၎င်းသူထံမှနည်း[illegible]နိုင်၏။ မိမိသက်တ[illegible]ချမ်းသူများသိုးကစားရာတွင်အနားကနေလျက်မှတ်သားထားနိုင်သရွေ့မှတ်သားထားလေ့ပြုရာ၏။စစ်ဘုရင်ထိုးခြင်း၌ အတွက်နှင့် စဉ်းစားဉာဏ်ရှိခြန် ၂ သက်လုံးကြည့်ထိုးရန်အလိုသုံးအချက်ကြီးများဖြစ်၏။ ။စိတ်နှင့်အလုပ်လုပ်ရသောကြောင့်၎င်း။ စိတ်ကြည်လင်မှဉာဏ်ရွှင်သောကြောင့်၎င်း။ စိတ်ကိုကြည်လင်ဖြေစွာထားလျက်စစ်ထိုးရာ၏။စိတ်မဆိုးသင့်၊ရှုံးတတ်၏။(ငါးသိုင်းများလျှင်ဟင်းဟုန်မည်) ဆိုးသောကြောင့်။ဤမျှနှင့်ပင်ရပ်ဆိုင်းလိုက်ပါသည်။



အခန်း ၁၅။

အခြေခံရရန်ထိုးပြသောပဋ္ဌမစစ်ပွဲ။

ပုံ ၂၆၂။

				ရ		ရ	
		မ	မြ	ဆ	မြ		
		ဆ	စ	နံ	နံ	နံ	နံ
နံ	နံ	နံ	နံ				
				နံ နီ	နံ နီ	နံ နီ	နံ နီ
နံ နီ	နံ နီ	နံ နီ	နံ နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အထက်ဘက်က 'မြင်းခွ' စစ်တည်နည်းဖြစ်၏။ကြည့်မြင်တိုင်၌သချရှိနေသော ဦးမှတ်သည်။ ၎င်းအနက်ဘက်က နေထိုး၏။ အောက်က 'မြင်းထပ်'စစ်တည်နည်းဖြစ်၏။ စန်းချောင်း ဦးစိန်ဟင်းသည်။ ၎င်းအနီဘက်ကနေထိုး၏။

ပုံ ၂၆၃။

				ရ		ရ	
		မ	မြ	ဆ	မြ		
		ဆ	စ	နံ	နံ	နံ	နံ
နံ	နံ	နံ	နံ			နံ နီ	
				နံ နီ	နံ နီ		နံ နီ
နံ နီ	နံ နီ	နံ နီ	နံ နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

၃၉—၃၁။ ။၃၉နံပါတ်အကွက်ကနယ်နီကို။၃၁ နံပါတ် အကွက်သို့ရွှေ့သည်။ ။မှတ်ချက်။ ။မြင်းထပ်ဘက်ကတည်ရှိသော နယ်ရှစ်လုံးအနက်။ဤနယ်သည်'စ'၏ စစ်တက်ရန်အကောင်းဆုံးဖြစ်၏။ ၄၂နှင့်၄၄က နယ်တို့ကိုလည်း ၃၄။၃၆ အသီးအသီးသို့ တက်သူလည်း တက်ကြ၏။ ၄၅ ကစစ်ကဲကိုလည်း ၃၆သို့လိမ်၍စစ်'စ'တက်သူလည်းရှိ၏။

ပုံ ၂၆၄။

အနက်။

				ရ		ရ	
		မ	မြ	ဆ	မြ		
		ဆ	စ		န	န	န
န	န	န	န	န		န နီ	
				န နီ	န နီ		န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၁—၂၉။ ။၂၁နံပါတ်ကနယ်နက်ကို၂၉နံပါတ်သို့ ရွှေ့သည်။ ။မှတ်ချက်။ ။မြင်းခွ ဘက်က အခကောင်းဆုံးနယ်တက်ခြင်းဖြစ်၏။၂၈ နံပါတ်ကနယ်နက်နှင့် ၃၇နံပါတ်က နယ်နီကိုလည်း စားလေ့ရှိ၏။ ဤသို့ စားရာ။၃၆ နံပါတ်ကမြင်းနီကိုစား၍ ခွကွက်ရှိသောကြောင့်။ 'ကွက်ပူ' ဖြစ်၏။

ပုံ ၂၆၅။

အနက်။

				ရ		ရ	
		မ	မြ	ဆ	မြ		
		ဆ	စ		န နီ	န	န
န	န	န	န	န			
				န နီ	န နီ		န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၃၁—၂၂။ ။၃၁ အကွက်က နယ်နီနှင့် ၂၂ အကွက်က နယ်နက်ကိုစားသည်။ ။မှတ်ချက်။ ။ကွက်စီးမည်စိုးသောကြောင့်။ ဤနယ်ချင်းအလုံးလဲလေ့ရှိ၏။ ၂၂၌ ရှိသော ၎င်းနယ်နီနှင့်၁၃က ဆင်နက်မပြေးလျှင်။ ၎င်းဆင်နက်ကိုစားနိုင်၍ ကွက်ပူဖြစ်၏။

ပုံ—၂၆၆။

အနက်။

				ရ		ရ	
		မ	မြ		မြ		
		ဆ	စ	ဆ	န နီ	န	န
န	န	န	န	န			
				န နီ	န နီ		န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၆၇။

အနက်။

				ရ		ရ	
		မ	မြ		မြ		
		ဆ	စ	ဆ	န နီ	န	န
န	န	န	န နီ	န			
					န နီ		န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ၂၆၆။ ၁၃—၂၁။ ။၁၃အကွက်ကဆင်နက်ကို။ ၂၁ အကွက်သို့ရွှေ့သည်။ ။မှတ်ချက်။ ၂၂ကနယ်နီကို စားနိုင်သော်လည်း။ ကွက်ဦးရအောင်။ဆင်နက်ကို ရွှေ့တည့်တည့်ထိုးထားသည်။ ၂၉ ကနယ်နက်နှင့် ၃ဂကနယ်နီကိုလည်းစားနိုင်၏။ ၂ဂ ကနယ်နက်နှင့် ၃၇ကနယ်နီကိုလည်းစားနိုင်၏။၂ဂကနယ်နက်ကို ၃၆သို့ရွှေ့နိုင်၏။

ပုံ၂၆၇။၃၇—၂ဂ။ ။၃၇ကနယ်နီနှင့်၂ဂကနယ်နက်ကိုစားသည်။ ။မှတ်ချက်၊ ။ဆင်နက်၂ကောင်ကို ခွ၍စားထား သောကြောင့် တွက်ပုဖြစ်၏။

ပုံ ၂၆ဂ။

အနက်။

				ရ		ရ	
		မ	မြ		မြ		
			စ	ဆ	န နီ	န	န
န	န	န	ဆ	န			
					န နီ		န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၁၉—၂ဂ။ ။၁၉က ဆင်နက်နှင့်၂ဂကနယ်နီကိုစားသည်။ ။မှတ်ချက်။ ။တွက်ပုပျက်စေရန် နယ်ကို စားရ၏။ ၁၂ကမြင်းနက်နှင့် ၂၂က နယ်နီကို စားနိုင်သော်လည်း။ ဆင်နက်နှင့်နယ်နီကိုအလုံးမလဲနိုင်ချေ။

ပုံ ၂၆၉။

အနက်။

				ရ		ရ	
		မ	မြ		မြ		
			စ	ဆ	န နီ	န	န
န	န	န	ဆ	န နီ			
							န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
	•	ရ နီ		ရ နီ			

အနီ။

၃ဂ—၂၉။ ။၃ဂက နယ်နီနှင့်၂၉ကနယ်နက်ကိုစားသည်။ ။မှတ်ချက်၊ ။၂၂ကမိမိဘက် နယ်နီနှင့်ဆက်မိ။ ၄င်းကိုကယ်မိသည်အပြင်။ စစ်ကဲနက်ကိုလည်း စားနိုင် သေး၏။ ၃၇ကနယ်နီကို၂ဝကစစ်ကဲနက်နှင့်စားနိုင်၏။၄၆ကမြင်းနီနှင့်၄င်းစစ်ကဲနက်ကိုစားလျှင်။ ၁၂ကမြင်းနက်နှင့်သော်၄င်း။ ၁၄က မြင်းနက်နှင့်သော်၄င်း။၄င်းမြင်းနီကိုပြန်စားနိုင်၏

ပုံ—၂၇၀။

အနက်။

				ရ		ရ	
		မ	မြ		မြ		
				ဆ	န နီ	န	န
န	န	န	ဆ	စ			
							န နီ
န နီ	န နီ	န နီ	န နီ	စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၀—၂၉။ ။၂၀က စစ်ကဲနက်နှင့်၂၉ကနယ်နီကိုစားသည်။ ။မှတ်ချက်။ ။ကွက်ပူကို ဖြည့်ကွက်ဖြစ်၏။ စစ်ကဲနက်နှင့်မစားဘဲ။ မြင်းနက်၂လုံးတွင်။ တလုံးလုံးနှင့်စားလျှင်။ မြင်းချင်းအလုံးလဲနိုင်၏။

ပုံ ၂၇၁။

အနက်။

				ရ		ရ	
		မ	မြ		မြ		
				ဆ	န နီ	န	န
န	န	န	ဆ	စ			
			န နီ				န နီ
န နီ	န နီ	န နီ		စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၄၄—၃၆၊ ။၄၄ကနယ်နီကို၃၆ သို့ရွှေ့သည် ။စစ်ကဲနက်ကို နယ်နီနှင့် တိုက်သည်။သို့ရာတွင်။ စစ်ကဲနက်ကို အစားမခံဘဲ၂၇က။နယ်နက်နှင့် နယ်နီကိုစားနိုင်၏။ ၄၂ ကနယ်နီကို ၃၄ သို့ရွှေ့သူများလည်းရှိ၏။ အနက်ဘက်ကမင်းကြီးထိပ်လင်းစေရန်ကြံ၍ထက်လေ့တက်ထရှိ၏။

ပုံ ၂၇၂။

အနက်။

				ရ		ရ	
		မ	မြ		မြ		
				ဆ	န နီ	န	န
န	န		ဆ	စ			
		န	န နီ				န နီ
န နီ	န နီ	န နီ		စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၇၃။

အနက်။

				ရ		ရ	
		မ	မြ		မြ		
				ဆ	န နီ	န	န
န	န		ဆ	န နီ			
		န					န နီ
န နီ	န နီ	န နီ		စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၇၂။

၂၇-၃၅။ ။၂၇ကနယ်နက်ကို။ ၃၅သို့ရွှေ့သည်။စစ်ကဲနက်ကိုအစါး ကျွေးခဲ့ပြီးလျှင်။ ကွက်ဦး ရအောင်။ နယ်နက်ကိုတက်သည်။စစ်ကဲနက်ကို နယ်နီနှင့်စားလျှင်။မြင်းနီ ၂ကောင်မှာ နေ၍။စားပစ်နိုင်၍။၎င်းနယ်နီကို ဆင်နက်နှင့်လည်းစားပစ်နိုင်၏။ ၂၉ကစစ်ကဲနက်ကိုနယ်နီနှင့်အစားမခံဘဲ။ ၂၂ ကနယ်နီကိုစစ်ကဲနက်က သုတ်၍စားနိုင်၏။

ပုံ-၂၇၃။

၃၆-၂၉။ ။၃၆က နယ်နီနှင့် ၂၉ ကစစ်ကဲနက်ကိုစားသည်။ စစ်ကဲနှင့်နယ်သည်အများအားဖြင့်။ စစ်ကဲကအဘိုးတန်သောကြောင့်။ စစ်ကဲနက်ကို နယ်နီနှင့် စားသည်။ မိမိဘက်ကနယ်နီနှင့်လည်း ဆက်မိသည် ရှေ့ကနယ်ကိုနောက်ကနယ်ကကယ်သည်ဟု၍လည်းဆိုနိုင်၏။

ပုံ ၂၇၄။

အနက်။

				ရ		ရ	
		မ	မြ		မြ		
				.	န နီ	န	န
န	န		ဆ	ဆ			
		န					န နီ
န နီ	န နီ	န နီ		စ နီ	မြ နီ	ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၀-၂၉။ ။၂၀က ဆင်နက်နှင့်။ ၂၉ကနယ်နီကိုစားသည်။ ရှေ့သို့ ဆင်ကွက်ရောက်အောင်နယ်နီကိုစား၏။ မြင်းနက် ၂ ကောင်အနက်။ တကောင်ကောင် နှင့်လည်း စားနိုင်၏။ နောက် တလှည့်တွင် ၂၂ ကနယ်နီကိုလည်းဆင်သုတ်၍စားနိုင်သေး၏။

ဆုတ်

ပုံ ၂၇၅။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					န နီ	န	န
န	န		ဆ	မြ နီ			
		န					န နီ
န နီ	န နီ	န နီ		စ နီ		ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၄၆-၂၉။ ။၄၆က မြင်းနီနှင့် ၂၉ကဆင်နက်ကိုစားသည်။ဆင် ၂ ကောင်ယှဉ်လျက်ရှေ့သို့ ရောက်လာကြသောကြောင့်။ဆင်နက်တကောင်ကိုမြင်းနီနှင့် အလုံးချင်းလဲပစ်၏။ မြင်းနှင့်ဆင်ကိုအလုံးလဲရာ။ အများအားဖြင့်မြင်းကိုကြိုက်သူများ၏။

ပုံ ၂၇၆

အနက်

				ရ		ရ	
		မ			မြ		
					နံ နီ	နံ	နံ
နံ	နံ		ဆ	မြ			
		နံ					နံ နီ
နံ နီ	နံ နီ	နံ နီ		စ နီ		ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၁၂—၂၈။ ။၁၂ က မြင်းနက်နှင့်။ ၂၈ ကမြင်းနီကို စားသည်။ မြင်းနက်ရှေ့သို့ ရောက်စေရန် မြင်းနီကို စား၏။ ဆင်နက်ကို စားသွားသော မြင်းနီဖြစ်သောကြောင့်စားရ၏။ ၁၄ ကမြင်းနက်နှင့်ဖြစ်စေ။ ၅ က ရထားနှင့်ဖြစ်စေ။ ၂၈ က မြင်းနီကို စားလိုလျှင်စားနိုင်၏။

ပုံ ၂၇၈။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					နံ နီ	နံ	နံ
နံ	နံ		ဆ				
		နံ	စ နီ				နံ နီ
နံ နီ	နံ နီ	နံ နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ၊

ပုံ ၂၇၇။

အနက်။

				ရ		ရ	
		မ			မြ		
					နံ နီ	နံ	နံ
နံ	နံ		ဆ	မြ			
		နံ	စ နီ				နံ နီ
နံ နီ	နံ နီ	နံ နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၄၅—၃၆။ ။၄၅ ကစစ်ကဲနီကို ၃၆ သို့ရွှေ့သည်။ ၂၈ က မြင်းနက်ကိုမောင်းသည့်ပုံပေါ်၍သည်း ဆိုနိုင်၏။ ၄၃ ကနယ်နီနှင့်လည်းစစ်ကဲနီဆက်မိသည်။ စစ်ကဲနီသည် အကွက်မြဲ၍။ မိမိနေရာဟောင်းမှရှေ့သို့လည်း တကွက်ရောက်သွား၏၊

ပုံ ၂၇၉။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					နံ နီ	နံ	နံ
နံ	နံ		ဆ				
နံ နီ		နံ	စ နီ				နံ နီ
	နံ နီ	နံ နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၇၀။၂၈—၁၂။ ။၂၈က မြင်းနက်ကို ၁၂ သို့ရွှေ့သည်။ မြင်း ပြန်ပြေးသည်။၂၈ မှ၄၄ သို့ချန်၍ခ ထား၂လုံးကိုခွနိုင်သော်လည်း။ ဆင် နီနှင့်မြင်းနီ ခြိနေလေသည်။ မြင်းချင်း လဲပြီးလျှင်နယ်နက်ကိုအခဲ့ယူ၍ ဆင် နှင့် စားပစ်မည်။သို့မဟုတ်။ဆင်နှင့်လဲ ၍နယ်နက်ကိုမြင်းနီနှင့်စားနိုင်၏။

ပုံ ၂၀၀။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					န နီ	န	န
န			ဆ				
န		န	စ နီ				န နီ
	န နီ	န နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၆—၃၃။ ။၂၆ က နယ်နက် နှင့်။ ၃၃ ကနယ်နီကို စားသည့်။ နယ် ချင်းအလုံးလဲပစ်သည်။ ၄၂ ကနယ်နီ နှင့်၃၃ ကနယ်နက်ကိုစားလျှင်အနက် မင်းကြီး၏ ရှေ့တည့်တည့်က၃၅ နံ ပါတ် တွင်နယ်နက် ရှိနေသေးသော ကြောင့်။အနက်မင်းကြီး ဘက်ကရပ် တရက်ထိပ် မလင်းနိုင်။

ပုံ ၂၇၉၊ ၄၁—၃၃။ ။၄၁ ကနယ်နီကို၃၃ သို့ရွှေ့သည်။ သူတ ပါး၏မင်းကြီးရှေ့ကထိပ်လင်းစေရန်။ မိမိဘက်ကနယ်နှင့်တက်ဖျက်၏။နယ် တက်ဖျက်သည်။'ဖျက်ကွက်' ဟူ၍ ခေါ်လေ့ရှိကြ၏။

ပုံ ၂၀၁။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					န နီ	န	န
န			ဆ				
န		န နီ	စ နီ				န နီ
		န နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၄၂—၃၅။ ။၄၂ က နယ်နီနှင့် ၃၅နယ်နက်ကိုစားသည်။နယ်ချင်းအလုံးလဲ၍ ဆင်ကိုစားရန်ကွက်ပူ ဖြစ် ၏။အနက်ဘက်က၂၅နှင့်၃၃ နံပါတ် များတွင်။နယ် ၂—လုံးထပ်လျက်ရှိနေ ၏။ဤကဲ့သို့ ရှိနေခြင်းကို အင်္ဂလိပ်စစ် ဘုရင်ဆရာကြီးတို့ကမနှစ်သက်ချေ။ သို့ရာတွင်။ မြန်မာစစ်ဘုရင်၌အရေး မကြီးလှချေ။

ပုံ ၂၀၂။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					န နီ	န	န
န							
န		ဆ	စ နီ				န နီ
		န နီ				ဆ နီ	
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၀—၃၅။ ။၂၀က ဆင်နက်နှင့်၃၅က နယ်နီကိုစားသည်။ကွက်ပူဖြစ်၍၊ နယ်နီကိုဆင်နက်နှင့်စားပစ်ရ၏။ အနက် ဘက်ကစစ် ကဲပဟလုံးငယ်နေသည်ကို၊ စစ်ကဲ ပလုံးမရှိသည်ကိုသတိပြုသင့်၏။

ပုံ ၂၀၃။

အနက်။

				ရ		ရ	
		မ	မြ		မြ		
					န နီ	န	န
န							
န		ဆ	စ နီ		ဆ နီ		န နီ
		န နီ					
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၄၇--၃၀။ ။၄၇ ကဆင်နီကို ၃၀သို့ရွှေ့သည်။၅၂ကဆင်ကို ၄၄ သို့ထိုး၍ ၃၅က ဆင်နှင့် လည်း အလုံးလဲနိုင်၏။သို့ရာတွင်။ ဤဆင်နီ ကို ရွှေ့သွားလျှင်။၅ကရထားနက်နှင့်၆၁ ကရထားနီကိုအလုံးချင်း လဲပစ်သော အခါ။၅၉ကရထားနီနှင့် ပြန်စားနေရမည်ဖြစ်၍၊၁၁ကမင်းနီကိုအချပ်ကွက် ပျက်သွားမည်။

ပုံ ၂၀၄၊ အနက်။

				ရ		ရ	
		မ			မြ		
					မြ	န	န
န							
န		ဆ	စ နီ		ဆ နီ		န နီ
		န နီ					
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၀၅။ အနက်။

				ရ		ရ	
		မ			မြ		
					မြ	န	န
န				ဆ နီ			
န		ဆ	စ နီ				န နီ
		န နီ					
			ဆ နီ		မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၀၄။ ၁၂—၂၂။ ။၁၂ က မြင်းနက်ကို၂၂သို့ရွှေ့သည်။၃၀ က ဆင်နီနှင့် စစ်ကဲနီကိုဆက်လျက် ၂၂ က နယ်နီကို လာကယ် မည်ဖိုး၍။ မြင်းနက်နှင့် နယ်နီကို စားပစ်သည်။

ပုံ ၂၀၅။၃၀—၂၉။ ။၃၀က ဆင်နီကို ၂၉သို့ ရွှေ့သည်။စစ်ကဲနက်နှင့်ဆက်၍။မိမိရထားလမ်းကနေပြီးလျှင် ၂၂ကမြင်းနက်ကို ဆင်နီနှင့်ထိုးသည်။ ၁၄ကမြင်းနက်နှင့်စားပစ်လျှင်။ ၃၆ကစစ်ကဲနီနှင့် ပြန်စားနိုင်သည်။

ပုံ ၂၀၆။

အနက်။

				ရ		ရ	
		မ			မြ		
						န	န
န				ဆနီ			မြ
န		ဆ	စနီ				နနီ
		နနီ					
			ဆနီ		မြနီ	မနီ	
		ရနီ		ရနီ		.	

အနီ။

၂၂—၃၂။ ။၂၂က မြင်းနက်ကို။၃၂သို့ ရွှေ့သည်။ မြင်းနက်ရှောင်၍မိမိ၏။နယ်ဦးမှာ ချထားသည်။၂၂က ၁၂သို့ပြန်ချထားလျှင် ၂၉ကဆင်နှင့်၂၁ကခွထိုးမည်ဖြစ်သောကြောင့် မြင်းတလုံးလုံးနှင့်ဆင်နှင့် အလုံးမလဲချင်၍မြင်းကို ရှောင်ထား၏။ ၂၀သို့ မြင်းချန်လျှင်လည်း ဆင်နှင့် ပင်ခွထိုးနိုင်၏။

ပုံ ၂၀၇။

အနက်။

				ရ		ရ	
		မ			မြ		
						န	န
န				ဆနီ			မြ
န		ဆ	စနီ				နနီ
		နနီ	ဆနီ				
					မြနီ	မနီ	
		ရနီ		ရနီ			

အနီ။

၅၂—၄၄။ ။၅၂က ဆင်နီကို။၄၄သို့ ရွှေ့သည်။ မိမိ၏ မြင်းချက်ကနေ၍ဆင်ချင်း ထိုးသည်။ အလုံးလဲနိုင်၏။ ဆင်နက်ကအလုံးမလဲဘဲရှောင်သွားလျှင်။ဆင်နီသည် ရှေ့သို့တကွက် ရောက်၏။ရှေ့သို့ ဆင်ကွက်ရောက်စေရန်။အကွက် မြင့်မစေရန်ဆင်လိုက်၏။

ပုံ ၂၀၇။

အနက်။

				ရ		ရ	
		မ			မြ		
						နံ	နံ
နံ				ဆင်နီ			မြ
နံ			စ နီ				နံ နီ
		နံ နီ	ဆ				
					မြ နီ	မ နီ	
		ရ နီ		ရ နီ			

အနီ။

၃၅—၄၄။ ။၃၅ကဆင်နက်နှင့်။၄၄ ကဆင်နီကိုစါးသည်။ဆင်နီရှေ့သို့မတိုးစေရန်။အနက်ဘက်ကဆင်ချင်း အလုံးလဲပစ်၏။ဆင်နက်ကစ၍မစားဘဲ။၁၄ကမြင်းနက်နှင့် ၂၀ကနေ၍ကယ်ထားလျှင်၂၉ကဆင်နီနှင့်မြင်း နက်ကို နီနှင့်ဝါးခွဲပြုနိုင်သောကြောင့် ဆင်နက်ကိုအလုံးပိုပေးရမည်။မြင်းကယ်မမြဲရာဟူသာစကားထင်ရှားရှိ၏။

ပုံ ၂၀၈။

အနက်။

				ရ		ရ	
		မ			မြ		
						နံ	နံ
နံ				ဆင်နီ			မြ
နံ			စ နီ				နံ နီ
		နံ နီ	မြ နီ				
						မ နီ	
		ရ နီ		ရ နီ			

အနီ။ ၅၅

၅၅—၄၇။ ။ကမြင်းနီနှင့်။၄၄ကဆင်နက်ကိုစားသည်။အလုံးချင်း လဲသောကြောင့် မြင်းနီနှင့်ဆင်နက်ကိုစားရ၏။ အနက်ဘက်က။ စစ်ကဲတလုံးနည်းနေသေး၏။ အလုံးကြီးချင်းတူ နေသော်လည်း။ အနက်ဘက်ကမြင်း ၂ကောင်။အနီဘက်ကဆင်နှင့်မြင်းဖြစ်နေ၏။

ပုံ ၂၉၀။

အနက်။

				ရ		ရ	
		မ			မြ		
							နံ
နံ				ဆင်နီ		နံ	မြ
နံ			စ နီ				နံ နီ
		နံ နီ	မြ နီ				
						မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၉၁။

အနက်။

				ရ		ရ	
		မ			မြ		
							နံ
နံ		မြ နီ		ဆင်နီ		နံ	မြ
နံ			စ နီ				နံ နီ
		နံ နီ					
						မ နီ	
		ရ နီ		ရ နီ			

အနီ။

ပုံ ၂၆၀။၂၃—၃၁။ ၂၃က နယ်နက်ကို၃၁သို့ရွှေ့သည်၊ နယ်နီကိုစား၍ ပေါက်ကွက်ရှိ၏။ နယ်နက်နှင့်၄၀က နယ်နီကိုစားလျှင်၊ မင်းနီသည်ရထားနက်၏လမ်းကျ နေသည်ကို "မင်းပေါက်သည်"ဟု ခေါ်၏။ ပေါက်ခွေဟုအနက်ဘက်က ပြောရ၏။၄၀ကနယ်နီနှင့် ၃၁ကနယ်နက်ကို စားလျှင်၇ကရထားနှင့် ၎င်းနယ်နီကို စား၍မင်းနီကိုခွေမည်၊

ပုံ ၂၆၁။၄၄—၂၇။ ၄၄က မြင်းနီကို၂၇ [illegible]သည်။၂၁ ရှိဒိမ် ဘက်ကဆင်၏ဦးကသော်၎င်း။ ၁၇ ကသော်၎င်း။ ခွေကွက်ရှိ၍ မြင်းနီကို ခုန်သည်။ ၃၁ကနယ်နက်ကို ၄၀က နယ်နီနှင့်စားလျှင်။၇ကရထားနက်နှင့် စားခွေရှိ၍။ ရထားပေါက်လွယ်မည် စိုးသောကြောင့်မိမိက နယ်နှင့်ပဋ္ဌမ အလုံးမလဲချေ။

ပုံ ၂၆၂။

အနက်။

				ရ		ရ	
					မြ		
		မ					နိ
နိ		မြ နီ		သ နီ		နိ	မြ
နိ			စ နီ				နိ နီ
		နိ နီ					
						မ နီ	
		ရ နီ		ရ နီ			

အနီ။

၁၁—၁၆။ ။၁၁က မင်းနက်ကို။၁၆သို့ရွှေ့သည်။ မြင်းနီနှင့်အခွေမခံရစေရန်။ မြင်းနီသို့ ပြားကပ်သည်။"ပြားကပ်။ မှန်ကူနှစ်ပွင့်ဆိုင်"နှင့်မြင်းကိုကပ်ထားလျှင် ၎င်းမြင်းကမခွေနိုင်။ကွက်လိမ် စားလည်းရှိ၏။၁၄ကမြင်းနက်နှင့် ၂၆က ဆင်နက်ကိုစား၍ စစ်ကဲနီ ရွှေ့သွားလျှင် မြင်းနီလွတ်ကျန်နေခဲ့မည်။

ပုံ ၂၆၃။

အနက်။


				ရ		ရ	
					မြ		
		မ					နိ
နိ				သ နီ		နိ	မြ
မြ နီ			စ နီ				နိ နီ
		နိ နီ					
						မ နီ	
		ရ နီ		ရ နီ			

အနီ။

၂၇—၃၃။ ။၂၇က မြင်းနီနှင့် ၃၃ကနယ်နက်ကိုစားသည်။ ၄၀က မိမိနယ်နီကိုလည်းစားတော့မည်ဖြစ်၍။ နယ်နက်ကို မြင်းနီနှင့် စားထားသည်၊ မင်းကြီး အနက်သည် အချုပ်ကွက်ခံနေရသည်ဟုပြောလေ့ ရှိ၏။ ကွက်လိမ်စားရှိ၍ မြင်းနီကို ရှောင်ထားသည်။

ပုံ ၂၆၄။


အနက်၊



အနီ။

ပုံ ၂၆၅။

အနက်။




အနီ။

၃၁--၄၀။ ။၃၁က နယ်နက်နှင့်။၄၀ကနယ်နီကိုစားသည်။ နယ်နီကိုစား၍ပေါက်ခွေလှင်၏။ အနီဘက်ကသာ ဘောမှာပေါက်ခွေ ရှိသော်လည်းမိမိ၏မင်းနီကိုမိမိ၏ အခြားစစ်ရုပ်များရှိရာသို့သွားလိုသော ဆန္ဒရှိဟန်တူ၏။

၅၅–၅၄။ ။၅၅က မင်းနီကို။၅၄သို့ရွှေ့သည်။ မင်းတင်နိုးသည်။မင်းကြီးကို ရထားနှင့် ခွေ၍ ရှောင် ပေးရလေသည်။ ကာကွက် အလုံးချင်းလဲကွက်လည်းမရှိချေ။

ပုံ ၂၆၆။


အနက်။



အနီ။

ပုံ ၂၆၇။

အနက်၊



အနီ၊

ပုံ ၂၆၆။ ၁၄—၃၁။ ။၁၄က မြင်းနက်ကို။၃ ၁သို့ရွှေ့သည်။ ~~[illegible]~~ ကိုခွေနိုင်၏။ရထားလေးလုံးကိုမူကား သခုထက်ထိမရွှေ့ရသေး။ စစ်ထိုးခါ စသူများမှာမူကားဆင်နီ ဒိတ်မထား ဒ်ကပင်။ရထားချင်းအလုံး လဲချင်၏။ ၅ကရထားနှင့်သော်၎င်း။၇ကရထား နှင့်သော်၎င်း။၆ကနေ၍ခွေနိုင်၏။

ပုံ၂၆၇။၅၄—၄၅။ ။၅၄ကမင်းနီကို ၄၅သို့ရွှေ့ ~~[illegible]~~ ၁ကမြင်း နီနှင့်အခ ခွေ မခံရစေရန်၎င်း။ နယ်နီ၊ စစ်ကဲနီ၊ ဆင်နီ။မြင်းနီတို့နှင့်စုပေါင်း၍မင်းနက် ရှိရာသို့လိုက်ရန်။မင်းနီကို ရှေ့သို့တိုး ပေး၏။၃ ၁ကမြင်းနီနှင့်"မှန်ကူနှစ်ပွင့် ဆိုင်"ရွှေ့ထားသည်။

ပုံ ၂၆၈။

အနက်။

				ရ	ရ		
		မ					နိ
နိ				ဆ နီ		မြ	မြ
မြ နီ			စ နီ				နိ
		န နီ		မ နီ			
		ရ နီ		ရ နီ			

အနီ။

၇—၆။ ။၇ ကရထားနက်ကို ၆သို့ရွှေ့သည်။ဒိဒိ၏ မြင်းချက် ဖြစ်သော ၄၆ကနေ၍ မင်းနီကို ခွေနိုင်၏။

ပုံ ၂၆၉။

အနက်။

				ရ	ရ		
		မ					နိ
နိ				ဆ နီ		မြ	မြ
မြ နီ			ပ နီ				နိ
		န နီ	မ နီ				
		ရ နီ		ရ နီ			

အနီ။

၄၅—၄၄။ ။၄၅က မင်းနီကို။၄၄သို့ရွှေ့သည်။ရထားနှင့် ခွေလျှင်။ စစ်ကဲနှင့်ကာခုန်။ ရထား ချင်းပြိုင်ကာရန်။သို့မဟုတ် မင်းနက် ရှိရာသို့လိုက်ရန်အကွက်ပြောင်းရ၏။ မင်းနီကို မရွှေ့ဘဲ။ ၆၁ ရထားနီကို ၆၂ သို့ရွှေ့၍ရထားခြင်းလည်း ပြိုင်နိုင်၏။

ပုံ ၃၀၀။

အနက်။

				ရ	ရ		
		မ					န
န				ဆနီ			မြ
မြနီ			စနီ				န
		နနီ	မနီ		မြ		
		ရနီ		ရနီ			

အနီ။

၃၁—၄၆။ ။၃၁က မြင်းနက်ကို။၄၆သို့ရွှေ့သည်။၆၃က ရထားနီကိုမြင်းချသွားသည်။၂၉က ဆင်နီကို စားနိုင်၏။ အလုံးလဲနိုင်၏။ အနီဘက်ကစစ်ကဲရှိ၏။ အနက်ဘက်ကစစ်ကဲ မရှိသော်လည်း။ နယ်ပိုနေ၏။

ပုံ ၃၀၁။

အနက်။

				ရ	ရ		
		မ					န
န				ဆနီ			မြ
မြနီ			စနီ				န
		နနီ	မနီ	ရနီ	မြ		
		ရနီ					

အနီ။

၆၁—၄၅။ ။၆၁က ရထားနီကို ၄၅သို့ရွှေ့သည်။ မြင်းချက်ကို ရှောင်လျက်။မြင်းနက်ကို ရထားနီနှင့် အချပ်ထားသည်။မြင်းမှာ ရထားတယ်(တည်)သည်ဟုပြောလေ့ရှိ၏။

ပုံ—၃၀၂။

အနက်။

				ရ	ရ		
						မြ	
		မ					န
န				ဆနီ			
မြနီ			စနီ				န
		နနီ	မနီ	ရနီ	မြ		
		ရနီ					

အနီ။

ပုံ ၃၀၃။

အနက်။

				ရ	ရ		
						မြ	
		မ					န
န				ဆနီ			
မြနီ			စနီ				န
